# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**အလျှုဒါနကို ဝမ်းမြောက်နိုင်၏**

စေးနည်းဝန်တိုသူတို့သည် နတ်ပြည်သို့ မရောက်နိုင်ကြကုန်။ လူမိုက်တို့သည် အလှူဒါနကို မချီးမွမ်းကြကုန်။ ပညာရှိသည်သာ အလှူဒါနကို ဝမ်းမြောက်နိုင်၏။ ထိုဝမ်းမြောက်မှုကြောင့်သာလျှင် ထိုပညာရှိသည် တမလွန်ဘဝ၌ ချမ်းသာရ၏။

လောကဝဂ် (ဓမ္မပဒ-၁၇၇)


၁၃၈၃ ခုနှစ်၊ တပေါင်းလကွယ်နေ့ ၂၀၂၂ ခုနှစ်၊ မတ် ၃၁ ရက်၊ ကြာသပတေးနေ့ အတွဲ (၆၁)၊ အမှတ် (၁၈၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၂)တွင် အမှာစကားပြောကြား

## ကိုဗစ်-၁၉ ရောဂါကို အတိုင်းအတာတစ်ခုအထိ ထိန်းသိမ်းနိုင်ပြီဖြစ်သဖြင့် ယခုနှစ်သင်္ကြန်ပွဲတော်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကျင်းပပြုလုပ်ရန် ခွင့်ပြုထားပြီးဖြစ်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၂/၂၀၂၂)တွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် မတ် ၃၀

ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး (၂/၂၀၂၂)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အစိုးရအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ✻


**ယနေ့** *ဖတ်စရာ*


**သဘောထားကွဲလွဲမှုကို ဖြေရှင်းနိုင်မယ့် ကိုယ်ရည်ကိုယ်သွေး**
ဆောင်းပါး စာ - ၁၀

**(၇၇)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်ထားရှိသည့် နေပြည်တော်ရှိ တပ်မတော်ပန်းခြံနှင့် သူရဲကောင်းဗိမာန်(နေပြည်တော်)နှင့် ရန်ကုန်မြို့ရှိ တော်လှန်ရေးပန်းခြံတို့၌ လာရောက်လေ့လာ အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိ**
ပြည်တွင်းသတင်း စာ - ၁၈

**လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုလာစေမည့် ရေဝတီတံတား(သရက် - အောင်လံ)**
ဆောင်းပါး စာ - ၂၀

မြန်မာ့အလင်း

# သုတေသနရလဒ်ကောင်းတို့ကို လက်တွေ့အကောင်အထည်ဖော်

သုတေသနဟူသော ဝေါဟာရတွင် သုတနှင့် သေနတို့ ပေါင်းစပ်ပါဝင်သည်။ သုတသည် အကြား၊ အမြင်ဖြစ်၍ သေနသည် ရှာမှီးခြင်းဟူ၍ ဖြစ်ရာ သုတေသနဆိုသည်မှာ အကြောင်းအရာတစ်ရပ်ကို ခြေခြေမြစ်မြစ် သိရှိနိုင်ရန် လေ့လာရှာဖွေဖော်ထုတ်ခြင်းပင်ဖြစ်သည်။ မသိသေးသည့်အရာကို သိလာခြင်းအားဖြင့် ပို၍တိုးတက်အောင် ပြုလုပ်လာနိုင်ခြင်းကြောင့် စိုက်ပျိုးရေးသုတေသန၊ ဆေးသုတေသန၊ သစ်တောသုတေသန၊ နိုင်ငံသမိုင်းသုတေသန၊ ရှေးဟောင်းသုတေသန စသည်ဖြင့်ဌာနများဖွဲ့စည်းကာ နယ်ပယ်အလိုက် သုတေသနပြုလုပ်ကြရခြင်းပင်ဖြစ်သည်။ သို့ဖြစ်သည့်အတွက် အကြောင်းအရာတစ်ရပ်ကို သုတေသနပြုလုပ်ပြီးစီးသည့်အခါ စာတမ်းတစ်စောင်၊ လက်တွေ့ပြသမှုတစ်ခုမျှတွင် လမ်းမဆုံးသွားစေဘဲ လက်တွေ့အသုံးချရလဒ်များ ထွက်ပေါ်လာအောင် အကောင်အထည်ဖော် သွားကြရမည်ဖြစ်သည်။

သုတေသနလုပ်ငန်းများကို သုတေသီပညာရှင်များက ပြုလုပ်ကြပြီး ၎င်းတို့အတွက် လုံလောက်သော ရန်ပုံငွေ၊ ဓာတ်ခွဲခန်း၊ စက်ကိရိယာများနှင့် ကျွမ်းကျင်ဝန်ထမ်းများ၊ နည်းပညာဆိုင်ရာ စာအုပ်စာတမ်းများ စသည်တို့ ဖြည့်ဆည်းပေးရန် လိုအပ်သည်။ မိမိတို့နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် နည်းပညာပိုင်းဆိုင်ရာများ တစ်ဟုန်ထိုးတိုးတက်လာခြင်းမှာ သုတေသနလုပ်ငန်းများအတွက် ပုံအော၍ ရင်းနှီးမြှုပ်နှံမှုများ၏ ရလဒ်ဖြစ်သည်။ ဉာဏ်ရည်တု (AI)နည်းပညာအပါအဝင် အချို့သော နည်းပညာများတွင် တရုတ်က ကမ္ဘာ့ထိပ်တန်းနိုင်ငံကြီးဟုဆိုသော အမေရိကန်ကို ကျော်တက်သွားနိုင်ခဲ့ခြင်းမှာ တရုတ်နိုင်ငံ၏ အဆပေါင်းများစွာ သာလွန်သော သုတေသနလုပ်ငန်းများနှင့် ယင်းမှ ထွက်ပေါ်လာသည့် စာတမ်းပေါင်းများစွာတို့ကြောင့်ပင် ဖြစ်သည်။ တရုတ်နိုင်ငံသည် မျိုးချစ်သိပ္ပံပညာရှင်များကို မြေတောင်မြှောက်ပေးလျက်ရှိပြီး ၂၀၂၅ ခုနှစ်တွင် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးနယ်ပယ်၌ ရင်းနှီးမြှုပ်နှံမှု အမြောက်အမြား တိုးမြှင့်သွားမည်ဖြစ်ကြောင်း၊ ၂၀၃၀ ပြည့်နှစ်တွင် ပြည်တွင်းရှိ ပါရမီရှင်များကို မြေတောင်မြှောက်ပေးရန်နှင့် ၂၀၃၄ ခုနှစ်တွင် မဟာဗျူဟာကျသည့် သိပ္ပံပညာဖြင့် ကမ္ဘာကို ဦးဆောင်သွားမည်ဖြစ်ကြောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ရှီကျင့်ဖျင်က ပြောကြားထားသည်။

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကို အားထားလုပ်ကိုင်နေရသည့် လယ်ယာစီးပွား အဓိကနိုင်ငံဖြစ်ရာ စိုက်ပျိုးရေးကဏ္ဍ ခေတ်မီတိုးတက်ရေးအတွက် သုတေသနလုပ်ငန်းများစွာ လိုအပ်သည်။ ရရှိလာမည့် သုတေသနရလဒ်များမှ နိုင်ငံတော်နှင့် တောင်သူများအတွက် အကျိုးရှိစေမည့်ရလဒ်များကို လက်တွေ့အကောင်အထည်ဖော်နိုင်ရေးအတွက်လည်း ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ သုတေသနလုပ်ငန်းများမှာ ရပ်တန့်သွားသည်ဟူ၍ မရှိဘဲ ရှေးဦးရလဒ်ကို အခြေပြုကာ နောက်တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်သုတေသနပြုသွားခြင်းအားဖြင့် အသစ်အသစ်သော ထပ်မံတွေ့ရှိမှုများ ထွက်ပေါ်လာကာ ပို၍တိုးတက်လာမည်ဖြစ်သည်။ မိမိတို့ထက်ပို၍ ခေတ်မီတိုးတက်နေသည့် အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံတို့မှ နည်းနာများကိုလည်းရယူ၍ ကိုယ့်နိုင်ငံနှင့်ကိုက်ညီမည့် နည်းလမ်းများကို သုတေသနပြုခြင်းအားဖြင့်လည်း နည်းပညာသစ်များကို ပိုမိုလွယ်ကူ လျင်မြန်စွာ ရရှိနိုင်သည်။

ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားအကျိုးစီးပွား ဖော်ဆောင်နိုင်ရေးတို့အတွက် နယ်ပယ်အသီးသီး၊ ကဏ္ဍအသီးသီးတွင် သုတေသနလုပ်ငန်းများ လိုအပ်သည်။ ၎င်းသုတေသနလုပ်ငန်းများ၏ ဦးတည်ရည်မှန်းချက်သည် ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်ဖို့ပင်ဖြစ်ရာ သုတေသနမှ ထွက်ပေါ်လာသည့် ရလဒ်များသည်လည်း လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံနှင့်ပြည်သူအတွက် အကျိုးဖြစ်ထွန်းနိုင်ပါစေကြောင်း။ ။



## နေပြည်တော်ရှိ တပ်မတော်ပန်းခြံသို့ အများပြည်သူ မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုအပန်းဖြေလေ့လာနိုင်ရန် ဖွင့်လှစ်ထားရှိမည်

(၇၇)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော်ရှိ တပ်မတော်ပန်းခြံ၌ ရေပန်းများ၊ မီးအလှများ တပ်ဆင်ထားရှိပြီး တပ်မတော်နေ့ အထိမ်းအမှတ် မီးရှူးတိုင်၊ ပထမ၊ ဒုတိယ၊ တတိယမြန်မာနိုင်ငံတော်ကို ထူထောင်ခဲ့သော အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရား မင်းမြတ်သုံးပါး ရုပ်တုတို့အား အများပြည်သူ မည်သူမဆို ဝင်ရောက်ကြည့်ရှုအပန်းဖြေလေ့လာနိုင်ရန် တပ်မတော်ပန်းခြံအား မတ်လ ၂၈ ရက်မှ ဧပြီလ ၁ ရက်အထိ နေ့စဉ် ညနေ ၅ နာရီမှ ည ၉ နာရီခွဲအထိ ဖွင့်လှစ်ထားရှိမည်ဖြစ်ပြီး မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

## မူဆယ်-နမ့်ခမ်းကုန်သွယ်ရေး ကုန်သည်များအသင်း (၂၆) ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီစည်းဝေး

**မူဆယ် မတ် ၃၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်-နမ့်ခမ်း ကုန်သွယ်ရေး ကုန်သည်များ အသင်းခန်းမ၌ မူဆယ်-နမ့်ခမ်း ကုန်သွယ်ရေး ကုန်သည်များအသင်း (၂၆)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။



ရှေးဦးစွာ မူဆယ်-နမ့်ခမ်း ကုန်သွယ်ရေး ကုန်သည်များ အသင်းဥက္ကဋ္ဌ ဦးစိုင်းနွံ့က မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ပို့ဆောင်ရေးများကို ကိုဗစ်-၁၉ ကြောင့် ပိတ်ထားခဲ့ရသဖြင့် ကုန်သွယ်ရေးများ ခက်ခဲကြန့်ကြာမှုရှိနေကြောင်း၊ နယ်စပ်ကုန်သွယ်ရေးများ ဖြည့်ဆည်းပေးရမည်များရှိခဲ့သော် အချိန်မရွေး ချိတ်ဆက်ဆက်သွယ်နိုင်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အထွေထွေအတွင်းရေးမှူး ဦးသန်းထိုက်က မူဆယ်-နမ့်ခမ်း ကုန်သွယ်ရေး ကုန်သည်များအသင်း အလုပ်အမှုဆောင်အဖွဲ့၏ နှစ်ပတ်လည် အစီရင်ခံစာတွင် မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေးအသင်းကို ၁၉၉၀ ပြည့်နှစ်မှစ၍ ဖွဲ့စည်းတည်ထောင်ခဲ့ကြောင်း၊ နယ်စပ်ဒေသ စီးပွားရေး/ကုန်သွယ်မှုလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ဆက်လက်ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ အသင်းသားများ၏ ရည်ရွယ်ချက်များနှင့် အသင်းအတွက် နာယကအဖွဲ့၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့၊ အမှုဆောင်အဖွဲ့အသစ် ဖွဲ့စည်းမှုကို အတည်ပြုကြောင်း ပြောကြားသည်။

အဆိုပါ အခမ်းအနားတွင် စီးပွားရေးနှင့် ကူသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းလွင်၊ ဒေါက်တာထိန်လင်း၊ မူဆယ်ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မိုး၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အထွေထွေ အတွင်းရေးမှူးချုပ် ဦးအေးဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ မူဆယ်-နမ့်ခမ်း ကုန်သည်ကြီးများအသင်းတွင် အသင်းဝင် စုစုပေါင်း ၇၈၇၁ ဦး ရှိကြောင်း သိရသည်။

**ဇင်မောင်(မူဆယ်)**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မတ် ၃၀**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေး စခန်းများမှ နှောင့်နှေး ကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီနှစ်ခု၊ ယာဉ်စီးရေ ငါးစီးဖြင့် နှာခေါင်းစည်း Mask ၃၅ တန်ကို တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက် ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေး ကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားပါကြောင်း သိရသည်။

**သတင်းစဉ်**

**❍ ဒီဇယ်ဆီကိုအသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်ယူသုံးစွဲလျက်ရှိသည့် ဒေသများတွင် ဒေသအလိုက် လျှပ်စစ်မီးရရှိရေးအတွက် နေ့ပိုင်းတွင် အသုံးပြုနိုင်ရန် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်**

**❒ နေရောင်ခြည် ကောင်းစွာရရှိသည့် ဒေသများတွင်လည်း နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အား ထုတ်လုပ်သုံးစွဲခြင်းဖြင့် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားရယူသုံးစွဲမှုကို လျှော့ချနိုင်မည်**

**❒ ထိုသို့ဆောင်ရွက်မည်ဆိုပါက လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာတွင် အသုံးပြုသည့် ရေနှင့်ဂတ်စ်များ ပိုလျှံလာမည်ဖြစ်ပြီး ညပိုင်းလိုအပ်ချက် ပိုမိုထုတ်လုပ်နိုင်ခြင်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများနှင့် စက်ရုံအလုပ်ရုံများတွင် အသုံးပြုနိုင်**

**◆ သယ်ယူပို့ဆောင်ရေးသုံး စက်သုံးဆီများနေရာတွင် လျှပ်စစ်ဓာတ်အားများဖြင့် အစားထိုးနိုင်ရေးနည်းလမ်း၊ စက်သုံးဆီဖူလုံအောင်ဆောင်ရွက်သည့် နည်းလမ်း၊ ပိုလျှံအောင်ပြုလုပ်ရသည့် နည်းလမ်းများကို ရှာဖွေဆောင်ရွက်**

**⁜ လတ်တလောဖြေရှင်းရာတွင် ဆိုလာမီးများဖြင့် အစားထိုးဆောင်ရွက်ခြင်း၊ ဒုတိယနည်းလမ်းမှာ နောင် နှစ်နှစ်သုံးနှစ်ခန့်တွင် ပြီးစီးလာမည့် စီမံကိန်းများဖြစ်၊ အဆိုပါစီမံကိန်းများ အမြန်ဆုံးပြီးစီးစေရန်အတွက် ဆောင်ရွက်ရန်လို**



ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး ရှင်းလင်းတင်ပြစဉ်။




ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦး ရှင်းလင်းတင်ပြစဉ်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း ရှင်းလင်းတင်ပြစဉ်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ရှင်းလင်းတင်ပြစဉ်။

*⁜ ရှေ့ဖုံးမှ*

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၏ တင်ပြချက်**

အစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက နိုင်ငံတော်၏ စိုက်ပျိုးမြေများ အသုံးချမှု၊ အဓိကသီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်မှုနှင့် ထွက်ရှိမှု၊ အထွက်နှုန်းတိုးတက်ရေးအတွက် စိုက်နည်းစနစ်ပြုပြင်ပြောင်းလဲရေး၊ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် စိုက်ပျိုးရေပေးဝေနိုင်မှု၊ ပြည်တွင်း ဆီစားသုံးမှု၊ ပြည်တွင်းစားသုံးဆီဖူလုံရေးတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆီထွက်သီးနှံများစိုက်ပျိုးနိုင်ရေး အထူးဇုန်များ ဖော်ထုတ်ဆောင်ရွက်သွားမည့် အစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး၏ တင်ပြချက်**

ထို့နောက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦးက နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မှုနှင့်သုံးစွဲမှု၊ ၂၀၂၃ ခုနှစ်တွင် လျှပ်စစ်ဓာတ်အား တိုးမြှင့်ထုတ်လုပ်နိုင်ရန် စီစဉ်ထားရှိမှု၊ ဆက်လက်ဆောင်ရွက်မည့် ရေအားလျှပ်စစ်၊ လေအားလျှပ်စစ်၊ အပူစွမ်းအင်သုံးနှင့် ဆိုလာလျှပ်စစ်ထုတ်လုပ်ရေးစီမံကိန်းများမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေး စီစဉ်ဆောင်ရွက်နေမှု၊ နယ်စပ်ဖြတ်ကျော် Interconnection စီမံကိန်းများ ဆောင်ရွက်နေမှုနှင့် လက်ရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီး၏ တင်ပြချက်**

ယင်းနောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက ပြည်ပမှ စက်သုံးဆီတင်သွင်းမှုနှင့် ဈေးနှုန်းမှန်ကန်တည်ငြိမ်ရေးဆောင်ရွက်နေမှု၊ ကဏ္ဍအလိုက် စက်သုံးဆီသုံးစွဲနေမှု၊ ပြည်တွင်း ထုတ်လုပ်နိုင်မှု၊ ပြည်သူများ သက်သာသောဈေးနှုန်းဖြင့် သုံးစွဲနိုင်ရေးအတွက် အလှည့်ကျစနစ်ဖြင့် ရောင်းချပေးနေမှု၊ ပြည်ပမှ စားသုံးဆီတင်သွင်းမှု လျှော့ချနိုင်ရေးဆောင်ရွက်နေမှု၊ စားအုန်းဆီဈေးနှုန်းတည်ငြိမ်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ကျန်းမာရေးဝန်ကြီး၏ တင်ပြချက်**

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးရရှိမှုနှင့် ထိုးနှံပေးနိုင်မှု၊ တတိယလှိုင်းနှင့် စတုတ္ထလှိုင်းတို့တွင် ကြိုတင်ပြင်ဆင်မှုနှင့်တုံ့ပြန်ဆောင်ရွက်မှု၊ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လက်ရှိအချိန်အထိ ကာကွယ်ဆေးထိုးနှံပြီးစီးမှု၊ ၂၀၂၂-၂၀၂၃ ကျောင်းဖွင့်ရာသီတွင် ၁၂ နှစ်အောက် ကျောင်းသား ကျောင်းသူများအား ကာကွယ်ဆေးထိုးနှံပေးနိုင်ရန် စီစဉ်ဆောင်ရွက်နေမှု၊ ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များနှင့် တွေ့ကြုံရသည့် အခက်အခဲများ၊ နိုင်ငံတော်၏ လူမှုစီးပွားရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**စားသုံးဆီနှင့် စက်သုံးဆီဖူလုံရေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် **စားသုံးဆီနှင့်စက်သုံးဆီဖူလုံရေး ကိစ္စရပ်များနှင့် ပတ်သက်၍** ဆီနှစ်ဆီဖူလုံရေးအတွက် ယခင်ကတည်းက ပြောကြားခဲ့ကြောင်း၊ စားဆီနှင့် ပတ်သက်၍ တစ်ဦးချင်း ဆီစားသုံးမှုနှုန်းလျှော့ချရေး ဦးတည်ပြောကြားခဲ့ကြောင်း၊ ကျန်းမာရေးအတွက် တစ်ရက်လျှင် လူတစ်ဦးချင်းဆီစားသုံးရန် လိုအပ်မှုမှာ ၂ ဒသမ ၂၅ ကျပ်သားအထိသာ ဖြစ်ကြောင်း၊ ယင်းနှုန်းဖြင့် တစ်နိုင်ငံလုံးအတွက် ဆီလိုအပ်ချက်ကို ခန့်မှန်းတွက်ချက်ခဲ့ရာ မိမိတို့နိုင်ငံ၏ ဆီထွက်ရှိမှုနှင့် လုံလောက်မှုမရှိကြောင်း၊ မိမိတို့နိုင်ငံရှိတစ်ဦးချင်း ဆီစားသုံးမှုသည် မြင့်မားလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ သို့ဖြစ်၍ ဆီစားသုံးမှုကို လျှော့ချရန် လိုအပ်သကဲ့သို့ တစ်ဖက်မှလည်း စားသုံးဆီထုတ်လုပ်မှု တိုးတက်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ဝန်ကြီးချုပ်များက နည်းလမ်းရှာဖွေဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် စိုက်ပျိုးမြေ အလုံအလောက်ရှိပြီး အဆိုပါစိုက်ပျိုးမြေများကို အပြည့်အဝ အသုံးချစိုက်ပျိုးရန်လိုကြောင်း၊ စိုက်ကေများအားလုံးတွင် သီးထပ်စိုက်ပျိုးရေးများဖြင့် စိုက်ပျိုးမည်ဆိုပါက အထွက်များ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ ထိုသို့ သီးထပ်စိုက်ပျိုးမည်ဆိုပါက နွေရာသီကာလတွင် စိုက်ပျိုးရေးအတွက် ရေရရှိရေး နည်းပညာအသုံးပြု၍ ရေတင်စိုက်ပျိုးခြင်းများကို ဆောင်ရွက်နိုင်ပါက ပိုမိုအကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ ဆီအုန်းများစိုက်ပျိုးမှုကို စစ်ဆေးခဲ့ရာ အချို့စိုက်ပျိုးရေး မြေနေရာများတွင် အမှန်တကယ် စိုက်ပျိုးထားမှု မရှိသည်ကိုတွေ့ရှိရသဖြင့် စီမံခန့်ခွဲမှုများတွင် လိုအပ်ချက်များရှိသည်ကို တွေ့ရှိရကြောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက စနစ်တကျ ကြပ်မတ်ဆောင်ရွက်ရန် လိုကြောင်း။

**လက်တွေ့ပြနိုင်ဖို့လို**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က စိုက်ပျိုးရေးနှင့်ပတ်သက်၍ ပြောကြားရာတွင် **“စိုက်ပျိုးရေးနဲ့ ပတ်သက်ရင်လည်း ဒီအတိုင်းပဲ။ ကျွန်တော်တို့က အထွက်နှုန်းနဲ့** ပတ်သက်ရင် တစ်အချက် မြေကိုအကျိုးရှိရှိလုပ်ဖို့ ရှိတယ်။ နှစ်အချက်ကတော့ အထွက်ကောင်းအောင် လုပ်ဖို့ရှိတယ်။ မျိုးမကောင်းဘူးဆိုရင် မျိုးကောင်းအောင် ကျွန်တော်တို့လုပ်ရမယ်။ ဒါစိုက်ပျိုးရေး သုတေသနက လုပ်နေတယ်။ ဒါပေမယ့် စိုက်ပျိုးရေး သုတေသနက သုတေသနရလဒ်ကိုပဲ သူတို့က မျိုးလုပ်လိုက်တာ။ ကျွန်တော်တို့ စီးပွားဖြစ်ပေါ့။ တစ်နိုင်ငံလုံးပျမ်းမျှ စပါးဧက ခုနကပြောတဲ့ ၁၅ သန်း ရှိတယ်။ မိုးစပါးစိုက်တာ။ ဒီမှာ စပါးမျိုးပေါင်း များစွာ ရှိတယ်။ အဲဒီထဲကနေ ရွေးထုတ်ပြီးတော့မှ မျိုးကောင်း ဥပမာအားဖြင့် ပြည်နယ်နဲ့ တိုင်းတစ်ခုမှာ နှစ်မျိုးပဲထား၊ ဥပမာအားဖြင့် ၂၈ မျိုး၊ နေပြည်တော်ပါရင် ၃၀၊ မျိုးပေါင်း ၃၀။ အဲဒီမျိုးပေါင်း ၃၀ ကို တကယ့်ကို အားလုံးလွှမ်းခြုံနိုင်အောင် ထုတ်ပေးနိုင်ဖို့ စီမံရမှာပေ့ါ။ သုတေသနပြုရုံနဲ့မရဘူး။ တွေ့ရှိချက်တစ်ခုနဲ့ မရဘူး။ ဒါနောက်က ဘယ်လိုအကောင်အထည်ဖော်မလဲ။ ဒီလိုသွားရမှာပေ့ါ။ နိုင်ငံတော်ကလုပ်မလား။ နိုင်ငံတော်က လုပ်မယ်ဆိုရင် နိုင်ငံတော်က ဘယ်လိုစီမံမလဲ။ ကျွန်တော်တို့မှာ ဘယ်လိုဖြစ်နေလဲဆိုတော့ သုတေသနတွေ့ရှိချက်တွေနဲ့ သရုပ်ပြတာတို့နဲ့ ပြီးသွားပြီး နောက်က ကျယ်ကျယ်ပြန့်ပြန့်လိုက်နိုင်ဖို့ကျတော့ အားလုံးမပါလာဘူး ဖြစ်နေတယ်။

*စာမျက်နှာ ၄ သို့*

- ၂၀၂၂ ခုနှစ် မေလတွင် တက္ကသိုလ်များ၊ သင်တန်းများအားလုံး ပြန်လည်ဖွင့်လှစ်သွားမည်၊ ယင်းသို့ဖွင့်လှစ်ချိန်တွင် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအားလုံး တက်ရောက်ကြရမည်ဖြစ်
- တက္ကသိုလ်တက်ရောက်မည့် ကျောင်းသား ကျောင်းသူများအား ကျောင်းမတက်ရန် ခြိမ်းခြောက်မှုမျိုးစုံ ရှိလာနိုင်သဖြင့် တာဝန်ရှိသူများအနေဖြင့် လုံခြုံရေးကိစ္စရပ်များ ဆောင်ရွက်ပေးနိုင်ရေး ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်ထားရှိရန်လို

*စာမျက်နှာ ၃ မှ*

အားလုံးက အပေါ်ကနေခိုင်းမှ၊ အပေါ်ကနေလုပ်ပေးမှ လုပ်မယ်ဆိုတဲ့ စိတ်ရှိတယ်။ ဒီလိုလည်း မဖြစ်စေချင်ဘူး။ ဒီလိုတွေရှိပြီဆို ငါတို့ဒေသအတွက် ဘယ်လိုလုပ်မလဲ။ ဒီလိုတော့ သွားစေချင်တယ်။

ဒါက စပါး ဒီလိုပဲနေကြာ။ နေကြာမှာဆိုရင် ဒေသအထွက်ကောင်းမျိုးရှိတယ်။ စပ်မျိုးရှိတယ်။ နှစ်မျိုးရှိတယ်။ အခုကျွန်တော်ကြည့်တယ်။ စပ်မျိုးကတော့ တစ်ဧကကို တင်း ၅၀ လောက် ထွက်တယ်။ ဒေသမျိုးကတော့ ၂၅၊ ၂၆ လောက် ပတ်ဝန်းကျင်ထွက်တယ်။ ဒေသအထွက်ကောင်းမျိုးတွေပေါ့။ ဒါဖြင့် ကျွန်တော်တို့က စပ်မျိုးရအောင် ပြောင်းရမယ်။ ဘယ်လိုပြောင်းမလဲ ဒီဟာကို။ အစည်းအဝေးလုပ်နေလို့မပြီးဘူးလေ။ အကောင်အထည်ဖော်ဖို့လိုတယ်။ မျိုးတွေ၊ မျိုးဘယ်လိုရအောင်လုပ်မလဲ။ ဘယ်လိုနည်းနဲ့ရှာမလဲ။ နိုင်ငံတော်က ဆောင်ရွက်ရမယ်။ ဟုတ်ပြီ နိုင်ငံတော်ကဆို ဘယ်လိုလုပ်မလဲ။ ဒီဟာကို။ ပုဂ္ဂလိက ကလုပ်။ ပုဂ္ဂလိကဆို ဘယ်လိုပေးမလဲ။ အရေးကြီးတာတော့ လက်တွေ့ပြနိုင်ဖို့လိုတယ်” ဟု ပြောကြားသည်။

ဆက်လက်ပြောကြားရာတွင် နိုင်ငံအတွက် အဓိကကျသည့် စိုက်ပျိုးရေးလုပ်ငန်းတွင် မိမိတို့အနေဖြင့် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် လိုအပ်နေသည်ကို ထောက်ပြခြင်းပင်ဖြစ်ကြောင်း၊ ရေမြေသဘာဝအပေါ်မူတည်၍ မိမိတို့ဒေသနှင့် ကိုက်ညီသည့်ရာသီသီးနှံများကို စိုက်ပျိုးရန်လိုကြောင်း၊ မြစ်ရေတင်စီမံကိန်းများကိုလည်း နေရောင်ခြည်စွမ်းအင်သုံး ဆိုလာမီးကို အသုံးပြုဆောင်ရွက်၍ ရကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မည်ဆိုပါက ရေရှားပါးသည့်ဒေသများဖြစ်သည့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် နွေရာသီ၌ပါ စိုက်ပျိုးရေးလုပ်ငန်းကို ဆောင်ရွက်၍ရကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားအားထုတ်မှုများ ပြုလုပ်ရန်လိုကြောင်း။

**လျှပ်စစ်စီမံကိန်းများ အမြန်ပြီးစီးရေး**

**လျှပ်စစ်မီးလိုအပ်ချက်နှင့်ပတ်သက်၍** ဒီဇယ်ဆီကိုအသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်ယူသုံးစွဲလျက်ရှိသည့် ဒေသများတွင် ဒေသအလိုက်လျှပ်စစ်မီးရရှိရေးအတွက် နေ့ပိုင်းတွင် အသုံးပြုနိုင်ရန် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့ဒေသအလိုက် စီမံဆောင်ရွက်သွားကြရန်လိုကြောင်း၊ နေရောင်ခြည်ကောင်းစွာရရှိသည့် ဒေသများတွင်လည်း နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်သုံးစွဲခြင်းဖြင့် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားရယူသုံးစွဲမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်မည်ဆိုပါက လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာတွင် အသုံးပြုသည့်ရေနှင့် ဂတ်စ်များ ပိုလျှံလာမည်ဖြစ်ပြီး ညပိုင်းလိုအပ်ချက်ပိုမိုထုတ်လုပ်နိုင်ခြင်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများနှင့် စက်ရုံအလုပ်ရုံများတွင် အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားသည် စက်မှုလုပ်ငန်းများ၊ ပို့ဆောင်ရေးလုပ်ငန်းနှင့် လူမှုကိစ္စများတွင် များစွာအသုံးပြုနေရကြောင်း၊ စက်သုံးဆီများ မြောက်မြားစွာအသုံးပြု၍ဆောင်ရွက်ရသည့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ စီမံကိန်းလုပ်ငန်းများ၊ စက်မှုလုပ်ငန်းများလည်း များစွာရှိကြောင်း၊ အဆိုပါ သယ်ယူပို့ဆောင်ရေးသုံး စက်သုံးဆီများနေရာတွင် လျှပ်စစ်ဓာတ်အားများဖြင့်အစားထိုးနိုင်ရေး နည်းလမ်း၊ စက်သုံးဆီဖူလုံအောင်ဆောင်ရွက်သည့် နည်းလမ်း၊ ပိုလျှံအောင်ပြုလုပ်ရသည့် နည်းလမ်းများကို ရှာဖွေဆောင်ရွက်ရန်လိုကြောင်း၊ လတ်တလော ဖြေရှင်းရာတွင် ဆိုလာမီးများဖြင့် အစားထိုးဆောင်ရွက်ခြင်း၊ ဒုတိယနည်းလမ်းမှာ နောင် နှစ်နှစ် သုံးနှစ်ခန့်တွင် ပြီးစီးလာမည့် စီမံကိန်းများဖြစ်ကြောင်း၊ အဆိုပါစီမံကိန်းများ အမြန်ဆုံးပြီးစီးစေရန်အတွက် ဆောင်ရွက်ရန်လိုကြောင်း။

**ပို့ကုန်တိုးမြှင့်ရေးဆောင်ရွက်**

**ပို့ကုန်နှင့်ပတ်သက်၍** ပြောကြားရာတွင် စိုက်ပျိုးရေးထုတ်ကုန်များကို စနစ်တကျဖြင့်ထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့နိုင်မည်ဆိုပါက နိုင်ငံတော်အတွက် များစွာအကျိုးရှိမည်ဖြစ်ကြောင်း၊ ထိုသို့တင်ပို့နိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တာဝန်ရှိသူများအားလုံး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန်လိုကြောင်း၊ အလားတူ သွင်းကုန်များကိုလည်း ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ သွင်းကုန်နှင့်ပတ်သက်၍ ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ ပို့ကုန်တိုးမြှင့်အောင်ဆောင်ရွက်၍ အဓိက သွင်းကုန်များဖြစ်သည့် စားသုံးဆီနှင့် စက်သုံးဆီ တင်သွင်းမှုများကို တတ်နိုင်သမျှ လျှော့ချရန်လိုကြောင်း။

**ကိုဗစ်-၁၉ ကာကွယ်ဆေး**
**ရာနှုန်းပြည့် ထိုးနှံပြီးစီးရမည်**

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် ပတ်သက်၍** မိမိတို့အနေဖြင့် ယခင်နှစ် ဒီဇင်ဘာ ၃၁ ရက်အထိ ၅၀ ရာခိုင်နှုန်းပြည့်မီအောင် ထိုးနှံပေးနိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း၊ ဖြစ်နိုင်ခြေကို အနီးစပ်ဆုံးဖြစ်အောင် သုတေသနပြုတွက်ချက် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ၅၀ ရာခိုင်နှုန်း မျှော်မှန်းဆောင်ရွက်ခဲ့ခြင်းဖြစ်သော်လည်း အမှန်တကယ် လုပ်ဆောင်မည်ဆိုပါက ၆၀ ရာခိုင်နှုန်းကျော်သည်အထိ ပြီးစီးအောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ တစ်နေ့လျှင် ကာကွယ်ဆေးထိုးနှံမှု နှစ်သိန်းခွဲရှိပြီး သုံးသိန်းနီးပါး ထိုးနှံနိုင်ခဲ့သည့်နေ့များရှိခဲ့ကြောင်း၊ ထိုနှုန်းအတိုင်းသာ ဆက်လက်ထိုးနှံမည်ဆိုပါက ယခုနှစ် ဖေဖော်ဝါရီနှင့် မတ်လအတွင်း၌ ကာကွယ်ဆေးထိုးနှံမှုကို ရာနှုန်းပြည့်ပြီးစီးသည်အထိ ဆောင်ရွက်နိုင်မည်ဖြစ်ပြီး လူတိုင်းကာကွယ်ဆေးထိုးနှံပြီးစီးမည်ဖြစ်ကြောင်း၊ သို့သော်လည်း အချို့ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဆေးထိုးနှံမှု၌ လိုအပ်ချက်များ ရှိနေသေးသည်ကို တွေ့ရှိရပြီး အကြမ်းဖက်သောင်းကျန်းသူများ ရှိနေသည့်နယ်မြေများမှလွဲ၍ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပြီးစီးအောင် ဆောင်ရွက်နိုင်မည့် အခြေအနေများ ရှိကြောင်း၊ ကာကွယ်ဆေး ထိုးနှံထားမှသာလျှင် ရောဂါဖြစ်ပွားမှုကို အတိုင်းအတာတစ်ခုအထိ ကာကွယ်ပေးနိုင်မည်ဖြစ်သောကြောင့် ဒေသအလိုက် လုံခြုံရေးအစီအမံများဆောင်ရွက်ပြီး ကာကွယ်ဆေးထိုးနှံမှုကို လုပ်ဆောင်သွားနိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း။

**စီမံခန့်ခွဲမှု၌ ဒေသနှင့်ကိုက်ညီသည့် အုပ်ချုပ်မှုပုံစံ**

**စီမံခန့်ခွဲမှုနှင့်ပတ်သက်၍** အစိုးရအဖွဲ့များအနေဖြင့် နိုင်ငံတော်ကို စီမံခန့်ခွဲဆောင်ရွက်ရာတွင် ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့၏ လုပ်ပိုင်ခွင့်ကို အသုံးချ၍ ဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကြပ်ကြပ်မတ်မတ်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပြီး လုပ်ပိုင်ခွင့်ကို အသုံးချ၍ အမြတ်ထုတ်ဆောင်ရွက်ခြင်းများ မဖြစ်ရန်လိုကြောင်း၊ တိုင်းပြည်ကောင်းစားရေးအတွက်ကိုသာ ရှေးရှုဆောင်ရွက်ကြစေလိုပြီး နိုင်ငံရေးကင်းရှင်းရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် အုပ်ချုပ်ရေး၊ စီးပွားရေး၊ လုံခြုံရေး၊ နိုင်ငံရေးအမြင်များရှိရန်လိုကြောင်း၊ အမြင်လေးမျိုးဖြင့် အဘက်ဘက်မှ သုံးသပ်၍ တွေးခေါ်မြော်မြင်စဉ်းစား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနများသည် အစိုးရအဖွဲ့၏ မူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ရည်မှန်းချက်များကို အောင်မြင်အောင် အကောင်အထည်ဖော်ရန် ကွပ်ကဲဆောင်ရွက်ရန်ဖြစ်ပြီး ဝန်ကြီးချုပ်များအနေဖြင့်လည်း မိမိတို့ဒေသနှင့် ကိုက်ညီသည့်အစီအမံများ၊ ကွပ်ကဲအုပ်ချုပ်မှုပုံစံများဖြင့် ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ မိမိတို့အုပ်ချုပ်ဆောင်ရွက်နေရသည့် အချိန်ကာလအတွင်း နိုင်ငံတော်ကိုကောင်းအောင် ကြိုးပမ်းဆောင်ရွက်ခဲ့သည့် မှတ်တမ်းကောင်းများ ကျန်ရှိရန်လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

**အသုံးစရိတ်များ ချွေတာသုံးစွဲ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ဝန်ကြီးဌာနများအနေဖြင့် ဌာနပိုင်မြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံ၊ လုပ်ငန်းများအား ပုဂ္ဂလိကသို့ ငှားရမ်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ မူလစာချုပ်ပါ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ/မရှိ၊ စည်းကမ်းဖောက်ဖျက်မှု ရှိ/မရှိ ပြန်လည်စိစစ် ကြပ်မတ်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ အသုံးစရိတ်များနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနများအလိုက် တတ်နိုင်သမျှ ချွေတာသုံးစွဲကြရန်အတွက် တာဝန်ရှိသူများကလည်း ကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ယင်းသို့ ချွေတာသုံးစွဲခြင်းဖြင့် ကုန်ဈေးနှုန်း ကြီးမြင့်မှုကို တစ်ဖက်တစ်လမ်းမှ ထိန်းသိမ်းနိုင်မည်ဖြစ်ပြီး လုပ်ငန်းများ အမှန်တကယ် တိုးတက်မှုရှိအောင် လုပ်ဆောင်သွားကြရန်လိုအပ်ကြောင်း။

**တက္ကသိုလ်များ ပြန်ဖွင့်မည်**

၂၀၂၂ ခုနှစ် မေလတွင် တက္ကသိုလ်များ၊ သင်တန်းများအားလုံး ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ ယင်းသို့ဖွင့်လှစ်ချိန်တွင် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအားလုံး တက်ရောက်ကြရမည်ဖြစ်ကြောင်း၊ တက္ကသိုလ်တက်ရောက်မည့် ကျောင်းသား ကျောင်းသူများအား ကျောင်းမတက်ရန် ခြိမ်းခြောက်မှုမျိုးစုံရှိလာနိုင်သဖြင့် တာဝန်ရှိသူများအနေဖြင့် လုံခြုံရေးကိစ္စရပ်များ ဆောင်ရွက်ပေးနိုင်ရေး ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်ထားရှိရန်လိုကြောင်း။

**သင်္ကြန်ပွဲတော်ကျင်းပနိုင်ရေး**

ကိုဗစ်-၁၉ ရောဂါကို အတိုင်းအတာတစ်ခုအထိ ထိန်းသိမ်းနိုင်ပြီဖြစ်သဖြင့် ယခုနှစ်သင်္ကြန်ပွဲတော်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကျင်းပပြုလုပ်ရန် ခွင့်ပြုထားပြီးဖြစ်ကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့်လည်း သင်္ကြန်ပွဲတော်ကျင်းပရာတွင် လုံခြုံရေးအသိဖြင့် ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင်းပဆောင်ရွက်သွားရန် လိုကြောင်း၊ အဖျက်အမှောင့်လုပ်ငန်းများသည် ကြိုတင်ခန့်မှန်း၍ မရနိုင်သည့်အတွက် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် လုံခြုံရေးအဖွဲ့များ စနစ်တကျ ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှုန်း လျော့ကျသွားပြီးဖြစ်သော်လည်း ပေါ့ဆ၍မရဘဲ သတိဝီရိယဖြင့် နေထိုင်သွားကြရန်လိုကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေးနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် သတ်မှတ်ရာခိုင်နှုန်းပြည့်မီအောင် ထိုးနှံပေးနိုင်ရေးအတွက် သက်ဆိုင်ရာ ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများအနေဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ **အချို့ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဆေးထိုးနှံမှု၌ လိုအပ်ချက်များ ရှိနေသေးသည်ကို တွေ့ရှိရပြီး အကြမ်းဖက်သောင်းကျန်းသူများ ရှိနေသည့်နယ်မြေများမှလွဲ၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြီးစီးအောင် ဆောင်ရွက်နိုင်မည့်အခြေအနေများရှိ၊ ကာကွယ်ဆေး ထိုးနှံထားမှသာလျှင် ရောဂါဖြစ်ပွားမှုကို အတိုင်းအတာတစ်ခုအထိ ကာကွယ်ပေးနိုင်မည်ဖြစ်သောကြောင့် ဒေသအလိုက် လုံခြုံရေး အစီအမံများဆောင်ရွက်ပြီး ကာကွယ်ဆေးထိုးနှံမှုကို လုပ်ဆောင်သွားနိုင်ရန် လိုအပ်**

# မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၂/ ၂၀၂၂) ကြိမ်မြောက် အစည်းအဝေးကျင်းပ လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းအပါအဝင် လုပ်ငန်းသစ် ခုနစ်ခုခွင့်ပြု

**နေပြည်တော် မတ် ၃၀**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၂/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ရုံးအမှတ်-၁၈ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၌ ကျင်းပပြုလုပ်ခဲ့ရာ အဆိုပါအစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးမှ ဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၂ ခု၏ မတည်ငွေရင်းတိုးမြှင့်ခြင်းအပါအဝင် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍ၊ စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍ၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍတို့မှ လုပ်ငန်းသစ်ခုနစ်ခုကို ခွင့်ပြုခဲ့သည်။ အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏသည် အမေရိကန်ဒေါ်လာ ၈၅ ဒသမ ၇၅၉ သန်းနှင့် ငွေကျပ် ၄၃၃၂၇ ဒသမ ၄၅၅ သန်းရှိပြီး ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၃၅၅၃ နေရာကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ယနေ့အစည်းအဝေးက ခွင့်ပြုခဲ့သောလုပ်ငန်းများတွင် တည်ဆောက်ရေးကာလ ခြောက်လအတွင်း မဂ္ဂါဝပ် ၂၀ နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံတည်ဆောက်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းလည်း ပါဝင်သည်။

၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုခွင့်ပြုမှုအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၄၈ ခုက စုစုပေါင်း အမေရိကန်ဒေါ်လာ ၆၈၄ ဒသမ ၆၈၆ သန်းဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုအနေဖြင့် လုပ်ငန်း ၃၈ ခုက စုစုပေါင်း ငွေကျပ် ၄၆၈၃၉၃ ဒသမ ၅၂၈ သန်းဖြင့် လည်းကောင်း ခွင့်ပြုခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၄၂၈၈၀ ဖန်တီးပေးနိုင်ခဲ့သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၂/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် UNHCR ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၃၀**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Hai Kyung Jun အား ယနေ့မွန်းလွဲ ၃ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ဓါတ်ပုံ)




တွေ့ဆုံစဉ် မြန်မာနိုင်ငံအတွင်းရှိ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသများတွင် နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေမှု၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် UNHCR တို့အကြား ပူးပေါင်းဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးဆိုင်ရာ လုပ်ငန်းစဉ်များ၊ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီက လုပ်ငန်းကော်မတီ ၅ ရပ်အပြင် ပြည်နယ် အဆင့်ကော်မတီများဖွဲ့စည်း၍ လုပ်ငန်းများ ထိရောက်မြန်ဆန်စွာ ဆောင်ရွက်နိုင်မှုကြောင့် ဖြစ်ပေါ်တိုးတက်မှုနှင့် ရှေ့ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အစီအမံများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် မတ် ၃၀**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင် စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်းရှိ မြို့နယ် ၁၅ မြို့နယ်တို့၌ ဒေသခံပြည်သူ ၈၆၆၃ ဦး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် အတွင်းရှိ မြို့နယ် ၁၂ မြို့နယ်၌ ဒေသခံပြည်သူ ၅၄၄၅ ဦး၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်၌ ဒေသခံပြည်သူ ၃၅၀၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၃၅၂ ဦး၊ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိမြို့နယ် ၂၆ မြို့နယ် တို့၌ ဒေသခံပြည်သူ ၁၃၇၁၉ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၀၈၄၀၊ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ ဒေသခံပြည်သူ ၃၁၀၀၀ နှင့် ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နှင့် ပဲခူးမြို့နယ်တို့၌ ဒေသခံပြည်သူ ၂၉၄ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ဒေသတွင်း စိုက်ပျိုး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၃၀**

ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် မတ် ၂၉ ရက် ညနေပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်အောင်နှင့် တာဝန်ရှိသူများသည် ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့ရှိ နယ်မြေခံတပ်ရင်းတွင် မွေးမြူထားရှိသော ဥစားကြက်မွေးမြူရေးခြံ၊ နို့စားနွားမွေးမြူရေးခြံ၊ အသားတိုးနွား မွေးမြူရေးခြံနှင့် ဆိတ်မွေးမြူရေးခြံတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။ (အပေါ်ပုံ)

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ပဥ္စမအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးသို့ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်

## ရာဇဝတ်မှုခင်းဆိုင်ရာ ကိစ္စရပ်များ၌ ဥပဒေပိုင်းဆိုင်ရာ အပြန်အလှန် အကူအညီပေးမှု ဘင်းမ်စတက်ကွန်ဗင်းရှင်းကို လက်မှတ်ရေးထိုးနိုင်မှုတို့ကို ကြိုဆို

နေပြည်တော် မတ် ၃၀

**နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင်သည် ယနေ့ နံနက်ပိုင်းတွင် သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့၌ Hybrid စနစ်ဖြင့် ကျင်းပသည့် ပဥ္စမအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်စား နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်မှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်သည်။** (အောက်ပုံ)




အစည်းအဝေးသို့ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ နီပေါ၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့မှ နိုင်ငံ့ခေါင်းဆောင်များနှင့် ဘင်းမ်စတက်အတွင်းရေးမှူးချုပ်တို့ တက်ရောက်သည်။

အစည်းအဝေးတွင် ဘင်းမ်စတက်အလှည့်ကျဥက္ကဋ္ဌ သီရိလင်္ကာနိုင်ငံမှ သမ္မတ ဂိုတာဘာယာ ရာဂျာပက်ဆာ (H.E. Gotabaya Rajapaksa) က အဖွင့်မိန့်ခွန်းပြောကြားခဲ့ပြီး အခြားဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ တက်ရောက်လာကြသည့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက မိန့်ခွန်းများ ပြောကြားကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က မိန့်ခွန်းပြောကြားရာတွင် ယနေ့ထိပ်သီးအစည်းအဝေးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်စား ပါဝင်တက်ရောက်ရသည့်အတွက် ဂုဏ်ယူမိကြောင်း၊ ယခု ပဥ္စမအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးသည် ဘင်းမ်စတက်ပဋိညာဉ်စာတမ်းနှင့် အခြားအရေးကြီးသော သဘောတူညီချက်များ လက်မှတ်ရေးထိုးနိုင်ခြင်းဖြင့် သမိုင်းတွင်မည့် မှတ်တိုင်တစ်ရပ်ကို စိုက်ထူနိုင်သည်ဖြစ်ရာ အောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်ပေးခဲ့သည့် အိမ်ရှင်သီရိလင်္ကာနိုင်ငံကို ချီးကျူးဂုဏ်ပြုကြောင်း၊ ယခုကဲ့သို့ ဘင်းမ်စတက်ပဋိညာဉ်စာတမ်းကို အတည်ပြုလက်မှတ်ရေးထိုးနိုင်ခြင်းသည် ဘင်းမ်စတက်အဖွဲ့ကြီးအား စည်းမျဉ်းစည်းကမ်းကို အခြေပြုသည့် အဖွဲ့အစည်းအဖြစ်သို့ ရောက်ရှိစေခဲ့ကြောင်း၊ ဘင်းမ်စတက်ပဋိညာဉ်စာတမ်းသည် အချုပ်အခြာအာဏာ တန်းတူရည်တူရှိမှု၊ ပြည်တွင်းရေး ဝင်ရောက်မစွက်ဖက်မှု၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်မှု၊ အပြန်အလှန်လေးစားမှုနှင့် တူညီဆန္ဒအပါအဝင် လက်ရှိကျင့်သုံးလျက်ရှိသည့် ဘင်းမ်စတက်၏ မူဝါဒများကို ထပ်လောင်းအတည်ပြုထားကြောင်း၊ အချုပ်အခြာအာဏာ တန်းတူရည်တူရှိမှုဆိုင်ရာမူဝါဒသည် အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရာ၌ အပြန်အလှန် စိတ်ချယုံကြည်မှုနှင့် အပြန်အလှန်နားလည်ပေးနိုင်မှုကို တိုက်ရိုက်ချိတ်ဆက်ဖြစ်ပေါ်စေကြောင်း၊ ကမ္ဘာ့စီးပွားရေးကျဆင်းနေချိန်တွင် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံ ခုနစ်နိုင်ငံ၏ စုစည်းညီညွတ်မှုဖြင့် "ဒေသတွင်း ကြံ့ကြံ့ခံနိုင်စွမ်းရှိမှု" ကို အခိုင်အမာတည်ဆောက်နိုင်လိမ့်မည်ဟု ယုံကြည်မိကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အကြမ်းဖက်မှုဝါဒသည် လူသားမျိုးနွယ်စုအားလုံးအတွက် လက်မခံနိုင်သည့်ကိစ္စ ဖြစ်ကြောင်း၊ မည်သူကဖြစ်စေ၊ မည်သည့်နေရာတွင်ဖြစ်စေ၊ မည်သည့်အတွက်ကြောင့်ဖြစ်စေ လုပ်ဆောင်လာသည့် အကြမ်းဖက်မှုဟူသမျှကို မလွဲမသွေရှုတ်ချရမည်ဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ ဘင်းမ်စတက်၏ "အပြည်ပြည်ဆိုင်ရာ အကြမ်းဖက်မှု၊ နိုင်ငံဖြတ်ကျော် အုပ်စုဖွဲ့မှုခင်းနှင့် မူးယစ်ဆေးဝါး တရားမဝင် ရောင်းဝယ်ဖောက်ကားမှု တိုက်ဖျက်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကွန်ဗင်းရှင်း" သက်ဝင်လာခြင်းနှင့် ယခုထိပ်သီးအစည်းအဝေးတွင် "ရာဇဝတ်မှုခင်းဆိုင်ရာ ကိစ္စရပ်များ၌ ဥပဒေပိုင်းဆိုင်ရာ အပြန်အလှန် အကူအညီပေးမှု ဘင်းမ်စတက်ကွန်ဗင်းရှင်း" ကို လက်မှတ်ရေးထိုးနိုင်မှုတို့ကို ကြိုဆိုကြောင်း၊ လာမည့်အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်မည့် ထိုင်းနိုင်ငံကိုလည်း ဂုဏ်ယူကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပဥ္စမအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးသို့ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်သည့် အဖွဲ့ဝင်နိုင်ငံအကြီးအကဲများက ဘင်းမ်စတက်ပဋိညာဉ်စာတမ်းကို လက်မှတ်ရေးထိုးကြပြီး လက်မှတ်ရေးထိုးထားသည့် စာမျက်နှာကို တီဗွီဖန်သားပြင်တွင် ပြသသည်။ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လက်မှတ်ရေးထိုးထားသည့် စာမျက်နှာကို အခြားအဖွဲ့ဝင်နိုင်ငံများမှ အကြီးအကဲများ ပြသချိန်တွင် တစ်ပြိုင်တည်း ပြသခဲ့သည်။

အဆိုပါ ထိပ်သီးအစည်းအဝေးတွင် ရာဇဝတ်မှုခင်းဆိုင်ရာကိစ္စရပ်များ၌ ဥပဒေပိုင်း အပြန်အလှန် အကူအညီပေးမှုဆိုင်ရာ ဘင်းမ်စတက်ကွန်ဗင်းရှင်း၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၏ သံတမန်သင်တန်းကျောင်းများအကြား ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာနှင့် ဘင်းမ်စတက် နည်းပညာလွှဲပြောင်းရေး အဆောက်အအုံတည်ထောင်ရေး နားလည်မှုစာချွန်လွှာတို့ကိုလည်း အတည်ပြုလက်မှတ်ရေးထိုးခဲ့ကြသည်။ အဆိုပါသဘောတူညီချက်သုံးခုကို မြန်မာနိုင်ငံ ကိုယ်စား သီရိလင်္ကာနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဟန်သူက ကိုလံဘိုမြို့၌ ကိုယ်တိုင် တက်ရောက်လက်မှတ်ရေးထိုးသည်။

အဆိုပါအစည်းအဝေးတွင် ဘင်းမ်စတက်ပူးပေါင်းဆောင်ရွက်မှုကဏ္ဍများနှင့် ကဏ္ဍခွဲများ ပြင်ဆင်သတ်မှတ်သည့် လုပ်ငန်းစဉ်နှင့် ဘင်းမ်စတက် ပို့ဆောင်ဆက်သွယ်မှုမြှင့်တင်ရေးစီမံချက်တို့ကို အတည်ပြုခဲ့သည်။ ဘင်းမ်စတက်ဖွဲ့စည်းပုံအသစ်အရ မြန်မာနိုင်ငံအနေဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဖူလုံရေးကဏ္ဍ၌ ဦးဆောင်နိုင်ငံအဖြစ် တာဝန်ယူမည်ဖြစ်သည်။

အစည်းအဝေးတွင် သီရိလင်္ကာနိုင်ငံသမ္မတ ဂိုတာဘာယာ ရာဂျာပက်ဆာက ဘင်းမ်စတက်ဥက္ကဋ္ဌရာထူးကို အလှည့်ကျနိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံမှ ဝန်ကြီးချုပ် ပရာယုဒ်ချန်အိုချာ (H.E. General Prayut Chan–o–cha (Retd) )ထံသို့ လွှဲပြောင်းပေးအပ်သည်။

အစည်းအဝေးအပြီးတွင် ပဥ္စမအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေး ကြေညာစာတမ်းကို အဖွဲ့ဝင်နိုင်ငံအားလုံး၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မေလ ၁၂ ရက်တွင် တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များအားလုံး အတန်းစုံ ကျောင်းပြန်ဖွင့်မည်

**နေပြည်တော် မတ် ၃၀**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေသည် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်ပါမောက္ခချုပ်များ၊ ဆရာအတတ်ပညာဦးစီးဌာနရှိ ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးများ၊ အခြေခံပညာဦးစီးဌာနရှိ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးများနှင့် တွေ့ဆုံပွဲကို ယနေ့ ညနေပိုင်းက နေပြည်တော် ပညာရေးဝန်ကြီးဌာန၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အားလုံး ညီညီညွတ်ညွတ် ပူးပေါင်း၍ ပညာရေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်များ၊ ဆရာအတတ်ပညာဦးစီးဌာနရှိ ပညာရေးဒီဂရီကောလိပ်များ၏ အတန်းအားလုံး၊ ဘာသာရပ်အားလုံးကို ၂၀၂၂ ခုနှစ် မေ ၁၂ ရက်တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား ကျောင်းသူများ၏ ပထမနှစ် သင်တန်းများကိုပါ မေ ၁၂ ရက်တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ ဝင်ခွင့်ရတက္ကသိုလ်များ စာရင်းကို သက်ဆိုင်ရာတက္ကသိုလ်အသီးသီးတွင် ဧပြီ ၁ ရက်၌ ကြေညာသွားမည်ဖြစ်ကြောင်း၊ အဝေးသင်တက္ကသိုလ် သင်တန်းများသည် စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် အနီးကပ်သင်တန်း တက်ရောက် ဖြေဆိုကြမည်ဖြစ်ကြောင်း၊ နိုဝင်ဘာလတွင် စာသင်နှစ်ဝက်အသစ်အတွက် တက္ကသိုလ်အတန်းများကို ပြန်လည်ဖွင့်လှစ်မည်ဖြစ်ပြီး ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား ကျောင်းသူများလည်း တက်ရောက်ကာ ပုံမှန်စာသင်နှစ်ဖြင့် ဖွင့်လှစ်သင်ကြားပေးနိုင်ရန် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း။

လက်ရှိ တက္ကသိုလ်ဝင်တန်းစာမေးပွဲနှင့် စာစစ်လုပ်ငန်းများအတွက် လိုအပ်သည်များကို တက္ကသိုလ်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပညာရေးမှူးများ၊ အခြေခံဆရာ ဆရာမများအားလုံး ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မေလ ၁၂ ရက်တွင် တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များအားလုံး အတန်းစုံ ကျောင်းပြန်ဖွင့်မည်ဖြစ်၍ မိမိတို့ကျောင်းအလိုက် သန့်ရှင်းသာယာရေး၊ ဥပဓိရုပ်ကောင်းမွန်ရေးနှင့် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများ အသင့်ပြင်ဆင်ဆောင်ရွက်ထားကြစေလိုပါကြောင်း၊ ကိုဗစ်စင်တာ ဖွင့်လှစ်ခဲ့သော အဆောင်များကို ပိုးသတ်သန့်စင်ထားရမည်ဖြစ်ကြောင်း၊ တက္ကသိုလ်များတွင် BA(Law)နှင့် BA(Eco)



သင်တန်းများ ဖွင့်လှစ်နိုင်ရေးအတွက် သင်ရိုးညွှန်းတမ်းများကို အသင့်ပြင်ဆင်ထားကြစေလိုကြောင်း။

၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းစွာ ဖြေဆိုနိုင်ရေးအတွက် လိုအပ်ချက်များရှိပါက ချက်ချင်းဖြည့်ဆည်း ဆောင်ရွက်ပေးကြစေလိုကြောင်း၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုစဉ်ကာလအတွင်း အမှားအယွင်းမရှိစေရေးနှင့် အောင်မြင်စွာပြီးမြောက်နိုင်ရေးအတွက် ဝိုင်းဝန်းလက်တွဲဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မြင့်နှင့် ဦးဇော်ဝင်းတို့က ကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ စနစ်တကျဆောင်ရွက်ရေးကိစ္စရပ်များကို လည်းကောင်း၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာ စိုးဝင်းနှင့် အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဝင်းထွန်းတို့က လတ်တလောနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို လည်းကောင်း ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး (YMBA) ဗဟို သဘောထားထုတ်ပြန်ချက်

**ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး (YMBA) ဗဟို**

**သဘောထားထုတ်ပြန်ချက်**

**၁၃၈၃ ခုနှစ် တပေါင်းလပြည့်ကျော် (၁၄) ရက်**

**၂၀၂၂ ခုနှစ် မတ်လ (၃၀) ရက်**

ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး (YMBA) သည် ၁၉၀၆ ခုနှစ်မှစတင်တည်ထောင်ခဲ့သော မြန်မာ့လွတ်လပ်ရေးရှေ့ဆောင်အသင်းကြီးဖြစ်သည်။ မြန်မာပြည်တစ်ဝန်းလုံး (၃၈) ဖြာ မင်္ဂလာတရားတော်များ ပြန့်ပွားအောင် ဆောင်ရွက်နေသော အသင်းကြီးဖြစ်သည်။

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသူ နိုင်ငံသူ၊ နိုင်ငံသားအပေါင်းတို့သည် ယခင်က မေတ္တာတရားကြီးမားပြီး အေးချမ်းတည်ငြိမ်မှုကို အလွန်လိုလားသူများဖြစ်သည်။

ယခုအခါ ပြည်တွင်း၊ ပြည်ပ မသမာသူအဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် ပြည်တွင်းတည်ငြိမ်အေးချမ်းမှုကို ဖျက်ဆီးနေသောအမည်ခံအမျိုးမျိုးဖြင့် (PDF) သောင်းကျန်းသူအဖွဲ့အစည်းများသည် ဘုရားစေတီကျောင်းကန်များ၊ ရဟန်းရှင်လူ အပြစ်မဲ့ပြည်သူများနှင့် အစိုးရဝန်ထမ်းများ၊ ဆရာ၊ ဆရာမများအား သတ်ဖြတ်နေခြင်း၊ ခရီးသွားပြည်သူများအား မိုင်းခွဲဖျက်ဆီးခြင်းများ၊ အနိုင်ကျင့်မှုများအား နေ့စဉ်နှင့်အမျှ တွေ့ရှိနေရပါသည်။

ထိုသို့ ပြည်တွင်းတည်ငြိမ်အေးချမ်းမှုကို ဖျက်ဆီးနေသော (PDF) နှင့် မည်သည့်အကြမ်းဖက်အဖွဲ့အစည်းမဆို ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး (YMBA)မှ ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း သဘောထားကြေညာချက်ထုတ်ပြန်လိုက်သည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**

**ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး (YMBA) (ဗဟို)**

## ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအသင်း (ဗဟို) သဘောထားထုတ်ပြန်ချက်

**ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအသင်း (ဗဟို)**

**သဘောထားထုတ်ပြန်ချက်**

**၁၃၈၃ ခုနှစ် တပေါင်းလပြည့်ကျော် (၁၄) ရက်**

**၂၀၂၂ ခုနှစ် မတ်လ (၃၀) ရက်**

ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအသင်း (ဗဟို) သည် မြန်မာပြည်တွင် နေထိုင်ကြသော ကိုးကွယ်မှုမတူညီသော လူ့ဘောင်အဖွဲ့အစည်းအား စည်းလုံးညီညွတ်စွာဖြင့် တစ်ဦးနှင့်တစ်ဦး ညီနောင်သားချင်းပမာ ချစ်ကြည်ရင်းနှီးစွာဖြင့် နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေလိုက်နာနိုင်အောင် ဆောင်ရွက်နေသော အသင်းကြီးဖြစ်သည်။

ယခုအခါ ပြည်တွင်း၊ ပြည်ပ မသမာသူအဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် ပြည်တွင်းတည်ငြိမ်အေးချမ်းမှုကို ဖျက်ဆီးနေသောအမည်ခံအမျိုးမျိုးဖြင့် (PDF) သောင်းကျန်းသူ အဖွဲ့အစည်းများသည် အပြစ်မဲ့ပြည်သူများ၊ အစိုးရဝန်ထမ်းများ၊ ဆရာ၊ ဆရာမများအား သတ်ဖြတ်နေခြင်း၊ ခရီးသွားပြည်သူများအား မိုင်းခွဲဖျက်ဆီးခြင်းများ၊ အနိုင်ကျင့်မှုများအား နေ့စဉ်နှင့်အမျှ တွေ့ရှိနေရပါသည်။

ထိုသို့ ပြည်တွင်းတည်ငြိမ်အေးချမ်းမှုကို ဖျက်ဆီးနေသော (PDF) နှင့် မည်သည့်အကြမ်းဖက်အဖွဲ့အစည်းမဆို ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအသင်း(ဗဟို) မှ ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း သဘောထားကြေညာချက်ထုတ်ပြန်လိုက်သည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**

**ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအသင်း (ဗဟို)**

## မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို) အကြမ်းဖက်လုပ်ဆောင်မှုများကို ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်ချက်

**မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို) အကြမ်းဖက်လုပ်ဆောင်မှုများကို**

**ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်ချက်**

**၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်**

**၂၀၂၂ ခုနှစ်၊ မတ်လ ၃၀ ရက်**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ရေမြေတောတောင် သဘာဝအလှရှုခင်းများ၊ သမိုင်းဝင် အမွေအနှစ် အဆောက်အအုံများဖြင့် တင့်တယ်လှပလျက်ရှိသော နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ ထို့ကြောင့် ပြည်တွင်းခရီးသွားများသာမက ပြည်ပခရီးသွားများကပါ စဉ်ဆက်မပြတ် လာရောက်လေ့လာလျက်ရှိသော နိုင်ငံတစ်နိုင်ငံအဖြစ် တည်ရှိခဲ့ခြင်းဖြစ်ပါသည်။

၂။ ခရီးသွားလုပ်ငန်းသည် နိုင်ငံ့ဝင်ငွေ တိုးတက်ရရှိစေရန် အထောက်အကူပြုသည့် လုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် ၅ ရပ်တွင် **ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်** ဟု ပါရှိပါသည်။ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကိုဗစ်-၁၉ ကာလအတွင်း ထိခိုက်ခဲ့သည့် ပြည်တွင်းပြည်ပခရီးသွားလုပ်ငန်းများ ပြန်လည်တိုးတက်ကောင်းမွန်စေရန်နှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးကို ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်လျက်ရှိကြောင်းကို သိရှိရပါသည်။

၃။ ပြည်တွင်းပြည်ပခရီးသွားများအား သတင်းမီဒီယာများမှတစ်ဆင့် ဖိတ်ခေါ်နိုင်ရန်အတွက် ပြည်တွင်းပြည်ပခရီးသွားများ စိတ်ဝင်စားသည့် အထင်ကရနေရာများအနက်မှ တစ်ခုဖြစ်သော မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ သမိုင်းဝင်ဂုတ်ထိပ်တံတားသို့ နိုင်ငံကျော်အနုပညာရှင်များပါဝင်သည့် အဖွဲ့တစ်ဖွဲ့ကို ပို့ဆောင်၍ မှတ်တမ်းဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

၄။ ထိုသို့ မှတ်တမ်းဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးရေး အနုပညာရှင်အဖွဲ့များ လိုက်ပါစီးနင်းလာသော မီးရထားစက်ခေါင်းအမှတ် DF-2078 ၊ ရထားအမှတ် DDUEZ 12370 လူစီး အထက်တန်းတွဲ နှစ်တွဲ၊ ရိုးရိုးတန်းတွဲ တစ်တွဲ၊ ဘရိတ်တွဲ တစ်တွဲ ပါဝင်သည့် မီးရထားသည် ၂၉.၃.၂၀၂၂ ရက်နေ့တွင် ဂုတ်ထိပ်တံတားမှ ပြင်ဦးလွင်ဘူတာသို့ ပြန်လည်ထွက်ခွာခဲ့ရာ ဂန့်ဂေါ်နှင့် ဆင်လမ်းစုကျေးရွာအကြားသို့ မွန်းလွဲ ၃ နာရီ ၄၅ မိနစ်အချိန်အရောက်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက ရီမုမိုင်းတစ်လုံးဖြင့် အဝေးမှ နှောင့်ယှက်ဖောက်ခွဲ တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့ပါသည်။

၅။ ရေမြေသယံဇာတ တောတောင်သဘာဝ အလှအပများ၊ သမိုင်းဝင် အထိမ်းအမှတ်များကို အကြောင်းပြု၍ နိုင်ငံတော်၏ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးကို ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးကို တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်နေသည့် ယခုလိုအချိန်အခါကာလမျိုးတွင် အကြမ်းဖက်သမားများအနေဖြင့် အဖျက်အမှောင့်လုပ်ငန်းများအား နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ခြင်း၊ ယခုကဲ့သို့သော ဖောက်ခွဲတိုက်ခိုက်ဖျက်ဆီးမှုများကို လုပ်ဆောင်နေခြင်းတို့အား နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများနှင့်အတူ မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)က ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)**

## အကြမ်းဖက်တိုက်ခိုက်ခြင်းကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ကန့်ကွက်ရှုတ်ချ

**အကြမ်းဖက်တိုက်ခိုက်ခြင်းကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ**

**ကန့်ကွက်ရှုတ်ချခြင်း**

၂၀၂၂ ခုနှစ်၊ မတ်လ ၂၉ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့အနီးတွင် မြန်မာပြည်တွင်း/ပြည်ပခရီးသွားလုပ်ငန်း မြှင့်တင်ရေးအတွက် ရုပ်မြင်သံကြားဇာတ်လမ်းရိုက်ကူးပြီး ပြန်လာကြသော အနုပညာရှင်အဖွဲ့သားများ အကြမ်းဖက်တိုက်ခိုက်ခြင်းခံခဲ့ရသည့်အကြောင်း ကြားသိရပါသည်။

အများပြည်သူများကို အစဉ်အလေးထားချစ်ခင်ကြသည့် အနုပညာရှင်များအား ယခုကဲ့သို့ နှောင့်ယှက်ခဲ့သောလုပ်ရပ်များအတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအနေနှင့် ကန့်ကွက်ရှုတ်ချပါသည်။

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

## မြန်မာနိုင်ငံစာရေးဆရာအသင်း၏ သဘောထားထုတ်ပြန်ချက်

**မြန်မာနိုင်ငံစာရေးဆရာအသင်း၏ သဘောထားထုတ်ပြန်ချက်**

၁။ နိုင်ငံတော်အတွင်းရှိ ပြည်သူများ၏စိတ်ဓာတ်အင်အား မြင့်မားရွှင်လန်းလာရေးအတွက် ရုပ်သံအစီအစဉ်များရိုက်ကူးရန် ပြင်ဦးလွင်မြို့သို့ မြန်မာ့မီးရထားဖြင့်သွားရောက်ခဲ့ကြသော အနုပညာရှင်များပါဝင်သည့်အဖွဲ့သည် မီးရထားဖြင့် ပြန်လည်ထွက်ခွာလာစဉ် ၂၀၂၂ ခုနှစ်၊ မတ်လ(၂၉) ရက်နေ့ ညနေပိုင်းတွင် အကြမ်းဖက်သမားများက ရီမုမိုင်းတစ်လုံးဖြင့် အဝေးမှဖောက်ခွဲတိုက်ခိုက်ခြင်းခံခဲ့ရပါသည်။

၂။ အဆိုပါဖြစ်စဉ်တွင် အနုပညာရှင်များနှင့် မီးရထားဝန်ထမ်းများ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရပါသည်။

၃။ အဆိုပါ အကြမ်းဖက်သမားများ၏ လုပ်ဆောင်ချက်နှင့် အကြမ်းဖက်လုပ်ဆောင်မှု မှန်သမျှကို လုံးဝ(လုံးဝ) လက်မခံ ကန့်ကွက်ပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**

# (၂၇) ကြိမ်မြောက် အာဆီယံ လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီဝန်ကြီးများ အစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၃၀

**၂၀၂၂ ခုနှစ်၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ယူထားသည့် ကမ္ဘောဒီးယားနိုင်ငံမှ ကြီးမှူး၍ (၂၇) ကြိမ်မြောက် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ (ASCC) ဝန်ကြီးများ အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။** (ယာပုံ)




အစည်းအဝေးသို့ မြန်မာနိုင်ငံ အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီဝန်ကြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို ဦးဆောင်၍ ဒုတိယဝန်ကြီး ဦးထွန်းအုံ၊ အမြဲတမ်းအတွင်းဝန် ဦးမြင့်ဦး၊ မြန်မာနိုင်ငံ အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းဆိုင်ရာ အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့တို့က သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ် (၃၅) နေပြည်တော်မှ တက်ရောက်ကြသည်။

အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းဆိုင်ရာဝန်ကြီးများ အစည်းအဝေးကို ကမ္ဘောဒီးယားနိုင်ငံ ပညာရေး၊ လူငယ်နှင့် အားကစားဝန်ကြီးဌာန ဝန်ကြီး H.E Dr. Hang Chuon Naron က သဘာပတိအဖြစ် ဆောင်ရွက်ပြီး ကမ္ဘောဒီးယားနိုင်ငံ အာဆီယံ ဥက္ကဋ္ဌတာဝန်ယူစဉ် ၂၀၂၂ ခုနှစ်အတွင်း ချမှတ်ထားသော Theme ဖြစ်သည့် ASEAN A.C.T: Addressing Challenges Together ဟူသည့် ဆောင်ပုဒ်နှင့်အညီ စည်းလုံးညီညွတ်မှုနှင့် စီးပွားရေးချိတ်ဆက်မှုတို့ကို လက်ကိုင်ထား၍ အာဆီယံတန်ဖိုးများဆီသို့ လက်တွဲဆောင်ရွက်ရန် ယုံကြည်မှုရှိပါကြောင်း၊ ASCC ၏ ဦးစားပေးမှုများ၊ ပဏာမခြေလှမ်းများနှင့် ယခုနှစ်တွင် ဆောင်ရွက်နိုင်မှုတို့သည် ဘုံရည်မှန်းချက်ဆီသို့ အထောက်အကူဖြစ်စေမည် ဖြစ်ပါကြောင်း၊ လာမည့် အကြိမ် (၄၀)မြောက်နှင့် (၄၁)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးများတွင် အတည်ပြုလက်ခံမည့် ရလဒ်မှတ်တမ်းမှတ်ရာများသည် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ၏ ရည်မှန်းချက်များနှင့် အောင်မြင်မှုများကို ထင်ဟပ်နေပါကြောင်း၊ ပဏာမခြေလှမ်းများဖြစ်သည့် ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေများ၊ သဘာဝဘေးအန္တရာယ်များ၊ လက်ရှိနှင့် ကိုဗစ်-၁၉ ရောဂါအလွန် ပတ်ဝန်းကျင်တွင် သာတူညီမျှအရည်အသွေးရှိသော ပညာရေးရရှိရေး၊ စွမ်းအင်နှင့် စားနပ်ရိက္ခာဖူလုံရေး၊ သတင်းအချက်အလက်နှင့် ဆိုက်ဘာလုံခြုံရေးပြဿနာများအပါအဝင် လက်ရှိနှင့် အနာဂတ်စိန်ခေါ်မှုများကို တုံ့ပြန်မည်ဖြစ်ကြောင်း အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ အစည်းအဝေး၌ ကမ္ဘောဒီးယားနိုင်ငံ ပညာရေး၊ လူငယ်နှင့် အားကစားဝန်ကြီးဌာန အဆင့်မြင့်အရာရှိကြီး H.E. Dr. Dy Khamboly က (၃၂) ကြိမ်မြောက် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အဆင့် အစည်းအဝေးဆိုင်ရာ အစီရင်ခံစာကို တင်ပြသည်။

(၂၇) ကြိမ်မြောက် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီဝန်ကြီးများ အစည်းအဝေး၌ ၂၀၂၂ခုနှစ် ကမ္ဘောဒီးယားနိုင်ငံက အာဆီယံဥက္ကဋ္ဌ တာဝန်ယူစဉ်ကာလအတွင်း ဆောင်ရွက်မည့် ဦးစားပေးနယ်ပယ်များဖြစ်သည့် အာဆီယံ၏ စံတန်ဖိုးများ၊ အသိအမြင်နှင့် စရိုက်လက္ခဏာများကို မြှင့်တင်ခြင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုနှင့် အမျိုးသမီးများ လုပ်ပိုင်ခွင့်အာဏာတိုးမြှင့်ပေးရေး၊ အာဆီယံပြည်သူများ၏ ကျန်းမာရေး၊ ကြွယ်ဝပြည့်စုံရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးတို့ကို တိုးမြှင့်စေရေး၊ အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်း၏ အဖွဲ့အစည်းဆိုင်ရာစွမ်းဆောင်ရည်နှင့် ထိရောက်မှုတို့ကို အားကောင်းစေရေးတို့အတွက် လည်းကောင်း၊ အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းဆိုင်ရာ မဟာဗျူဟာ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ အကြိမ်(၄၀)မြောက်နှင့် (၄၁) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးများသို့ တင်ပြမည့် အစီရင်ခံစာများအား အတည်ပြုခြင်း၊ (၂၇) ကြိမ်မြောက် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ၏ ပူးတွဲကြေညာချက် (မူကြမ်း)ကို အတည်ပြုခြင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွက် စတင်ဆောင်ရွက်မည့် Reopen, Recover, and Resilience in Education နှင့် အကြိမ် (၄၀) မြောက်နှင့် (၄၁) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးများသို့ တင်သွင်းမည့် မှတ်တမ်းမှတ်ရာများ ကိုးခုကို အတည်ပြုရန်အတွက် လည်းကောင်း၊ မှတ်တမ်းတင်မည့် မှတ်တမ်းမှတ်ရာ ၂၃ ခု တို့၏ အခြေအနေများ၊ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ (၂၇) ကြိမ်မြောက် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ၏ မှတ်တမ်း အကျဉ်းချုပ်အား အတည်ပြုရန်အတွက် လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

ထို့နောက် မြန်မာနိုင်ငံ အာဆီယံ လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီဝန်ကြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ၂၀၂၂ ခုနှစ်၌ အာဆီယံ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ရသည့် ကမ္ဘောဒီးယားနိုင်ငံ ကြိုးပမ်းမှုများနှင့် အောင်မြင်မှုများအတွက် ဂုဏ်ယူပါကြောင်း၊ ASCC အတွက် တိကျသည့် မဟာဗျူဟာကို ဖော်ဆောင်ရန် ASEAN Comprehensive Recovery Framework and the Hanoi Declaration of ASEAN Community post 2025 Vision အတွက် ကဏ္ဍစုံ၊ မဏ္ဍိုင်စုံ ပူးပေါင်းဆောင်ရွက်မှုများနှင့် တိုးမြှင့်ဖော်ဆောင်နိုင်မည်ဟု မျှော်လင့်မိပါကြောင်း၊ အာဆီယံစည်းမျဉ်း စည်းကမ်း၊ နည်းလမ်းများနှင့်အညီ မိမိတို့အချင်းချင်းပူးပေါင်းဆောင်ရွက်မှု၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ထောက်ပံ့ဆောင်ရွက်မှုများကြောင့် မိမိတို့သည် ၂၀၂၅ ခုနှစ် အာဆီယံအသိုက်အဝန်းသို့ သွားရောက်နေသည့် လမ်းကြောင်းတစ်ဝက်တွင် ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ ထို့အပြင် ASCC အသိုက်အဝန်း ထုဆစ်ပုံဖော်ရာတွင် အထောက်အကူပြုစေနိုင်သည့် လှုပ်ရှားဆောင်ရွက်မှုများအားလုံးနှင့် ကမ္ဘောဒီးယားနိုင်ငံ အာဆီယံဥက္ကဋ္ဌ တာဝန်ထမ်းဆောင်စဉ် ၂၀၂၂ ခုနှစ်အတွင်း ဆောင်ရွက်ရန် ချမှတ်ထားသော ဦးစားပေးနယ်ပယ်များနှင့် အစီအစဉ်များအား ထောက်ခံပါကြောင်း၊ အာဆီယံ လူမှုရေးနှင့် ယဉ်ကျေးမှု အသိုက်အဝန်း၏ အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်နှင့် ထိရောက်မှုတို့ကို အားကောင်းစေမှုအား ကြိုဆိုပါကြောင်း၊ ထို့ပြင် အကြိမ် (၄၀) မြောက်နှင့် (၄၁)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးများတွင် တင်သွင်းမည့် ကြေညာစာတမ်းများကိုလည်း မြန်မာနိုင်ငံမှ ထောက်ခံပါကြောင်း ဆွေးနွေးပြောကြားသည်။

**သတင်းစဉ်**

# နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များဘွဲ့နှင်းသဘင် အခမ်းအနားများကျင်းပ

နေပြည်တော် မတ် ၃၀




သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနရှိ မြန်မာသတင်းအချက်အလက် နည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် (မန္တလေး)၊ နည်းပညာတက္ကသိုလ် (ကျောက်ဆည်)၊ နည်းပညာတက္ကသိုလ် (တောင်ကြီး)၊ နည်းပညာတက္ကသိုလ် (စစ်တွေ)၊ ကွန်ပျူတာတက္ကသိုလ် (မန္တလေး)၊ ကွန်ပျူတာတက္ကသိုလ် (ဟသ်ာတ)၊ ကွန်ပျူတာတက္ကသိုလ် (ပင်လုံ)တို့၌ ဘွဲ့နှင်းသဘင် အခမ်းအနားများကို ယနေ့နံနက်ပိုင်းက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပကြသည်။ **(ယာပုံ)**

အဆိုပါအခမ်းအနားများသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော် တက်ရောက်ပြီး ပညာသင်နှစ်အလိုက် တက္ကသိုလ်အသီးသီးမှ သင်ကြားသင်ယူအောင်မြင်ခဲ့ကြသော မဟာအင်ဂျင်နီယာဘွဲ့ရသူများ၊ မဟာသိပ္ပံ (ဧဝနည်းပညာ) ဘွဲ့ရရှိသူများ၊ အင်ဂျင်နီယာဘွဲ့ရရှိသူများ၊ အင်ဂျင်နီယာ(ဂုဏ်ထူး) ဘွဲ့ရရှိသူများ၊ သိပ္ပံဘွဲ့(ဧဝနည်းပညာ) ဘွဲ့ရရှိသူများနှင့် ကွန်ပျူတာသိပ္ပံဘွဲ့ရရှိသူများကို ဂုဏ်ပြုအမှာစကား ပြောကြားသည်။

အဆိုပါ မြန်မာသတင်း အချက်အလက် နည်းပညာတက္ကသိုလ်၏ ပထမအကြိမ်၊ နည်းပညာတက္ကသိုလ် (မန္တလေး)၏ (၁၈) ကြိမ်မြောက်၊ နည်းပညာတက္ကသိုလ် (ကျောက်ဆည်) ၏ (၁၇) ကြိမ်မြောက်၊ နည်းပညာတက္ကသိုလ်(တောင်ကြီး)၏ (၁၈)ကြိမ်မြောက်၊ နည်းပညာတက္ကသိုလ် (စစ်တွေ) ၏ (၁၇) ကြိမ်မြောက်၊ ကွန်ပျူတာတက္ကသိုလ်(မန္တလေး) ၏ (၁၂) ကြိမ်မြောက်၊ ကွန်ပျူတာတက္ကသိုလ် (ဟသ်ာတ) ၏ (၁၂)ကြိမ်မြောက်နှင့် ကွန်ပျူတာတက္ကသိုလ် (ပင်လုံ)၏ (၁၀) ကြိမ်မြောက် ဘွဲ့အပ်နှင်းပွဲအခမ်းအနားများတွင် တက္ကသိုလ်အသီးသီး၏ ပါမောက္ခချုပ်များက ဘွဲ့ရမောင်မယ်များကို သက်ဆိုင်ရာ ဘွဲ့အလိုက် ဘွဲ့လက်မှတ်အသီးသီးချီးမြှင့်ပြီး ဘွဲ့နှင်းသဘင် မိန့်ခွန်းပြောကြားသည်။

အဆိုပါ အခမ်းအနားများသို့ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ဘွဲ့ရ မောင်မယ်များ၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# အနုပညာရှင်များစီးနင်းလိုက်ပါလာသည့် မီးရထားကို PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းခွဲတိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်နှင့်ပတ်သက်၍ အသင်းအဖွဲ့အသီးသီးက ကန့်ကွက်ရှုတ်ချကြောင်း ထုတ်ပြန်ချက်များ ထုတ်ပြန်

နေပြည်တော် မတ် ၃၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကိုဗစ် – ၁၉ ကာလအတွင်း ထိခိုက်ခဲ့သည့် ပြည်တွင်း၊ ပြည်ပခရီးသွားလုပ်ငန်းများ ပြန်လည်တိုးတက်ကောင်းမွန်စေရေးအတွက် ရည်ရွယ်၍ နိုင်ငံကျော်အနုပညာရှင်များပါဝင်သည့် အဖွဲ့တစ်ဖွဲ့ကို ပြည်တွင်းရှိ အထင်ကရနေရာများသို့ လိုက်လံပို့ဆောင်ပေးလျက်ရှိရာ မတ် ၂၉ ရက်တွင် မှတ်တမ်းဓာတ်ပုံဗီဒီယိုများရိုက်ကူးပြီး ဂုတ်ထိပ်တံတားမှ ပြင်ဦးလွင်မြို့သို့ မြန်မာ့မီးရထား စက်ခေါင်းအမှတ် DF – 2078 ရထားအမှတ် DDUEZ 12370 ဖြင့် ပြန်လည်ထွက်ခွာလာသည့် အနုပညာရှင်များပါဝင်သည့်အဖွဲ့ကို PDF အမည်ခံ အကြမ်းဖက်သမားများက အဝေးထိန်းမိုင်းတစ်လုံးဖြင့် အဝေးမှနှောင့်ယှက်ဖောက်ခွဲတိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ ဗုဒ္ဓ ဘာသာ ကလျာဏယုဝအသင်း (YMBA) (ဗဟို)၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံး (ဗဟို)၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး (ဗဟို)၊ မြန်မာနိုင်ငံ စာရေးဆရာအသင်းတို့က နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ထာဝရငြိမ်းချမ်းရေးရရှိရေးနှင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့ကို အထောက်အကူမပြုသော အဖျက်အမှောင့်လုပ်ရပ်များဖြစ်သဖြင့် အဆိုပါလုပ်ဆောင်မှု အပါအဝင် အကြမ်းဖက်လုပ်ရပ်မှန်သမျှတို့အား နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများနှင့်အတူ လုံးဝ (လုံးဝ) လက်မခံဘဲ ရှုတ်ချကန့်ကွက်ကြောင်း သဘောထားထုတ်ပြန်ချက်များ၊ ကြေညာချက်များကို ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လန်ချန်း-မဲခေါင်ရုပ်သေးပွဲတော် ဖွင့်ပွဲအခမ်းအနား မန္တလေးမြို့ မြန်နန်းဘုံစံရတနာပုံခန်းမ၌ Virtual စနစ်ဖြင့် ကျင်းပ

**နေပြည်တော် မတ် ၃၀**
မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်း တစ်ခုဖြစ်သည့် လန်ချန်း-မဲခေါင် ရုပ်သေးပွဲတော် (Puppet Festival of Lancang-Mekong) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့ မြန်နန်းဘုံစံရတနာပုံခန်းမ၌ Virtual စနစ်ဖြင့် ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ မန္တလေး တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးယဉ်ထွေး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်၊ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေးကော်မတီနိုင်ငံခြားရေးဝန် ကြီးဌာနမှ တာဝန်ရှိသူများ၊ လန်ချန်း-မဲခေါင် ရုပ်သေးပွဲတော် ကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်(မန္တလေး)မှပါမောက္ခချုပ် ဦးအောင်ဆန်းဦး၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ ဆရာ ဆရာမများ၊ မြန်မာနိုင်ငံ ကိုယ်စားပြု ရုပ်သေးပညာရှင်ကြီးများနှင့် တာဝန်ရှိသူများ၊ လန်ချန်း-မဲခေါင် ဒေသတွင်းနိုင်ငံများဖြစ်သော ကမ္ဘောဒီးယားနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုနိုင်ငံ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ ရုပ်သေးပညာရှင်များ တက်ရောက်ကြသည်။

အခမ်းအနားကို အမှတ်စဉ်ရေတွက်၍ ဖွင့်လှစ်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီး ဦးကိုကို က Virtual စနစ်ဖြင့် အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် မဲခေါင် - လန်ချန်း မြစ်ဝှမ်းတစ်လျှောက် ရှေးယခင်ကတည်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံ တို့သည် မဲခေါင်မြစ်ကို အမှီသဟဲပြု၍ အတူတကွ တည်ရှိခဲ့ကြပြီး ဒေသတွင်းအဖွဲ့ဝင်နိုင်ငံများ၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဖြစ်သည့် ရိုးရာရုပ်သေး ပညာရပ်ကို ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးတွင် ယခုခေတ် လူငယ်များသည် ရိုးရာရုပ်သေး ပညာရပ်ကိုစိတ်ဝင်စားမှုလျော့နည်းလာပြီး အခက်အခဲ အချို့ကို ရင်ဆိုင်နေကြရသည့်အတွက် ဒေသတွင်း နိုင်ငံများအနေဖြင့် ရိုးရာရုပ်သေးပညာရပ်ကို မျှဝေရန်နှင့် ရိုးရာဓလေ့များကို ဒေသတွင်းနိုင်ငံ များနှင့် လူငယ်များကို အသိပညာမြှင့်တင်ပေးရန် လိုအပ်လျက်ရှိပါကြောင်း။

ထို့ကြောင့် မဲခေါင် - လန်ချန်း ဒေသတွင်းရှိ အဖွဲ့ဝင်ခြောက်နိုင်ငံမှ ရုပ်သေးပညာရှင်များ ပါဝင်သည့် လန်ချန်း - မဲခေါင် ရုပ်သေးပွဲတော်ကို မတ် ၃၀ ရက်မှ ၃၁ ရက်အထိ သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာ တက္ကသိုလ် (မန္တလေး)တွင် Virtual စနစ်ဖြင့် ယခုကဲ့သို့ လက်ခံကျင်းပပြုလုပ်ရခြင်းဖြစ်ကြောင်း။

လန်ချန်း - မဲခေါင် ရုပ်သေးပွဲတော်သို့ မဲခေါင်- လန်ချန်း ဒေသတွင်း အဖွဲ့ဝင်ခြောက်နိုင်ငံမှ တစ်နိုင်ငံလျှင် ရုပ်သေးပညာရှင် ငါးဦးနှင့် ခေါင်းဆောင် တစ်ဦး စုစုပေါင်း ခြောက်ဦးစီ ဖိတ်ကြားဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အဖွဲ့ဝင် ခြောက် နိုင်ငံမှ ရုပ်သေးပညာရှင်များ၏ ရုပ်သေးအကများ တင်ဆက်ကပြခြင်း၊ မိမိတို့နိုင်ငံ၏ ရုပ်သေးပညာ ဆိုင်ရာ သရုပ်ပြမှုများ ပြုလုပ်ခြင်းနှင့် စာတမ်း ဖတ်ကြားခြင်းများကို ဆောင်ရွက်ကြမည် ဖြစ်ပါ ကြောင်း။

ရုပ်သေးပွဲတော်မှတစ်ဆင့် မဲခေါင် - လန်ချန်း ဒေသတွင်းနိုင်ငံများရှိ အနုပညာရှင် လူငယ်များ အကြား အချင်းချင်း အပြန်အလှန် ချစ်ခင်ယုံကြည်မှု တစ်ဦး၏ ယဉ်ကျေးမှုကို တစ်ဦးက အပြန်အလှန် လေးစားတန်ဖိုးထားမှု၊ အချင်းချင်း အတူတကွ ပူးပေါင်းဆောင်ရွက်တတ်မှု၊ အတွေးအမြင်သစ်များ အပြန်အလှန် ဖလှယ်နိုင်မှုများ တိုးတက်ရရှိပါစေ ကြောင်းနှင့် ရုပ်သေးပွဲတော် ကျင်းပသည့် ကဏ္ဍအားလုံး အောင်မြင်ပါစေရန် ဆုမွန်ကောင်း တောင်းလိုက်ပါကြောင်း ပြောကြားသည်။

ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးယဉ်ထွေး၊ မြန်မာနိုင်ငံ ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်နှင့် မဲခေါင်-လန်ချန်း ပူးပေါင်း ဆောင်ရွက်ရေးကော်မတီ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားသည်။

ထို့နောက် မြန်မာ့ရုပ်သေးအက အစီအစဉ်များ ဖြစ်သော နတ်ကတော် အက၊ ဇော်ဂျီအက၊ အရုပ်နှင့် လူကကြိုးတူအကနှင့် လန်ချန်း-မဲခေါင် ဂုဏ်ပြု သီချင်း (ရုပ်သေးအက) တို့ဖြင့် တင်ဆက်ပြသခဲ့ကြပြီး မွန်းလွဲပိုင်းတွင် သက်ဆိုင်ရာနိုင်ငံအသီးသီးမှ ရုပ်သေးပညာရှင်များက မိမိတို့ ရုပ်သေးပညာရပ် များကို ဖော်ထုတ်ထိန်းသိမ်းကာ ရုပ်သေးအနုပညာ အရည်အသွေးများ မြင့်မားလာစေရန်နှင့် ရိုးရာ ရုပ်သေးပညာများကို မြတ်နိုးလာစေရန် ဆောင်ရွက် နေခြင်းနှင့်ပတ်သက်၍ စာတမ်းများ ဖတ်ကြား ဆွေးနွေးသည်။

လန်ချန်း-မဲခေါင်ရုပ်သေးပွဲတော် (Puppet Festival of Lancang-Mekong) ကို မတ် ၃၁ ရက် တွင် ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာ မောင်မောင်နိုင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်း လုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၃၀**
နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာ မောင်မောင်နိုင်သည် ယမန်နေ့ ညနေပိုင်းက နေပြည်တော် စည်ပင်သာယာရေး ကော်မတီမှ တာဝန်ရှိသူများနှင့်အတူ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မင်္ဂလာကန်အမှတ်(၂)ရှိကွန်ကရစ် လျှောက်လမ်းတွင် ရေနုတ်မြောင်း များ ဆောင်ရွက်နေမှုနှင့် ကွန်ကရစ်လမ်း ချဲ့ခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုကို သွားရောက် စစ်ဆေးကြည့်ရှုရာ တာဝန်ရှိသူများက လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေ များကို ရှင်းလင်းတင်ပြကြပြီး မြို့တော်ဝန်က မင်္ဂလာကန် သာယာလှပစေရေးနှင့် သန့်ရှင်း ရေးကို အမြဲမပြတ်ဆောင်ရွက်ကြ ရန်နှင့် မင်္ဂလာကန် အဆင့်မြှင့်တင် ခြင်းလုပ်ငန်းများကို စနစ်တကျ ဖြင့် အချိန်မီ ပြီးစီးစေရေး အလေးထား ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ မင်္ဂလာကန် အမှတ် (၁) အဝင် ကားရပ်နားရန် နေရာ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းနှင့် ကန်ပတ်လမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှု စစ်ဆေးပြီး မြို့တော်ဝန်က ပန်းအလှပင်များ ထပ်မံထည့်သွင်း စိုက်ပျိုးရန် မှာကြားသည်။

ထို့နောက် မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ကျောက် မျက်ပြတိုက်အနီးရှိ မင်္ဂလာသိဒ္ဓိ ပန်းခြံကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက သန့်ရှင်း သာယာလှပရေးလုပ်ငန်း ဆောင် ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြ ကြပြီး မြို့တော်ဝန်က ထပ်မံ တိုးချဲ့ဆောင်ရွက်ရမည့် လုပ်ငန်း များကို မှာကြားသည်။

ယင်းနောက် စံပယ်လမ်းနှင့်



ရာဇသင်္ဂဟလမ်း လမ်းဆုံတွင် မီးပွိုင့် တပ်ဆင်ရန်အတွက် လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နေပြည်တော်ကောင်စီ သီရိရတနာမူလတန်းကြိုကျောင်း ကျောင်းဆင်းနှုတ်ဆက်ပဒေသာကပွဲနှင့် ကျောင်းဆင်းဂုဏ်ပြုလက်မှတ် ပေးအပ်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၃၀**
နေပြည်တော်ကောင်စီ သီရိ ရတနာ မူလတန်းကြိုကျောင်း ကျောင်းဆင်း နှုတ်ဆက်ပဒေသာ ကပွဲနှင့် ကျောင်းဆင်းဂုဏ်ပြု လက်မှတ်ပေးအပ်ပွဲ အခမ်းအနား ကို ယနေ့နံနက် ၉ နာရီက ပြည်ထောင်စု နယ်မြေ နေပြည်တော်အတွင်းရှိ သီရိ ရတနာ မူလတန်းကြိုကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်၊ နေပြည်တော် ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများ၊ ဆရာမများနှင့် မိဘများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက မူကြိုပညာရေးသည် ကလေးများ ဖွံ့ဖြိုးမှု အထူးသဖြင့် လူသား အရင်းအမြစ် ဖွံ့ဖြိုးမှုအတွက် အရေးကြီးပါကြောင်း၊ အနာဂတ် အတွက် ထူးချွန်သည့်ကလေးများ ဖြစ်စေရန် မူကြိုပညာရေးက အရေးပါကြောင်း၊ မိမိတို့ ဝန်ကြီး





ဌာနအနေဖြင့် ဆောင်ရွက်နေသည့် Maternal and Child Cash Transfer Program- MCCT သည် ပုညက်သေးကွေးနေသည့် ကလေးများရှိသည့် ဒေသများကို အထူးအလေးပေး ထောက်ပံ့ပေး နေပါကြောင်း၊ ကလေးများ အတွက် Nutrition ရရှိရန်လည်း လိုအပ်သကဲ့သို့ ကလေးများ၏ ရှေးဦးအစ ရက် ၁၀၀၀ ကာလ သည် ဦးနှောက်ဖွံ့ဖြိုးမှု အများဆုံး ကာလဖြစ်၍ အရေးကြီးပါ ကြောင်း၊ ရက် ၁၀၀၀ ကာလ အပြီးတွင် မူကြိုပညာသင်ယူရမည့် ကာလဖြစ်ပါကြောင်း၊ အနာဂတ် သင်ယူမှုများအတွက် အဆင်သင့် ဖြစ်နေရန် စနစ်ကျသည့် ပြုစု ပျိုးထောင်မှုက အရေးကြီးပါ ကြောင်း၊ မူကြိုပညာရေး ကလေး တိုင်းရရှိရန် လိုအပ်ချက် ဖြစ်နေပါ ကြောင်း၊ ကလေးများ၏ တီထွင် ဖန်တီးနိုင်မှု၊ စူးစမ်းလိုစိတ်ရှိမှု၊ အခြေခံသိပ္ပံ သဘောတရားများ သင်ယူနိုင်မှုနှင့်အဖွဲ့ဖြင့် ပူးပေါင်း ဆောင်ရွက်နိုင်မှု စသည့်စွမ်းရည် ပြည့်ဝရန်မှာ မူကြိုပညာရေးမှ ပံ့ပိုးပေးပါကြောင်း၊ မူကြိုပညာ သည် ကလေးများအတွက် အကောင်းဆုံး ရင်းနှီးမြှုပ်နှံမှုဖြစ် ၍ နိုင်ငံများအနေဖြင့် အထူး အလေးပေး ဆောင်ရွက်နေပါ ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများအနက် အမြတ်အများဆုံး ရင်းနှီးမြှုပ်နှံမှု ဖြစ်နေပါကြောင်း၊ အနာဂတ် ကာလအတွက် ပညာသင်ယူမှု ပြီးမြောက်ခြင်း၊ ကျောင်းထွက်နှုန်း လျော့ကျခြင်း၊ ပတ်ဝန်းကျင်နှင့် သဟဇာတ နေထိုင်တတ်သည့် ကလေးများဖြစ်စေရန် မူကြို ပညာရေးက လိုအပ်ချက်အနေဖြင့် ရှိနေ၍ မိဘများအနေဖြင့် မူကြို အရွယ်ကလေးများ မူကြို တက်ရောက်နိုင်ရေး ဆောင်ရွက် စေလိုပါကြောင်း ပြောကြား သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး၊ နေပြည်တော် ကောင်စီအဖွဲ့ဝင်၊ အမြဲတမ်း အတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက သား ငယ်၊ သမီးငယ်များကို ကျောင်း ဆင်း ဂုဏ်ပြုလက်မှတ် ပေးအပ် ခြင်း၊ ပဒေသာကပွဲကျင်းပခြင်း၊ ဂုဏ်ပြုလက်ဆောင် ပန်းခြင်း ပေးအပ်ချီးမြှင့်ခြင်းနှင့် မှတ်တမ်း တင်ဓာတ်ပုံ ရိုက်ကူးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# သဘောထားကွဲလွဲမှုကို ဖြေရှင်းနိုင်မယ့် ကိုယ်ရည်ကိုယ်သွေး

ဒေါက်တာမြတ်မိုး

သဘောထားကွဲလွဲမှုတွေကတစ်ဆင့် အခက်အခဲ ပြဿနာပေါင်းစုံ၊ အကျပ်အတည်းပေါင်းစုံနဲ့ ပဋိပက္ခမျိုးစုံအောက်မှာ ကျွန်တော်တို့တစ်တွေ အကောင်းဆုံးအနေအထားတစ်ခုရအောင် ဘယ်လို ရပ်တည်ရှင်သန်နေထိုင်ကြမလဲ။ ပဋိပက္ခတွေကြားမှာ နေတတ်ထိုင်တတ်ဖို့၊ နေနိုင်ထိုင်နိုင်ဖို့ဆိုတာ အင်မတန်အရေးကြီးပါတယ်။ ဒီလိုရပ်တည်နိုင်စွမ်းနဲ့ နေတတ်ထိုင်တတ်ပြီး ပဋိပက္ခတွေကို ဖြေရှင်းနိုင်ဖို့ဆိုတာ မိမိမှာ ကောင်းမွန်တဲ့ ကိုယ်ရည်ကိုယ်သွေး အရည်အသွေးတစ်ရပ်တော့ လိုအပ်ပါတယ်။ ဒါဆိုရင် မတူညီမှုတွေကြားမှာ ကွာဟချက်တွေ ကျဉ်းမြောင်းသွားအောင် မိမိရဲ့ ဘယ်လိုပင်ကိုအရည်အသွေးတွေရှိဖို့ လိုအပ်ပါသလဲ။ ဒီလိုအရည်အသွေးတွေရအောင် ဘယ်လိုတည်ဆောက်ယူကြရပါမလဲ။

**အပြုသဘောပါဝင်ကြမှသာ ...**

ပဋိပက္ခဆိုတာ မိမိအကျိုးစီးပွား မိမိတည်ဆောက်ကြရင်းက တစ်ဖက်နဲ့တစ်ဖက် လွန်ဆွဲပြီး ဖြစ်လာကြတဲ့ ရန်ဘက်အသွင်သဘောဖြစ်ပြီး မတူညီတဲ့ အမြင်နှစ်ခုရဲ့ရလဒ်လည်း ဖြစ်ပါတယ်။ ဖြစ်နေတဲ့အခက်အခဲကို မဖြေရှင်းနိုင်ရင် ပြဿနာတစ်ခုအဖြစ် ရောက်ရှိသွားနိုင်သလို ပြဿနာကို မဖြေရှင်းပြန်နိုင်ရင်လည်း ပဋိပက္ခအသွင် ဦးတည်သွားတတ်ပါတယ်။ ပြဿနာရဲ့ အစဟာ အခက်အခဲဖြစ်သလို ပဋိပက္ခရဲ့ အရင်းအမြစ်တိုင်းဟာလည်း မဖြေရှင်းနိုင်တဲ့ပြဿနာက အစပြုတာပဲဖြစ်တဲ့အတွက် အဆင့်တိုင်းမှာ မှန်မှန်ကန်ကန်နဲ့ အဆုံးအဖြတ်ပေး ဖြေရှင်းနိုင်ဖို့ရာ အလွန်ကိုအရေးကြီးပါတယ်။

အိမ်မှာပဲဖြစ်ဖြစ်၊ လုပ်ငန်းခွင်မှာပဲဖြစ်ဖြစ်၊ နိုင်ငံတကာအနေနဲ့ပဲ ဖြစ်ဖြစ်ပေါ့လေ၊ တစ်ဦးနဲ့တစ်ဦး၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့၊ တစ်နိုင်ငံနဲ့တစ်နိုင်ငံ သဘောထားချင်း မတိုက်ဆိုင်ကြဘူး၊ အငြင်းအခုံဖြစ်ကြတယ်ဆိုရင် ပဋိပက္ခကိုဖြေရှင်းနိုင်တဲ့ စွမ်းရည်အစွမ်းအစဟာ အလွန်ကို အရေးပါလာပါတယ်။ ပြဿနာတစ်ရပ်မှာ ပါဝင်ပတ်သက်နေသူတိုင်းဟာ “တို့အချင်းချင်းဆက်ဆံရေးကို မပြတ်စေရဘူး၊ ဆက်ဆံရေးဟာ ခိုင်မာနေရမယ်၊ အားကောင်းနေရမယ်၊ တို့ရဲ့ကောင်းမွန်တဲ့ ဆက်ဆံရေးကြောင့် တို့ရဲ့လူ့အဖွဲ့အစည်းကြီး သာယာလှပလာရမယ်”လို့ ခံယူထားကြမယ်ဆိုရင် ဒီလိုခံယူချက်နဲ့အတူ ရလဒ်ကောင်း ထွက်ပေါ်ဖို့အတွက် သက်ဆိုင်သူအားလုံးက အပြုသဘောပါဝင်ပြီး အောင်အောင်မြင်မြင် ဖြေရှင်းနိုင်ကြတယ်ဆိုရင် “ဖြေရှင်းလို့မရနိုင်တဲ့ ဘယ်လိုပြဿနာမျိုးမှ မရှိနိုင်ဘူး” ဆိုတဲ့ ယုံကြည်ချက်မျိုး ပိုင်ဆိုင်နေလို့သာလျှင် ဖြစ်နိုင်ပါတယ်။

**ထပ်တူမကျတဲ့ကွာဟချက်တွေအပေါ်**

သဘောထားကွဲလွဲတာတို့၊ နားလည်မှုလွဲတာတို့ စတာတွေဟာ နိစ္စဓူဝ နေ့စဉ် ပြောဆိုဆက်ဆံရေးမှာ တွေ့ကြုံရတတ်တဲ့ အစိတ်အပိုင်းတစ်ခုမျှသာဖြစ်ပါတယ်။ တစ်ဦးတည်းနေရင်တောင် ကိုယ့်ပြဿနာနဲ့ကိုယ် ရှိနေသေးတာ၊ နှစ်ဦးလောက်ပါလာပြီဆိုရင်ကို သဘောထားမမျှတာ၊ အမြင်မတူတာဆိုတာ ရှိလာတတ်တာ လူ့သဘာဝပါပဲ၊ အခြေအနေအားလုံးလိုလိုမှာ အမြဲတမ်း သူ့အမြင်၊ ကိုယ့်အမြင် တစ်ထပ်တည်းကျဖို့ သဘောထား ထပ်တူထပ်မျှရှိဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ဖြတ်သန်းလာတဲ့ အတွေ့အကြုံတွေ၊ ဘဝတွေမတူကြလို့ပဲဖြစ်ပါတယ်။ ဒီလိုအမြင်မတူမှုတွေအပေါ်မှာ မဖြေရှင်းဘဲ ငြင်းခုံနေကြရင်သာ ပြဿနာတက်လာတတ်တာဖြစ်ပါတယ်။

သူနဲ့ကိုယ်ကြားမှာ ကွာဟချက်ရှိနေသမျှ၊ ကွာဟချက်ကိုနည်းသွားအောင် မလုပ်နိုင်သမျှ အချိန်မရွေး ပဋိပက္ခဖြစ်လာနိုင်ပါတယ်။ ကွာဟချက်ဟာ အကြီးအသေးပဲ ကွာချင်ကွာမယ်၊ လူတွေမှာ တန်ဖိုးထားမှုတွေ၊ အတွေ့အကြုံတွေ မတူကြတာရှိမယ်၊ စိတ်ခံစားမှုအရင်းခံကအစ အတွေးအခေါ်တွေ မတူကြတာလည်းရှိမယ်၊ အသိအမြင်တွေလည်း ကွာခြားကြမယ်၊ လိုလားချက်တွေ အကျိုးစီးပွား (interests) တွေလည်း တူချင်မှ တူကြပါလိမ့်မယ်။ ခြားနားချက်တွေဟာ တစ်ခါတစ်ရံမှာ အလေးအနက်ထားဖို့ မလိုလောက်အောင် အသေးအဖွဲလေးပဲ ဖြစ်ချင်ဖြစ်မယ်။ သို့ပေမယ့် တချို့သူတွေမှာ ဒီလိုခြားနားကွာဟမှုတွေအပေါ်မှာပဲ ပြင်းထန်တဲ့ စိတ်ခံစားချက် (emotions) တွေ ရှိကောင်းရှိနေတတ်တယ်ဆိုတာ သတိပြုသင့်ပါတယ်။ အထူးသဖြင့် မိမိရဲ့ပုဂ္ဂလိက လိုလားချက် (personal interest) ကို နက်နက်ရှိုင်းရှိုင်း ရှေ့တန်းတင်မိသူတွေမှာ ဒီလို စိတ်ခံစားချက်တွေကို တွေ့ရလေ့ရှိတယ်လို့ ဆိုပါတယ်။

**အငြင်းပွားမှုကိုမကြောက်ပါနဲ့**

အဓိကသော့ချက်က အငြင်းပွားမှုကို မကြောက်ဖို့၊ မရှောင်လွှဲမိဖို့ပါပဲ။ ကောင်းကောင်းမွန်မွန်နဲ့ ပြေပြေလည်လည်ဖြစ်အောင် ဘယ်လိုဖြေရှင်းကြမလဲဆိုတဲ့အချက်သာ အရေးကြီးပါတယ်။ စွမ်းဆောင်ရည်ပြည့်ပြည့်ဝဝနဲ့ စီမံဖြေရှင်းတတ်တဲ့ အရည်အချင်းဟာ personalities ကောင်းမွန်တဲ့ ကိုယ်ရည်ကိုယ်သွေးတွေဆီကသာ လာပါတယ်။ မဖြေရှင်းနိုင်ရင်တော့ နှစ်ဦးနှစ်ဖက်ဆက်ဆံရေးကို အကြီးအကျယ် ထိခိုက်သွားနိုင်ပါတယ်။ ဆက်ဆံရေးပျက်ယွင်းလာရင် ရန်ဘက်သဘောဆောင်သွားနိုင်တဲ့အတွက်... ဒီနေရာမှာ ထပ်ပြီး သတိပေးပါရစေ၊ ပြင်းထန်တဲ့ရန်ဘက် adversary အသွင်ရောက်မသွားဖို့အတွက် ဆက်ဆံရေးကောင်းတစ်ရပ်ဟာ အလွန်ကို အရေးကြီးတယ်ဆိုတာ မမေ့သင့်တဲ့အချက်တစ်ခုအဖြစ်ပါ...။

**ရိုသေလေးစားမှုပြ**

တစ်ဦးနဲ့တစ်ဦးရိုသေလေးစားမှု ပြနိုင်ခြင်းဟာ ဆက်ဆံရေးမှာ တန်ဖိုးရှိတဲ့ ကိုယ်ရည်ကိုယ်သွေးတစ်ခုပါပဲ။ တစ်ဦးအပေါ်တစ်ဦး အလေးထားခြင်းတစ်ခုပါပဲ။ လေးစားမှုပြတတ်သူတိုင်းဟာ ကိုယ်နဲ့မတိုက်ဆိုင်သူရဲ့ ပြောစကားကို ဦးစားပေးပိုပြီး နားထောင်လေ့ရှိသလို သူ့ရဲ့အကျိုးစီးပွားကိုလည်း ပိုပြီးအလေးထားလေ့ရှိပါတယ်။ တခြားသူတစ်ဦးရဲ့ အမြင်တွေ၊ အတွေးတွေ၊ စဉ်းစားပုံစဉ်းစားနည်းတွေကို အလေးအနက်ထားတာ တွေ့ရလေ့ရှိပါတယ်။ ရိုသေလေးစားမှုဟာ ရိုင်းပျစော်ကားမှုရဲ့ဆန့်ကျင်ဘက်ဖြစ်ပြီး လေးစားမှုမရှိ၊ ရိုင်းပျမှုသည်ပင် ပဋိပက္ခရဲ့အကြောင်းတရားတစ်ခုဖြစ်နေတယ်ဆိုတာ သတိပြုမိဖို့လိုပါတယ်။

**အကောင်းမြင်တတ်သူဆိုတာ**

တစ်ဦးနဲ့တစ်ဦး ရိုသေလေးစားမှုပြနိုင်ရင် ပဋိပက္ခတစ်ခုကို အပြုသဘောနဲ့ချဉ်းကပ်ဖို့ လွယ်ကူသွားပါတယ်။ constructive အပြုသဘောဆိုတာ တိုးတက်မှုကို ဆောင်ကြဉ်းနိုင်မယ့် ယုံကြည်ချက်တွေ၊ positive outlook အကောင်းမြင်တတ်တဲ့ လက္ခဏာရပ်တွေ ရှိနေတယ်ဆိုတဲ့ သဘောပါပဲ။ အပြုသဘောဆောင်သူတစ်ယောက်ဟာ လိုက်လျောညီထွေပြောင်းလဲတွေးခေါ်တတ်ပါတယ်၊ မျှပြီးတွေးတတ်တယ်၊ အတ္တမများဘူး၊ ကိုယ့်အတွက်ချည်းပဲလည်း မကြည့်ဘူး “လိုနေသေးတယ်ဆိုတာထက် ပြည့်ဖို့နီးလာပြီ” လို့ တွေးတတ်သူပါ။ အမြဲပျော်ရွှင်တက်ကြွမှုကို ဆောင်နေတတ်ပါတယ်။

အကောင်းမြင်တတ်သူတစ်ဦးဟာ သူ့ရဲ့အတွေးတွေကြောင့် သူ့ဆီမှာ ဘယ်တော့မှ ပူပန်မှုဖြစ်မနေတတ်ပါဘူး၊ စဉ်းစားတိုင်းစဉ်းစားတိုင်းဟာ သူ့အတွက် စိတ်ခွန်အားဖြစ်စေတယ်လို့ ခံယူထားတတ်သူပါ။ လေးစားသမှုပြုတတ်ခြင်းနဲ့ အပြုသဘောဆောင်တဲ့ လက္ခဏာတွေနဲ့ ချဉ်းကပ်တဲ့ နည်းလမ်းတွေသာလျှင် ပဋိပက္ခတစ်ခုကို အောင်အောင်မြင်မြင် ဖြေရှင်းနိုင်တဲ့ ကိုယ်ရည်ကိုယ်သွေးအားသာချက်တွေဖြစ်ပြီး ဆက်ဆံရေးကောင်းတစ်ခုဖြစ်ဖို့ တည်ဆောက်ရာမှာလည်း တကယ်ကောင်းမွန်တဲ့ အခွင့်အလမ်းတွေအဖြစ် ရောက်ရှိလာတယ်ဆိုတာ တွေ့ရပါလိမ့်မယ်။

**ဝေဖန်မှုကိုလက်ခံနိုင်စွမ်းရှိ**

ကိုယ်ရည်ကိုယ်သွေး ကောင်းမွန်တဲ့သူနဲ့ မကောင်းတဲ့သူ ပဋိပက္ခတစ်ခုကို တုံ့ပြန်ရာမှာ မတူကြပြန်ပါဘူး။ ဆန့်ကျင်ဘက်သဘောထားအမြင်ကို စာနာမှုပေးနိုင်တဲ့ အရည်အချင်းက စကားပြောပါတယ်။ ကိုယ်ရည်ကိုယ်သွေး ကောင်းမွန်တဲ့သူတွေဟာ ပဋိပက္ခကို ရင်ဆိုင်ရာမှာ တည်တည်ငြိမ်ငြိမ် အေးအေးဆေးဆေးနဲ့ ရင်ဆိုင်လေ့ရှိကြပါတယ်။ ဝေဖန်မှုကို လက်ခံပြီး ခွန်းတုံ့မပြန်ဘဲ ခွင့်လွှတ်နိုင်စွမ်းရှိတယ်၊ မေ့ပျောက်လွယ်တယ်။ မကျေမချမ်း ဖြစ်နေတာမျိုး၊ စိတ်ဆိုးတာမျိုးမရှိ၊ အပေးအယူလုပ်ပြီး ညှိနှိုင်းတတ်ကြပါတယ်။ ကိုယ့်အတွက်ထက် အများကို ဦးစားပေးပြီး အများကိုအထိအခိုက်မခံ၊ လိုအပ်ရင် ကိုယ့်ဘက်က လျှော့ပေးဖို့ အသင့်ရှိနေတတ်ကြပါတယ်။ ကိုယ်ရည်ကိုယ်သွေးကောင်းသူတစ်ဦးရဲ့ဒီလိုအရည်အသွေးတွေကြောင့်ပဲ နှစ်ဖက်စလုံးအတွက် ရလဒ်ကောင်းတွေကို ရရှိသွားတတ်တာ ကြုံဖူးတွေ့ဖူးပါတယ်။

အပေါ်က ကောင်းမွန်တဲ့အချက်တွေအားလုံးရဲ့ ဆန့်ကျင်ဘက် အရည်အသွေးတွေအားလုံးကို ပိုင်ဆိုင်ထားပြီဆိုရင်တော့ ဒီလူကို ကိုယ်ရည်ကိုယ်သွေးညံ့ဖျင်းသူတစ်ယောက်အဖြစ် သတ်မှတ်ရတော့မှာပါပဲ။ ဘာကြောင့်လဲဆိုရင်တော့ ဒီလိုလူတွေဟာ ကိုယ့်ရဲ့ဆန့်ကျင်ဘက်နဲ့ သက်ဆိုင်တာမှန်သမျှ အသိအမှတ်ပြုနိုင်စွမ်း၊ တုံ့ပြန်နိုင်စွမ်း မပေးနိုင်တဲ့အတွက်ဖြစ်ပါတယ်။ ပေါက်ကွဲလွယ်တယ်၊ ဒေါသထွက်လွယ်တယ်၊ နာကျင်ခံစားလွယ်တယ်၊ မကျေမချမ်းဖြစ်နေတတ်တယ် စတဲ့ အရည်အချင်းတွေဟာ ညံ့ဖျင်းတဲ့ ကိုယ်ရည်ကိုယ်သွေးတွေပါပဲ။

**ကိုယ်ချင်းစာနားလည်မှုပေးပါ**

တစ်ဦးနဲ့တစ်ဦးကြားမှာ ပဋိပက္ခအသွင်ဖြစ်ဖို့ သဘောထားကွဲလွဲမှုတွေ အစပျိုးနေပြီဆိုကြပါစို့၊ ရန်ဘက်အသွင် ဖြစ်မသွားအောင် ဦးစွာ မိမိစိတ်နဲ့ မိမိကိုယ်မိမိ အပြုအမူကို ထိန်းချုပ်လိုက်ရပါမယ်။

*စာမျက်နှာ ၁၁ သို့*

**သဘောထားကွဲလွဲတာတို့၊ နားလည်မှုလွဲတာတို့ စတာတွေဟာ နိစ္စဓူဝ နေ့စဉ် ပြောဆိုဆက်ဆံရေးမှာ တွေ့ကြုံရတတ်တဲ့ အစိတ်အပိုင်းတစ်ခု မျှသာဖြစ်ပါတယ်။ တစ်ဦးတည်းနေရင်တောင် ကိုယ့်ပြဿနာနဲ့ကိုယ် ရှိနေသေးတာ၊ နှစ်ဦးလောက်ပါလာပြီဆိုရင်ကို သဘောထားမမျှတာ၊ အမြင်မတူတာဆိုတာ ရှိလာတတ်တာ လူ့သဘာဝပါပဲ၊ အခြေအနေ အားလုံးလိုလိုမှာ အမြဲတမ်း သူ့အမြင်၊ ကိုယ့်အမြင် တစ်ထပ်တည်းကျဖို့ သဘောထားထပ်တူထပ်မျှရှိဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ပါဘူး။ ဖြတ်သန်းလာတဲ့အတွေ့အကြုံတွေ၊ ဘဝတွေမတူကြလို့ပဲဖြစ်**

**■ တစ်ဦးနဲ့တစ်ဦး ရှိသေလေးစားမှုပြနိုင်ရင် ပဋိပက္ခတစ်ခုကို အပြုသဘောနဲ့ချဉ်းကပ်ဖို့ လွယ်ကူသွားပါတယ်။** constructive **အပြုသဘောဆိုတာ တိုးတက်မှုကို ဆောင်ကြဉ်းနိုင်မယ့် ယုံကြည်ချက်တွေ၊** positive outlook **အကောင်းမြင်တတ်တဲ့ လက္ခဏာရပ်တွေ ရှိနေတယ်ဆိုတဲ့ သဘောပါပဲ။ အပြုသဘောဆောင်သူတစ်ယောက်ဟာ လိုက်လျောညီထွေပြောင်းလဲတွေးခေါ်တတ်ပါတယ်၊ မျှပြီးတွေးတတ်တယ်၊ အတ္တမများဘူး၊ ကိုယ့်အတွက်ချည်းပဲလည်း မကြည့်ဘူး “လိုနေသေးတယ်ဆိုတာထက် ပြည့်ဖို့နီးလာပြီ” လို့ တွေးတတ်သူပါ**

# မိဘပြည်သူများသို့ အသိပေးကြေညာခြင်း

အသက် (၁၆) နှစ်နှင့်အထက် အကျုံးဝင်သူများအား ဥပဒေအရ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုး ထုတ်ပေးရေးအတွက် **“ပန်းခင်း”**စီမံချက်ဖြင့် ရုံးတွင် ဆောင်ရွက်ပေးခြင်း၊ ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့်နေရာများတွင် တစ်အိမ်တက်ဆင်းဆောင်ရွက်ပေးခြင်းများကို (၃-၅-၂၀၂၁)မှ(၃-၁၁-၂၀၂၂) နေ့အထိ နိုင်ငံတစ်ဝန်းလုံးတွင် နေ့စဉ်ရက်ဆက် ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ လိုအပ်ချက်အရ ပြည်သူများအနေဖြင့် ခရီးသွားလာရာတွင်လည်းကောင်း၊ တည်းခိုနေထိုင်ရာ နေရာများတွင် လည်းကောင်း၊ နိုင်ငံသားကတ် (မှတ်ပုံတင်)ပြသဆောင်ရွက်ရသည့် လုပ်ငန်းများတွင်လည်းကောင်း တရားဝင်ထုတ်ပေးထားသော နိုင်ငံသားကတ် (မှတ်ပုံတင်)ကို (၁-၄-၂၀၂၂) နေ့ (၆:၀၀) နာရီမှစ၍ ပြသစစ်ဆေးခံရမည်ဖြစ်ပါသည်။

နေ့စဉ်ရက်ဆက်ဆောင်ရွက်ပေးနေမှုကြောင့် နိုင်ငံသားကတ် (မှတ်ပုံတင်) အစား ထောက်ခံစာများကို ပြသ၍ ခရီးသွားလာခြင်း၊ အစစ်ဆေးခံခြင်းများအား ခွင့်ပြုတော့မည်မဟုတ်ပါ။

နိုင်ငံသားကတ်(မှတ်ပုံတင်)အတု ကိုင်ဆောင်ခြင်းနှင့် ကတ်အပိုထားရှိကိုင်ဆောင်ခြင်းများသည် တည်ဆဲဥပဒေများအရ ပြစ်မှုမြောက်ပါကြောင်း အသိပေးအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

# ဇာဒက်ကြီးကျွန်း၌ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**နေပြည်တော် မတ် ၃၀**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၁-၂၀၂၂ မတ်လအထိ ခြောက်လဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေကျပ် ၂၈၅ ဒသမ ၈၄၁ သန်းဖြင့် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ဇာဒက်ကြီးကျွန်းပတ်လမ်း ၆၆/၀ မိုင်အနက် ၂/၀ မိုင် ကျောက်ခင်းခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း တနင်္သာရီတိုင်းဒေသကြီး ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ သိရသည်။



ကော့သောင်းမြို့နယ် ဇာဒက်ကြီးကျွန်းပတ်လမ်း ၆၆/၀ မိုင်အနက် ၂/၀ မိုင် ကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။

အဆိုပါ ဇာဒက်ကြီးကျွန်းပတ်လမ်း ၆၆/၀ မိုင်အနက် ၂/၀ မိုင် ကျောက်ခင်းခြင်း လုပ်ငန်းကို ၂၀၂၁-၂၀၂၂ ခြောက်လဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ် ၂၈၅ ဒသမ ၈၄၁ သန်း ဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၁၁ရက်က လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ရာ မတ် ၉ ရက်တွင် လုပ်ငန်းများရာနှုန်းပြည့် ပြီးစီးခဲ့သည်။

အဆိုပါ ကျွန်းပတ်လမ်းပိုင်းအား ဘဏ္ဍာရေးနှစ်အလိုက် အဆင့်မြှင့်တင်ဆောင်ရွက်ပေးခဲ့ခြင်းဖြင့် ဇာဒက်ကြီးကျွန်းတွင် နေထိုင်လျက်ရှိသော အိမ်ခြေ ၁၈၇အိမ် လူဦးရေ ၇၅၄ ဦး အတွက် များစွာအကျိုးပြုသည့် လမ်းပိုင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မြောက်ဦးမြို့တော်ကို အမှိုက်ကင်းစင်မြို့တော်ဖြစ်စေရေး ဝိုင်းဝန်းဆောင်ရွက်

**မြောက်ဦး မတ် ၃၀**

ရခိုင်ပြည်နယ် မြောက်ဦးမြို့တော်သည် ရှေးဟောင်းမြို့တော် ဖြစ်သည်နှင့်အညီ ယူနက်စကိုဝင်ရန်အတွက် အမှိုက်ကင်းစင်မြို့တော်ဖြစ်စေရန် ဌာနဆိုင်ရာဝန်ထမ်းများနှင့် မြို့ပေါ်ရပ်ကွက်နေပြည်သူများ ပူးပေါင်း၍ အပတ်စဉ် စနေနေ့တိုင်း လူထုသန့်ရှင်းရေးပြုလုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကိစ္စနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကို ထမ္မရာဇ်ရပ်ကွက်ရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ယမန်နေ့က ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒုတိယရဲမှူးကြီး ခင်မောင်စိုးက အမှာစကားပြောကြားသည်။ ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒုတိယ ဗိုလ်မှူးကြီး တင်ထူးလှိုင်က အများပြည်သူသွားလာနေသော တံတားပေါ်တွင် အမှိုက်များစွန့်ပစ်ခြင်း၊ ချောင်း၊ မြောင်းထဲသို့ အမှိုက်များကို စည်းကမ်းမဲ့စွန့်ပစ်ခြင်း၊ ဘုရား၊ ပုထိုး၊ စေတီများရှိသော နေရာတို့တွင် အမှိုက်များစည်းကမ်းမဲ့ စွန့်ပစ်ခြင်းတို့ကို သက်ဆိုင်ရာဌာနများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့နှင့်ပူးပေါင်း၍ ကြီးကြပ်ဆောင်ရွက်ကြရန် ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသော ခရိုင်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများက မြို့တော်သန့်ရှင်းသာယာလှပရေးအတွက် ဝိုင်းဝန်းဆွေးနွေးခဲ့ကြပြီးနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူးက အမှိုက်ကင်းစင်မြို့တော်ဖြစ်စေရန် အပတ်စဉ် စနေနေ့တိုင်း ဝိုင်းဝန်းပူးပေါင်း၍ လုပ်ဆောင်သွားကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

မြင့်စိုး (ပြန်/ဆက်)

# ဖျာပုံမြို့၌ စားအုန်းဆီတစ်ပိဿာလျှင် ၅၈၀၀ ကျပ်နှုန်းဖြင့် ဆီပိဿာချိန် ၂၇၀၀ ကျော်ရောင်းချပေးလျက်ရှိ

**ဖျာပုံ မတ် ၃၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် စားသုံးသူရေးရာဦးစီးဌာနနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ပူးပေါင်း၍ ဖျာပုံခရိုင်အတွင်းရှိ ပြည်သူများသက်သာသောဈေးနှုန်းဖြင့် စားအုန်းဆီများ ဝယ်ယူစားသုံးနိုင်စေရန်ရည်ရွယ်၍ မတ် ၃၀ ရက် နံနက် ၇ နာရီက ဖျာပုံမြို့ မြို့မဈေးကြီးတွင် စားအုန်းဆီတစ်ပိဿာလျှင် ၅၈၀၀ ကျပ်နှုန်းဖြင့် ဆီပိဿာချိန် ၂၇၅၀ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ စားအုန်းဆီများ ရောင်းချပေးရာတွင် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးထွေးသိမ်းနှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် မြို့နယ်ဆီလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများက ဈေးအတွင်းစားအုန်းဆီရောင်းချပေးနေမှုကို ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*

မိမိရဲ့စိတ်လှုပ်ရှားမှု အလွန်အကျွံမဖြစ်အောင်၊ မရိုသေ၊ မလေးစားတဲ့ အပြုအမူမျိုး ဖြစ်မသွားအောင် ယဉ်ကျေးမှုကိုပြသပြီး မိမိစိတ်နဲ့မိမိကိုယ်ကို ချုပ်တည်းနိုင်ပါစေလို့ ဆန္ဒပြုပါရစေ။

စိတ်နဲ့ကိုယ် လွတ်ထွက်မသွားဖို့ အချိန်အခိုက်အတန့်လေးတစ်ခုဟာ အလွန်ကို အရေးပါမှန်း သိသာပါတယ်။ သဘောထားချင်း မတိုက်ဆိုင်လို့ အချင်းများမိရင် စိတ်လှုပ်ရှားမှု နှလုံးစည်းချက်ဟာ အလွန်ကိုမြန်သွားပါတယ်။ လှုပ်ရှားနေတဲ့ စိတ်ကို မထိန်းနိုင်ရင် အလွန်ကို စိတ်ပျက်ဖွယ်ရာတွေဖြစ်လာပြီး စိတ်မသက်မသာဖြစ်မှုကတစ်ဆင့် တစ်ဦးနဲ့တစ်ဦးကြားမှာ ခါးသီးတဲ့နာကျင်မှုတွေအထိ ရောက်ရှိသွားနိုင်ပါတယ်။

**နားလည်မှုမှသည် ယုံကြည်မှုဆီသို့**

ဒီအချိန် မိမိစိတ်ကို ထိန်းချုပ်နေတဲ့ ခဏလေးအတွင်းမှာ “သူ့ကိုကိုယ်ချင်းစာပြီး ကိုယ်က နားလည်မှုပေးရမယ်၊ သူ့ဆီကလည်း နားလည်မှုရအောင် ကိုယ်ကလုပ်ရမယ်” ဆိုတဲ့ အတွေးလေး ဝင်လာပါစေ။ နားလည်မှုဆိုတဲ့ အချက်ကို များများလေ့ကျင့်ပေးပါ။ ကိုယ့်ဘက်က နားလည်မှုများများပေးလေ ကိုယ့်အပေါ် သူ့ရဲ့ယုံကြည်မှုရလာလေလေဆိုတာ တွေ့ရပါလိမ့်မယ်။ နားလည်မှုမှ ယုံကြည်မှုသို့ ဆိုသလိုပေါ့။ ယုံကြည်မှုရလေလေ တစ်ဦးနဲ့တစ်ဦးကြားမှာ ခိုင်မာတဲ့ ဆက်ဆံရေးကောင်းတစ်ခုကို တည်ဆောက်လာနိုင်လေပါပဲ။ လိုချင်တာက ကောင်းမွန်နွေးထွေးပြီး ရေရှည်တည်တံ့တဲ့ ဆက်ဆံရေးကောင်းတစ်ခု တည်ဆောက်နိုင်ဖို့ပဲ မဟုတ်ပါလား။

**စိတ်ဖိစီးမှုကို အလျင်အမြန်ဖြေရှင်းပါ**

ပြဿနာကို ရင်ဆိုင်နေစဉ်မှာနဲ့ သဘောကွဲလွဲမှုကို ဖြေရှင်းနေခိုက်မှာ မိမိဘက်က ကြောင့်ကြမှု၊ သောကနဲ့ ဖိစီးမှုတွေရှိနေရင် အလုပ်မဖြစ်ပါဘူး။ ဖိစီးမှုတစ်ခုခုရှိနေရင် သူ့ရဲ့စိတ်၊ သူ့ရဲ့အပြုအမူ၊ မျက်နှာပေး၊ ကိုယ်နေဟန်ထား၊ လက်ဟန်ခြေဟန်၊ အသံအနိမ့်အမြင့် စတာကို ဖတ်ဖို့ မလွယ်ပါဘူး။ သူဘာတွေပြောနေလဲ။ မကြားနိုင်ပါဘူး။ ဖိစီးမှုက သူ့ရဲ့လိုလားချက်ထက် ကိုယ့်ရဲ့ခံစားမှုကိုသာ ရှေ့တန်းတင်နေလို့ ဖြစ်ပါတယ်။ အလွန်ကို ဖိစီးမှုများသွားရင် ကိုယ့်ရဲ့ အဓိကရင်းမြစ် ရည်ရွယ်ချက်တောင် ပျောက်သွားတတ်ပါတယ်။ ပြောဆိုဆက်ဆံရာမှာလည်း ရှင်းရှင်းလင်းလင်း မရှိနိုင်တော့ပါဘူး။

ကိုယ်ခံစားနေရတဲ့ စိတ်ဖိစီးမှုပင်လျှင် ကိုယ့်ရဲ့တကယ့်ကိုယ်ပိုင်အရှုပ်တော်ပြဿနာတစ်ခု ဖြစ်နေပါလားဆိုတာကို သတိထားမိတဲ့သူ ရှားပါတယ်။ အမြဲတမ်းဖိစီးမှုနဲ့ချည်း လုံးချာလိုက်နေတဲ့သူဆိုပိုဆိုးတာပေါ့။ မိမိမှာ စိတ်ဖိစီးမှုဖြစ်နေသလား။ အကဲခတ် ဆန်းစစ်ကြည့်လို့ရပါတယ်။ တင်းကျပ်နေတဲ့ မိမိခန္ဓာအနေအထား၊ အသက်ရှူမြန်နေသလောက် ရင်ဘတ်၊ ဗိုက် လှုပ်ရှားမှုကလည်း မြန်နေတာမျိုး၊ ဒီအချက်တွေဟာ မိမိမှာဖြစ်နေတဲ့ စိတ်ဖိစီးမှုကိုပြနေတာပါပဲ။ တစ်ခါတလေ ဖိစီးမှုရှိနေရင် ရည်မှန်းချက်လိုရာမရောက်၊ အာရုံစိုက်လို့မရ၊ အချိန်ကုန်လူပန်း ဖြစ်တတ်တယ်။ သတိပြုရမယ့် စိတ်ဖိစီးမှုလက္ခဏာရပ်တွေ ဖြစ်ပါတယ်။ ဒီလိုလက္ခဏာတွေ ကိုယ့်ဆီမှာ သို့မဟုတ် သူ့ဆီမှာရှိနေရင် သတိကပ်အခြားအာရုံတစ်ခုခုကို ခေတ္တပြောင်းပေးနိုင်ပါတယ်။ ဒီလိုနဲ့ ဖိစီးမှုကို အချိန်တိုအတွင်း ဖြေလျှော့ပေးနိုင်တယ်ဆိုတာ တွေ့ရပါလိမ့်မယ်။

**မတူတဲ့ခံစားချက်တွေကိုသာ ဖလှယ်နိုင်ကြပြီဆိုရင်**

ကိုယ့်ရဲ့စိတ်ဖိစီးမှုအပြင် တစ်ဦးနဲ့တစ်ဦး ခံစားချက်ကို နားလည်သဘောပေါက်၊ သဘောပေါက်နိုင်စွမ်း (Emotional awareness) လည်း လိုအပ်ပါတယ်။ တစ်ဦးခံစားချက်တစ်ဦး နားလည်မှ သူ့ရဲ့ဒုက္ခနဲ့ တကယ့်ပြဿနာကို နားလည်နိုင်မှာဖြစ်သလို သူဖြစ်ချင်တာကိုပါ သိရမှာဖြစ်ပါတယ်။ ကိုယ်ကိုယ်တိုင်မှာကော ဘာအနှောင့်အယှက် ဖြစ်နေတာလဲ။ သိလာမှ ကိုယ့်ကိုယ်ကိုယ် နားလည်လာမှာဖြစ်ပါတယ်။ ခံစားချက်အသီးသီးကို ဖလှယ်နိုင်စွမ်းရှိတာဟာ ပဋိပက္ခကိုဖြေရှင်းဖို့ တွန်းအားတစ်ခုဖြစ်လာစေပါတယ်။ ဒီလိုနဲ့ အဆုံးမှာ တစ်ဦးနဲ့တစ်ဦး ဘယ်လိုဆက်ဆံဆက်သွယ်ရမလဲဆိုတာ ရှင်းရှင်းလင်းလင်း သိသွားခြင်းအားဖြင့် ပဋိပက္ခကို အောင်အောင်မြင်မြင် ဖြေရှင်းဖို့လမ်းစကို တွေ့သွားနိုင်ပါပြီ။

နောက်ဆုံးအချက်အနေနဲ့တော့ မှာချင်တာတစ်ခုက ခွင့်လွှတ်တတ်ဖို့နဲ့ ခွင့်လွှတ်နိုင်ဖို့ပါပဲ။ ခွင့်မလွှတ်နိုင်ခြင်းဟာ ပဋိပက္ခကိုဖြေရှင်းရာမှာ ကြန့်ကြာနိုင်လို့ဖြစ်ပါတယ်။ ခွင့်လွှတ်ပြီး ထိပ်တိုက်ရင်ဆိုင်မှုမပြုဖို့နဲ့ တစ်ခါတလေ ဟာသဉာဏ်လေးနဲ့ ရယ်ရယ်မောမော သဘောကွဲလွဲမှုတွေကို ဖြေရှင်းကြည့်ဖို့ တိုက်တွန်းချင်ပါတယ်။ အပြုံးကိုပေးခြင်းဟာ ပျော်ရွှင်မှုကိုပေးစွမ်းပြီး ပြဿနာကို ဘောင်ခတ် ဖိအားကိုလျှော့ဒေါသကို ပြေစေပါတယ်။ ဒီလိုစွမ်းရည်တွေကိုသာ ပိုင်ဆိုင်နေမယ်ဆိုရင် ပြဿနာဘယ်လိုရှိရှိ၊ သဘောထားတွေ ဘယ်လိုကွဲကွဲ တစ်ဦးနဲ့တစ်ဦး နီးစပ်သွားပြီး ပဋိပက္ခမှသည် ရင်းနှီးမှု၊ ချစ်ခင်မှုမှသည် စည်းလုံးခြင်းဆီသို့ပါ သယ်ဆောင်သွားနိုင်တဲ့ အခွင့်အလမ်းကောင်းတစ်ခုရရှိလာမှာ ဖြစ်ပါကြောင်း ရေးသားတင်ပြရင်းနဲ့ ပဋိပက္ခမှန်သမျှ ငြိမ်းချမ်းစွာဖြေရှင်းနိုင်စွမ်းရှိတဲ့ ငြိမ်းချမ်းရေးတည်ဆောက်သူများ ဖြစ်ကြပါစေလို့ ဆန္ဒပြုလိုက်ရပါတယ်။ ။

# ယူကရိန်းပဋိပက္ခကိုအဆုံးသတ်ရန် နှစ်နိုင်ငံ ငြိမ်းချမ်းရေးဆွေးနွေးရာ၌ တိုးတက်ဖြစ်ထွန်းမှုများရရှိ

မော်စကို၊ ကီယက်ဗ် မတ် ၃၀

**ရုရှားနှင့် ယူကရိန်းကိုယ်စားလှယ်အဖွဲ့များသည် တူရကီတွင် မတ် ၂၉ ရက်က အပြုသဘောဆောင်သည့် ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ခဲ့ကြသည်။ ထိုသို့လုပ်ဆောင်ခြင်းက လတ်တလောဖြစ်ပေါ်နေသော ပဋိပက္ခကို ဖြေရှင်းနိုင်ရေး ထင်သာမြင်သာရှိသည့် လုပ်ဆောင်ချက်တစ်ခုဖြစ်သည်။**



တူရကီနိုင်ငံ အစ္စတန်ဘူလ်၌ ကျင်းပခဲ့သော ရုရှားနှင့် ယူကရိန်းကြား မျက်နှာစုံညီအစည်းအဝေးတွင် တက်ရောက်လာကြသူများကို တွေ့ရစဉ်။

အစ္စတန်ဘူလ်တွင် သုံးနာရီခန့်ကြာခဲ့သော ငါးကြိမ်မြောက်ဆွေးနွေးမှု သို့မဟုတ် လေးကြိမ်မြောက် မျက်နှာစုံညီအစည်းအဝေးတွင် နှစ်ဖက်အဖွဲ့များသည် တင်းမာမှုမှ ရုန်းထွက်နိုင်မည့် ဖြစ်နိုင်သော အကောင်းဆုံးနည်းလမ်းများရှာဖွေရာတွင် နောက်ဆုံးတွင်လည်း တိုးတက်မှုများ ရရှိဖြစ်ထွန်းခဲ့ပြီဖြစ်သည်။

ညှိနှိုင်းဆွေးနွေးမှုများကို ဗီဒီယိုလင့်ခ်မှတစ်ဆင့် ဆက်လက်ပြုလုပ်သွားဦးမည်ဖြစ်ကြောင်း ဒေသတွင်း မီဒီယာများက ဖော်ပြထားသည်။ နှစ်နိုင်ငံကြား ညှိနှိုင်းဆွေးနွေးမှုများ ဆက်လက်ဖြစ်ပေါ်နေမည်ဆိုပါက စစ်ရေးဆိုင်ရာပဋိပက္ခတင်းမာမှုများ တဖြည်းဖြည်းလျော့နည်းလာမည်ဟု တချို့လေ့လာသုံးသပ်သူများက ယုံကြည်ထားကြသည်။

ထို့အတူ ယူကရိန်းသမ္မတ ဗိုလိုဒီမာ ဇီလန်စကီကလည်း သူ့အနေဖြင့် ယူကရိန်းနှင့် ရုရှား ငြိမ်းချမ်းရေး ဆွေးနွေးမှုတွင် တိုးတက်မှု အရိပ်အယောင်များ တွေ့ခဲ့ကြောင်း ပြောသည်။

မတ် ၂၉ ရက် ဆွေးနွေးပွဲပြီးနောက် ယူကရိန်းကိုယ်စားလှယ်အဖွဲ့မှ ဒေးဗစ် အာရာခါမီယာက ယူကရိန်းတွင် ဖြစ်ပွားနေသော ပဋိပက္ခကို အဆုံးသတ်ရန် ကီယက်ဗ်သည် လုံခြုံရေးအာမခံချက်အတွက် နိုင်ငံတကာ စာချုပ်သစ်တစ်ရပ်ကို လက်မှတ်ရေးထိုးရန် တောင်းဆိုထားကြောင်း ပြောကြားလိုက်သည်။

ဆင်ဟွာ

# ကွန်ဂိုတွင် ငြိမ်းချမ်းရေးထိန်းသိမ်းရေး ရဟတ်ယာဉ်တစ်စင်းပျက်ကျမှုကို ကုလသမဂ္ဂစုံစမ်းစစ်ဆေး




ကုလသမဂ္ဂ ရဟတ်ယာဉ်တစ်စင်းကို တွေ့ရစဉ်။

**ယူနိုက်တက်နေးရှင်း မတ် ၃၀**

ကုလသမဂ္ဂအဖွဲ့ကြီးသည် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် ငြိမ်းချမ်းရေး ထိန်းသိမ်းရေး ရဟတ်ယာဉ်တစ်စင်း ပျက်ကျမှုကို စုံစမ်းစစ်ဆေးလျက်ရှိပြီး ရှာဖွေကယ်ဆယ်ရေးများကိုလည်း ဆောင်ရွက်ခဲ့ကြောင်း ကုလသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက မတ် ၂၉ ရက်က ပြောကြားလိုက်သည်။

ပူးမား ရဟတ်ယာဉ်သည် အဖွဲ့ဝင် ခြောက်ဦးကို တင်ဆောင်လာခဲ့ပြီး အားလုံးမှာ ပါကစ္စတန်မှဖြစ်ကြသည်။ နှစ်ဦးမှာ စစ်ဘက်မှဖြစ်ကာ တစ်ဦးမှာ ရုရှားမှဖြစ်ပြီး ကျန်တစ်ဦးမှာ ဆားဘီးယားမှဖြစ်သည်။ ၎င်းတို့သည် ကွန်ဂိုတွင် ကုလသမဂ္ဂ ငြိမ်းချမ်းရေးတာဝန်အတွက် ကင်းထောက်စစ်ဆင်ရေး ပျံသန်းခဲ့ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ ပြောရေးဆိုခွင့်ရှိသူ စတီဖင် ဒူဂျာရစ်က ပြောကြားလိုက်သည်။

ရဟတ်ယာဉ်သည် မြောက်ပိုင်း ကီဗူပြည်နယ် ရက်ဟူရူ၏ အရှေ့တောင်ပိုင်း ရှန်ဇူအနီးတွင် မတ် ၂၉ ရက် အစောပိုင်းက ပျက်ကျခဲ့ခြင်းဖြစ်သည်။ အဆိုပါနေရာတွင် မကြာသေးမီက မတ် ၂၃ (M23) လှုပ်ရှားမှု လက်နက်ကိုင်အဖွဲ့နှင့် ကွန်ဂိုအစိုးရတပ်ဖွဲ့များကြား ထိတွေ့မှုများ ဖြစ်ပွားခဲ့သည်။

လေယာဉ် ပျက်ကျရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ကွန်ဂိုအရှေ့ပိုင်း၏ ပျက်စီးယိုယွင်းမှုအခြေအနေများကို လုံခြုံရေးကောင်စီသို့ ကွန်ဂိုခေါင်းဆောင် ဘင်တိုကီတာက မတ် ၂၉ ရက်က တင်ပြခဲ့သည်။ ၂၀၂၂ ခုနှစ် မတ်လတွင် ကွန်ဂိုအရှေ့ပိုင်း၌ အရပ်သားသေဆုံးမှု ၂၃၀၀ ရှိလာပြီဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

# မလေးရှားနိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၄၁၆၇၄၁၈ ဦးအထိ ရှိလာ

**ကွာလာလမ်ပူ မတ် ၃၀**

မလေးရှားနိုင်ငံတွင် မတ် ၂၈ ရက်ညသန်းခေါင်အထိ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၅၂၁၅ ဦးရှိကြောင်းဖော်ပြမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၄၁၆၇၄၁၈ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်လိုက်သော သတင်းအချက်အလက်များအရ သိရသည်။

အဆိုပါ ထပ်မံကူးစက်ဖြစ်ပွားသူများအနက် ၂၅၀ မှာ ပြည်ပကူးစက်ဖြစ်ပွားမှုဖြစ်ပြီး ၁၄၉၆၅ ဦးမှာ ပြည်တွင်းကူးစက်မှုဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဝက်ဘ်ဆိုက်တွင်ထုတ်ပြန်ဖော်ပြလိုက်သည်။ ကိုဗစ်-၁၉ ကြောင့် နောက်ထပ် ၆၄ ဦး ထပ်မံသေဆုံးခဲ့သောကြောင့် စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၃၄၉၀၆ ဦးအထိ ရှိလာခဲ့သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကျန်းမာလာသူ ၂၄၁၅၄ ဦး ရှိလာသောကြောင့် စုစုပေါင်းကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကျန်းမာလာသူပေါင်းမှာ ၃၉၂၀၆၄၃ ဦးအထိရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။ လတ်တလောတွင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ဖြစ်ပွားနေသူ ၂၁၁၈၆၉ ဦးရှိပြီး ၎င်းတို့အနက် ၂၈၂ ဦးမှာ အထူးကြပ်မတ်ကုသဆောင်တွင် ကုသလျက်ရှိပြီး ၁၇၆ ဦးမှာ အသက်ရှူအထောက်အကူပြုကိရိယာ လိုအပ်လျက်ရှိကြောင်း သိရသည်။

မတ် ၂၉ ရက်အထိ ကိုဗစ်-၁၉ ကာကွယ်ဆေးအနည်းဆုံး တစ်ကြိမ်ထိုးပြီးသူ ၈၄ ဒသမ ၂ ရာခိုင်နှုန်းရှိပြီး အပြည့်အဝကာကွယ်ဆေးထိုးပြီးသူ ၇၉ ရာခိုင်နှုန်းရှိကာ အပိုဆောင်းကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးသူ ၄၈ ဒသမ ၁ ရာခိုင်နှုန်းရှိသည်။

ဆင်ဟွာ

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ကပ်ရောဂါသည် သေဆုံးမှုတတိယအများဆုံးဖြစ်ပွားစေသော ရောဂါဖြစ်

**မနီလာ မတ် ၃၀**

၂၀၂၁ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ကပ်ရောဂါသည် သေဆုံးမှု တတိယအများဆုံး ဖြစ်ပွားစေသော ရောဂါဖြစ်ကြောင်း ဖိလစ်ပိုင်စာရင်းအင်းအာဏာပိုင်အဖွဲ့၏ ကနဦးအချက်အလက်များက မတ် ၃၀ ရက်က ဖော်ပြလိုက်သည်။

စုစုပေါင်း သေဆုံးမှုများတွင် ထိပ်တန်းသေဆုံးမှု ဖြစ်စေသော ရောဂါမှာ နှလုံးရောဂါနှင့် ဦးနှောက်သွေးကြောပြတ်ရောဂါများ ဖြစ်ကြောင်း ဖိလစ်ပိုင်စာရင်းအင်းအာဏာပိုင်အဖွဲ့က ပြောသည်။

ကိုဗစ်-၁၉ ကပ်ရောဂါသည် သေဆုံးမှု ၉ ဒသမ ၇ ရာခိုင်နှုန်းခန့်ကိုဖြစ်စေပြီး သေဆုံးမှုတတိယအများဆုံး ရောဂါတစ်ခုဖြစ်လာခဲ့သည်။ မြို့တော် မနီလာနှင့် အနီးဝန်းကျင် ဒေသများတွင် ကိုဗစ်-၁၉ သေဆုံးမှုအများဆုံးကို ဖြစ်စေခဲ့သည်။

အထက်ဖော်ပြပါ ရောဂါသုံးမျိုးအပြင် ကင်ဆာနှင့် ဆီးချိုရောဂါသည် သေဆုံးမှုအများဆုံးဖြစ်စေမှုတွင် အဆင့်လေးနှင့် အဆင့် ငါးနေရာတွင်ရှိကြောင်း ဖိလစ်ပိုင်စာရင်းအင်းအာဏာပိုင်အဖွဲ့က ပြောသည်။

ဆင်ဟွာ




ဖိလစ်ပိုင်နိုင်ငံတွင် ၂၀၂၁ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ ကိုဗစ်-၁၉ သေဆုံးမှုပြ ဇယားကို တွေ့ရစဉ်။

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၄၃ သန်းကျော် ရှိလာ

**နယူးဒေလီ မတ် ၃၀**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၂၃၃ ဦး ရှိလာသောကြောင့် မတ် ၃၀ ရက်အထိ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၄၃ သန်းကျော်လာပြီး ၄၃၀၂၃၂၁၅ ဦးအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံး ထုတ်ပြန်လိုက်သော အချက်အလက်များတွင် ဖော်ပြထားသည်။

ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၃၁ ဦး ရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၅၂၁၁၀၁ ဦးအထိ ရောက်ရှိလာခဲ့သည်။ နိုင်ငံအတွင်း လတ်တလော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၁၄၇၀၄ ဦးအထိရှိပြီး လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၆၇၄ ဦးအထိ လျော့နည်းလာခဲ့သည်။ လတ်တလော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ကျဆင်းခဲ့သည်မှာ ၆၄ ရက်မြောက် ရှိလာပြီဖြစ်သည်။ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပျောက်ကင်းသွားပြီး ဆေးရုံမှဆင်းလာသူ စုစုပေါင်း ၄၂၄၈၇၄၁၀ ရှိလာပြီဖြစ်သည်။ အဆိုပါ ပမာဏအနက် လွန်ခဲ့သော ၂၄ နာရီအတွင်း ဆေးရုံမှ ဆင်းလာသူ ၁၈၇၆ ဦးရှိသည်။

ဆင်ဟွာ

## လူမှုကွန်ရက်စာမျက်နှာ Facebook Page တွင် “ငွေတုစက္ကူဖြန့်ဖြူး ရောင်းဝယ်ရေး” ဖော်ပြပါရှိလာမှုနှင့် ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးရရှိမှု




၃-၃-၂၀၂၂ရက်၂၁၃၀ နာရီတွင် မြန်အောင်မြို့နယ်၊ ကနောင်မြို့၊ ညောင်ဝင်းကျေးရွာရှိ ဖွဲဝေဖြိုး နှင့် ၎င်း၏ဇနီး မအေးပပမျိုးတို့ ၂ ဦးအား၎င်းတို့ ၏ နေအိမ်၌ ငွေကြေးလိမ်လည်ရာတွင် အသုံးပြုသော လက်ကိုင်ဖုန်းများနှင့် အတူဖမ်းဆီးရမိပြီး ကနောင်နယ်မြေရဲစခန်း (ပ)၄/၂၀၂၂၊ ဆက်သွယ် ရေးဥပဒေပုဒ်မ၆၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထား ရှိကြောင်း နှင့် ငွေစက္ကူအတု ပြုလုပ်၍ ရောင်း/ဝယ်ပြု လုပ်ခြင်း မဟုတ်ဘဲ ငွေတုဝယ်လိုသူများအား ယုံကြည်အောင်ပြောဆိုပြီး ကြိုတင်ငွေလွှဲပို့ပေးရန် Page အသုံးပြု၍ လိမ်လည် ခြင်းဖြစ်ကြောင်း။

၃-၃-၂၀၂၂ ရက် ၂၁၄၅ နာရီတွင် မြန်အောင်မြို့နယ်၊ ကနောင်မြို့၊ ညောင်ဝင်းကျေးရွာရှိ သက်ပိုင်ဖြိုးအား ၎င်း၏နေအိမ်၌ ငွေကြေး လိမ်လည်ရာတွင် အသုံးပြုသော လက်ကိုင်ဖုန်းများနှင့် အတူဖမ်းဆီးရမိပြီး ကနောင်နယ်မြေရဲစခန်း (ပ)၅/၂၀၂၂၊ ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိကြောင်းနှင့် ငွေစက္ကူအတုပြုလုပ်၍ ရောင်း/ဝယ်ပြုလုပ်ခြင်း မဟုတ်ဘဲ ငွေတုဝယ်လိုသူများ အားယုံကြည်အောင် ပြောဆိုပြီး ကြိုတင်ငွေလွှဲပို့ပေးရန် Page အသုံးပြု၍ လိမ်လည်ခြင်းဖြစ်ကြောင်း။

၃-၃-၂၀၂၂ရက်၂၃၃၀ နာရီတွင် မြန်အောင်မြို့နယ်၊ ကနောင်မြို့၊ ညောင်ဝင်းကျေးရွာရှိ ဟိန်းထက်ဖြိုး အား ၎င်း၏နေအိမ်၌ ငွေကြေး လိမ်လည်ရာတွင် အသုံးပြုသော လက်ကိုင်ဖုန်းများ နှင့် အတူဖမ်းဆီး ရမိပြီး ကနောင်နယ်မြေရဲစခန်း (ပ)၆/၂၀၂၂၊ ဆက် သွယ်ရေးဥပဒေပုဒ်မ ၆၆(ဂ)ဖြင့် အမှုဖွင့် အရေးယူ ထားရှိကြောင်းနှင့် ငွေစက္ကူအတုပြုလုပ်၍ ရောင်း /ဝယ်ပြုလုပ်ခြင်းမဟုတ်ဘဲ ငွေတုဝယ်လိုသူများအား ယုံကြည်အောင်ပြောဆိုပြီးကြိုတင်ငွေလွှဲပို့ပေး ရန်Page အသုံးပြု၍ လိမ်လည်ခြင်းဖြစ်ကြောင်း။

၃-၃-၂၀၂၂ရက်၂၀၃၀ နာရီတွင် မြန်အောင်မြို့နယ်၊ ကနောင်မြို့၊ ညောင်ဝင်းကျေးရွာရှိ သက်ဝေခိုင်၊ အေးပြည့်စုံ၊ အောင်ခန့်ပိုင် တို့ ၃ ဦး အား၎င်းတို့၏နေအိမ်များ၌ ငွေကြေးလိမ်လည်ရာတွင် အသုံး ပြုသောလက်ကိုင်ဖုန်းများနှင့်အတူဖမ်းဆီးရမိပြီး ကနောင်နယ်မြေ ရဲစခန်း (ပ)၇/၂၀၂၂၊ ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိကြောင်းနှင့် ငွေစက္ကူအတု ပြုလုပ်၍ ရောင်း/ ဝယ် ပြုလုပ်ခြင်းမဟုတ်ဘဲ ငွေတု ဝယ်လိုသူများအား ယုံကြည်အောင် ပြောဆိုပြီးကြိုတင်ငွေလွှဲပို့ပေးရန် Page အသုံးပြု၍လိမ်လည်ခြင်း ဖြစ်ကြောင်း။

❊ *ကျောဖုံးမှ*

**“ထိုင်းဘာသာဖြင့် ရေးသားထားသည့် Facebook Page”** ၊ **“အောင်ကောင်းမာန်”** ငွေတုစက္ကူဖြန့်ဖြူးရောင်းဝယ်ရေး၊ **“ငွေတုရောင်းဝယ်ရေး”** Facebook Page တို့အား စိစစ်တွေ့ရှိခဲ့ရသည်။

**စုံစမ်းဖော်ထုတ်**

ထိုသို့ စိစစ်တွေ့ရှိရသည့် Facebook Page ပိုင်ရှင်များကို နည်းပညာ အကူအညီများဖြင့် ဖော်ထုတ်ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ **“Shine Money”** ငွေတုရောင်းဝယ်ရေး Facebook Page အသုံးပြုသည့် အကောင့်ပိုင်ရှင်ကို စုံစမ်းဖော်ထုတ်ခဲ့ရာ ရေဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ကျွဲတဲကုန်းကျေးရွာအုပ်စု ညောင်ဝင်းကျေးရွာနေ ဖွဲဝေဖြိုး (၂၂) နှစ် (ဘ) ဦးကျော်သူရမိုးနှင့် အေးပပမျိုး (၁၈) နှစ် (ဘ) ဦးမျိုးညီညီ တို့ဖြစ်ကြောင်း ဖော်ထုတ်တွေ့ရှိရသည့်အတွက် မတ် ၃ ရက် ည ၉ နာရီခွဲတွင် ၎င်းတို့၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ငွေစက္ကူအတုနှင့်ပတ်သက်၍ ဆက်စပ်ပစ္စည်းများ ရှာဖွေတွေ့ရှိခြင်းမရှိသော်လည်း ငွေစက္ကူအတုများရရှိမည်ဖြစ်ကြောင်း အခြားသူများ ယုံကြည်အောင် ပြောဆိုကာ ငွေကြေးလိမ်လည် ရယူခဲ့ရာ၌ အသုံးပြုခဲ့သော Facebook Page များ ဖွင့်လှစ်ထားသည့် လက်ကိုင်ဖုန်းသုံးလုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

**စစ်ဆေးတွေ့ရှိခဲ့**

အလားတူ **“ပိုင်ကြီးပိုင်ကြီး”** Page၊ **“ကွီးကောင်းမြတ်”** Page၊ **“ခြူးခြူး”** Page၊ **ထိုင်းဘာသာဖြင့် ရေးသားထားသည့်** Page တို့ကို အသုံးပြုသည့် အကောင့်ပိုင်ရှင်ကို စုံစမ်းဖော်ထုတ်ခဲ့ရာ မြန်အောင်မြို့နယ် ကနောင်မြို့ ကျွဲတဲကုန်းကျေးရွာအုပ်စု ညောင်ဝင်းကျေးရွာနေ သက်ပိုင်ဖြိုး (၃၀) နှစ် (ဘ) ဦးမျိုးမြင့် ဖြစ်ကြောင်း ဖော်ထုတ်တွေ့ရှိရသည့်အတွက် မတ် ၃ ရက် ည ၉ နာရီ ၄၅ မိနစ်တွင် ၎င်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ရာ ငွေစက္ကူအတုနှင့်ပတ်သက်၍ ဆက်စပ်ပစ္စည်းများ ရှာဖွေတွေ့ရှိခြင်း မရှိသော်လည်း ၎င်း၏လက်ကိုင်ဖုန်းမှ အထက်ပါအကောင့်များဖြင့် ဆက်သွယ်ရေး ကွန်ရက်အား အသုံးပြုပြီး ယုံကြည်အောင် ပြောဆိုကာ ငွေကြေးလိမ်လည် ရယူခဲ့ကြောင်း စစ်ဆေးတွေ့ရှိခဲ့ရသည်။

**ငွေကြေးလိမ်လည်ရယူ**

အလားတူ **“အောင်ကောင်းမာန်”** ငွေတုစက္ကူဖြန့်ဖြူး ရောင်းဝယ်ရေး Facebook Page ကို အသုံးပြုသည့် အကောင့်ပိုင်ရှင်ကို စုံစမ်းဖော်ထုတ်ခဲ့ရာ မြန်အောင်မြို့နယ် ကနောင်မြို့ ကျွဲတဲကုန်း ကျေးရွာအုပ်စု ညောင်ဝင်းကျေးရွာနေ ဟိန်းထက်ဖြိုး(၁၈)နှစ် (ဘ) ဦးကျော်စိုးနိုင်မှ အသုံးပြုလျက်ရှိကြောင်း သိရှိရသည့်အတွက် မတ် ၃ ရက် ည ၁၁ နာရီခွဲတွင် ၎င်း၏နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ရာ ငွေစက္ကူအတုနှင့်ပတ်သက်၍ ဆက်စပ်ပစ္စည်းများ ရှာဖွေတွေ့ရှိခြင်း မရှိသော်လည်း ၎င်း၏ လက်ကိုင်ဖုန်းမှ ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ငွေအတုများ ရရှိမည်ဖြစ်ကြောင်း ပြောဆိုပြီး အခြားသူများထံမှ ငွေကြေးလိမ်လည် ရယူခဲ့ကြောင်း စစ်ဆေးတွေ့ရှိခဲ့ရသည်။

**သိမ်းဆည်းရမိ**

အလားတူ **“ငွေတုရောင်းဝယ်ရေး”** Facebook Page ကို အသုံးပြုသည့် အကောင့်ပိုင်ရှင်အား စုံစမ်းဖော်ထုတ်ခဲ့ရာ မြန်အောင်မြို့နယ် ကနောင်မြို့ ကျွဲတဲကုန်းကျေးရွာအုပ်စု ညောင်ဝင်းကျေးရွာနေ သက်ဝေခိုင် (၁၈) နှစ် (ဘ) ဦးရဲမြင့်၊ အေးပြည့်စုံ (၁၇) နှစ် (ဘ) ဦးမြင့်ဌေး၊ အောင်ခန့်ပိုင် (၁၇) နှစ် (ဘ) ဦးစိန်သောင်းတို့ သုံးဦးမှ အသုံးပြုလျက်ရှိကြောင်း သိရှိရသည့်အတွက် မတ် ၃ ရက် ည ၁၀ နာရီခွဲတွင် ၎င်းတို့၏ နေအိမ်များသို့ ဝင်ရောက်ရှာဖွေခဲ့ရာ ငွေစက္ကူအတုနှင့်ပတ်သက်၍ ဆက်စပ်ပစ္စည်းများ ရှာဖွေတွေ့ရှိခြင်းမရှိသော်လည်း ငွေစက္ကူအတုများ ရရှိမည်ဖြစ်ကြောင်း အခြားသူများ ယုံကြည်အောင် ပြောဆိုကာ ငွေကြေးလိမ်လည်ရယူခဲ့ရာ၌ အသုံးပြုခဲ့သော Facebook Page များ ဖွင့်လှစ်ထားသည့် လက်ကိုင်ဖုန်း ခုနစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

**စုံစမ်းဖော်ထုတ်သွားမည်**

ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်အရ ၎င်းတို့သည် ငွေစက္ကူအတုများ ရောင်းဝယ်ရေးဟု ဖော်ပြထားရှိသော်လည်း အမှန်တကယ် ငွေစက္ကူအတုများ ပြုလုပ်၍ အရောင်းအဝယ် ပြုလုပ်ခြင်းမဟုတ်ဘဲ လူမှုကွန်ရက်စာမျက်နှာကို အသုံးပြု၍ ငွေစက္ကူအတု ဝယ်ယူလိုသူများကို ယုံကြည်အောင် ပြောဆိုပြီး ငွေစက္ကူအတုမှာယူရန် ကြိုတင်ငွေလွှဲပေးပို့သည့် ငွေများကို လိမ်လည်ရယူခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးဖော်ထုတ်သိရှိရသည့်အတွက် ဖမ်းဆီးရမိခဲ့သူ ဖွဲဝေဖြိုး ပါ ခုနစ်ဦးတို့ကို ကနောင် နယ်မြေရဲစခန်းတွင် ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဂ) ဖြင့် အသီးသီး အမှုဖွင့်အရေးယူထားရှိကြောင်းနှင့် အလားတူ ငွေစက္ကူအတုများ အရောင်းအဝယ်ပြုလုပ်သူများကို ဆက်လက် စုံစမ်းဖော်ထုတ်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများ အနေဖြင့်လည်း ထိုကဲ့သို့အရောင်းအဝယ်ပြုလုပ်သူများကို သိရှိပါက နီးစပ်ရာ ရဲစခန်းများသို့ သတင်းပေးပို့ တိုင်ကြားနိုင်ပါကြောင်း အသိပေး သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**

## ကဝမြို့နယ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာပေးဟောပြော

**ကဝ မတ် ၃၀**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် စီမံချက်အရ မတ် ၂၈ ရက်က အုန်းနဲ့ကျေးရွာနှင့် အလယ်ကျေးရွာတို့တွင် အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး က အမှာစကားပြောကြားပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဒေါက်တာဝင့်သူ က နေဗီယာမြက် စိုက်ပျိုးခြင်း၊ တိုင်းရင်းကြက်မွေးမြူမှုနှင့် တိရစ္ဆာန်များ လွတ်ကျောင်းစနစ်မှ ခြံလှောင်မွေးမြူရန်၊ တိရစ္ဆာန်များ၏ စွန့်ပစ်ပစ္စည်းများကို သဘာဝမြေဩဇာ (Biofertilizer) အဖြစ်သို့ အသုံးပြုရန်ဆွေးနွေးခြင်း၊ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးရဲကိုကိုက EM ဘိုကာရှီ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်း သရုပ်ပြဆွေးနွေးခြင်း၊ စက်မှုလယ်ယာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမိုးကျော်ဦးက ကောက်စိုက်စက် သုံးစွဲရေး၊ လက်ကိုင်ရှည် လက်တွန်းထွန်စက် နောက်တွဲပြုပြင်သုံးစွဲရေးနှင့် စနစ်တကျ လယ်ယာမြေပြုပြင်ဆောင်ရွက်ရန်တို့ကို အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**အိမ်ပြင်ပ၌ ထွန်းသော မီးများကို**
**နေ့အလင်းရောင် ရှိချိန်တွင်**
**ပိတ်ထားခြင်းဖြင့်**
**လျှပ်စစ်ကို ချွေတာပါ**

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများ ဆွမ်းဆန်တော်လှူဒါန်း

**နေပြည်တော်  မတ်  ၃၀**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများသည် မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်ရှိ တောကျောင်းပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်ရှိ မဟာပညာ့ဗိမာန် စာသင်တိုက်သို့ လည်းကောင်း၊ ရခိုင်ပြည်နယ် မင်းပြားမြို့နယ်ရှိ ရတနာမွန်ပရိယတ္တိ စာသင်တိုက်နှင့် မောင်တောမြို့နယ်ရှိ မြို့မကျောင်းတိုက်သို့လည်းကောင်း၊ ရှမ်းပြည်နယ် လင်းခေးမြို့နယ်ရှိ မဟာဝိဟာရစာသင်တိုက်သို့လည်းကောင်း တာဝန်ရှိသူများက သွားရောက်၍ ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော်  မတ်  ၃၀**

ထူးခြားသည့် နေ့အပူချိန်များမှာ ဂန့်ဂေါမြို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်၊ ချောက်မြို့နှင့် ဖားဆောင်းမြို့တို့တွင် ၃၉ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

◆ *ကျောဖုံးမှ*

အကြောင်းမဲ့ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်အား စိစစ်ခဲ့ရာ ရင်ဆိုင်ကြုံတွေ့ခဲ့ရသူ များ၏ ပြောကြားချက်အရ အိမ်စီးမော်တော်ယာဉ် နှစ်စီးသည် ဖြစ်စဉ်ဖြစ်ပွားရာ နေရာသို့ အရောက်၌ KKO (ခွဲထွက်) အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက လမ်း၏ ယာဘက်ခြမ်းမှ လက်နက်ငယ်များဖြင့် အဆက်မပြတ် ပစ်ခတ်ခဲ့ကြောင်း၊ ပစ်ခတ်ခံရမှုကြောင့် ကားဘီးနှင့် ယာဉ်ကိုယ်ထည်တွင် ကျည်များထိမှန်ခဲ့သဖြင့် ယာဉ်အား လမ်းမကြီးပေါ်တွင် ရပ်တန့်ထားသည့် ကြက်သွန်များ တင်ဆောင်ထားသော ၁၂ ဘီးယာဉ်အနီး ထိုးရပ်ကာ ယာဉ်ပေါ်မှ ဆင်းပြေးခဲ့ရပြီး အနီးတစ်ဝိုက်တွင် ပုန်းခိုခဲ့ရကြောင်း၊ KNU/ KNLA တပ်မဟာ (၆)၊ KKO (ခွဲထွက်) အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် ယာဉ်များပေါ်တွင် ပါရှိသည့် ငွေသားများ၊ လက်ဝတ်ရတနာနှင့် အသုံးအဆောင်ပစ္စည်းများကို ယူဆောင်ကာ ယာဉ်များအား မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ထိုကဲ့သို့ စစ်ရေးပစ်မှတ်မဟုတ်သည့် အစိုးရရုံးအဆောက်အဦများနှင့် အများပြည်သူနေအိမ်များအပြင် အများပြည်သူသွားလာနေသည့် လမ်းမကြီးများနှင့် ခရီးသွားပြည်သူများအား ပစ်မှတ်ထား ပစ်ခတ်တိုက်ခိုက်ခြင်းနှင့် လူမှုစီးပွားကို ထိခိုက်ပျက်စီးစေပြီး ကုန်စည်စီးဆင်းမှုကို အဟန့်အတားဖြစ်စေသည့် အကြမ်းဖက်လုပ်ရပ်များကို တစ်ဖက်သတ် အစွန်းရောက်ဝါဒစွဲအပေါ် အခြေခံကာ အသိဉာဏ်နည်းပါးစွာ မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်အရေးယူနိုင်ရေးနှင့် နယ်မြေလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည်များ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

ကော့ကရိတ်-မြဝတီသွားအာရှလမ်းမကြီးပေါ်၌ အကြမ်းဖက်သမားများက မော်တော်ယာဉ်များအား မီးရှို့ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ




# မောင်တောမြို့နယ်၌ ငွေကျပ် ၁ ဒသမ ၄၆ ဘီလီယံကျော်တန်ဖိုးရှိစိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ



လှထွန်းစိန်ပါ ကိုးဦးကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော်  မတ်  ၃၀**

မောင်တောမြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၄၆ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၈ ရက် နံနက် ၁၁ နာရီတွင် ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကျီးကန်းပြင်ကျေးရွာ အနီးတွင် (၃)မိုင်ဘက်မှ ကြိမ်ချောင်းဘက်သို့ လှထွန်းစိန် မောင်းနှင်ပြီး ဦးသန်းနု၊ ထွန်းအောင်သိန်းတို့ လိုက်ပါလာသော ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅ ပြား သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်များအရ မွန်းလွဲ ၁ နာရီတွင် မောင်တောမြို့နယ် သရေကုန်းဘောင် ကျေးရွာနေ မတင်ကြည်၏ နေအိမ်ကို ဆက်လက်ရှာဖွေရာ ၎င်းနှင့်အတူ ခင်မောင်ဦး၊ ခိုင်မိုးလင်း၊ မောင်ထွေးတင်၊ လေးမြင့်ဦး၊ မာမတ်ရှော်ဟီးတို့ ခြောက်ဦးကို တွေ့ရပြီး သုံးဘီးဆိုင်ကယ်တစ်စီး၊ မော်တော်ဆိုင်ကယ် နှစ်စီးနှင့်အတူ စိတ်ကြွရူးသွပ်ဆေးပြား ၉ ဒသမ ၇၅ သိန်း၊ မြန်မာငွေကျပ် ကိုးသိန်း ထပ်မံသိမ်းဆည်းရမိခဲ့၍ ဒေသကာလတန်ဖိုး ငွေကျပ် ၁ ဒသမ ၄၆ ဘီလီယံကျော်တန်ဖိုးရှိ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၉ ဒသမ ၇၅ သိန်းကျော် သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဧပြီ ၁ ရက်တွင် ကာတာနိုင်ငံ၌ ကျင်းပမည့် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုမဲခွဲပွဲ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့်အဖွဲ့ တက်ရောက်မည်

**ရန်ကုန်  မတ်  ၃၀**

မတ် ၃၁ ရက်တွင် ကာတာနိုင်ငံ၌ ကျင်းပမည့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)၏ (၇၂)ကြိမ်မြောက် ကွန်ဂရက်သို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော် (ဒုတိယဥက္ကဋ္ဌ၊ အာရှဘောလုံးအဖွဲ့ချုပ်)၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးပြည့်ဖြိုးတေဇနှင့် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းတို့ တက်ရောက်သွားမည်ဖြစ်သည်။

(၇၂) ကြိမ်မြောက် ဖီဖာကွန်ဂရက်ကို ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)ဥက္ကဋ္ဌ အင်ဖန်တီနိုနှင့် အဖွဲ့ဝင်နိုင်ငံ ၂၁၁ နိုင်ငံမှ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ အာရှဘောလုံးအဖွဲ့ချုပ်အပါအဝင် တိုက်ကြီးများအလိုက် ဘောလုံးအဖွဲ့ချုပ်များမှ တာဝန်ရှိသူများ တက်ရောက်ကြမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အဖွဲ့သည် ဧပြီ ၁ ရက်တွင် ကာတာနိုင်ငံ၌ ကျင်းပမည့် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုမဲခွဲပွဲအခမ်းအနားကိုလည်း တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**ကိုညီလေး**

# ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲသို့ ပေါ်တူဂီနှင့် ပိုလန်တို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိ

၂၀၂၂ ကမ္ဘာ့ဖလား ခြေစစ်ပွဲ ဥရောပဇုန် ရှုံးထွက်အဆင့် ဗိုလ်လုပွဲစဉ်အဖြစ် ပေါ်တူဂီနှင့် မြောက်မက်ဆီဒိုးနီးယား၊ ပိုလန်နှင့် ဆွီဒင်အသင်းတို့ပွဲစဉ်ကို မတ် ၃၀ ရက် နံနက်ပိုင်းက အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ရာ ပေါ်တူဂီအသင်းနှင့် ပိုလန်အသင်းတို့ အနိုင်ရရှိပြီး ကာတာနိုင်ငံတွင် ကျင်းပမည့် ကမ္ဘာ့ဖလားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိခဲ့ပြီဖြစ်သည်။

ပေါ်တူဂီအသင်းသည် ရှုံးထွက်အဆင့် ဆီမီးဖိုင်နယ်တွင် တူရကီအသင်းနှင့် တွေ့ဆုံ ခဲ့ပြီး သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိ ကာ ဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့သည်။ ပြိုင်ဘက် မြောက်မက်ဆီဒိုးနီးယားအသင်းက အဆိုပါအဆင့်တွင် နာမည်ကြီး အီတလီအသင်းနှင့် တွေ့ဆုံခဲ့ပြီး တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ ပလေးအော့ဖ် ဗိုလ်လုပွဲသို့ တက်လှမ်းလာနိုင်ခြင်း ဖြစ်သည်။

ပေါ်တူဂီအသင်းသည် နိုင်ပွဲရရှိရေးကိုသာ ဦးတည်လာခဲ့ပြီး ပြိုင်ဘက်ကို ဂိုးအသာ၊ ခြေအသာဖြင့် ပွဲချိန်တစ်လျှောက် ဖိအားပေးကစားနိုင်ခဲ့သည်။ ပွဲချိန် ၃၂ မိနစ်တွင် စီရော်နယ်ဒို၏ ဖန်တီးမှုမှ ဖာနန်ဒက်စ် ဂိုးသွင်းယူနိုင်ခဲ့သဖြင့် ပေါ်တူဂီအသင်း ဦးဆောင်ဂိုး ရရှိခဲ့သည်။ ထို့နောက် ပေါ်တူဂီအသင်းအတွက် ဒုတိယဂိုးကို ပွဲချိန် ၆၅ မိနစ်တွင် ဂျိုတာ၏ ဖန်တီးမှုမှ ဖာနန်ဒက်စ်ကပင် သွင်းယူပေးခဲ့သည်။ ပေါ်တူဂီအသင်းသည် မြောက်မက်ဆီဒိုးနီးယားအသင်းကို အနိုင်ရရှိခဲ့သောကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲသို့ ခြောက်နှစ်ဆက် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည်။



ပေါ်တူဂီကစားသမား ဖာနန်ဒက်စ် မြောက်မက်ဆီဒိုးနီးယားအသင်းဘက်သို့ ဂိုးသွင်းယူစဉ်။

ပိုလန်နှင့် ဆွီဒင်အသင်းတို့ပွဲစဉ်တွင် ပိုလန်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ ကမ္ဘာ့ဖလားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည်။ ပိုလန်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် မိနစ် ၅၀ တွင် လီဝမ်ဒေါ်စကီးက ပယ်နယ်တီမှတစ်ဆင့် ဦးဆောင်ဂိုး သွင်းယူပေးခဲ့ပြီး ဒုတိယဂိုးကို ပွဲချိန် ၇၂ မိနစ်တွင် ဇီလင်စကီးက သွင်းယူပေးခဲ့သည်။

**အောင်ဇော်**

# မတ် ၃၀ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၇၃ ဦး တွေ့ရှိ

**(၃၀-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျလိုက်နာ ဆောင်ရွက်ရန်လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၉-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃၀-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၅,၆၉၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၇၃) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၁.၁) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၆၄၃,၄၉၁) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၁,၄၄၈) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၃၃၁) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၈၉,၀၀၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၀) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၉-၃-၂၀၂၂) ရက်နေ့အထိ လူဦးရေ စုစုပေါင်း (၂၆,၇၇၀,၈၂၃) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ပထမအကြိမ်ထိုးနှံပြီးစီးသူ (၄,၈၈၄,၆၈၃) ဦး၊ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးသူ (၂၁,၈၈၆,၁၄၀) ဦးနှင့် ထပ်ဆောင်း ကာကွယ်ဆေးထိုးနှံပြီးစီးသူ (၁,၀၆၉,၆၇၂) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၂၉-၃-၂၀၂၂) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ရေ စုစုပေါင်း (၄၉,၇၂၆,၆၃၅) ကြိမ် ထိုးနှံပြီး ဖြစ်ပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၃၀-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၈၈၂) ခု | (၄၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၆၁) ခု | (၁၀) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၅၁) ခု | (၇) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၈၀) ခု | (၄) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၂,၃၁၆) ခု | (၃၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၄၈၃) ခု | (၁၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၀,၆၂၅) ခု | (၆၁) ဦး |
| **စုစုပေါင်း** | **(၁၅,၆၉၈) ခု** | **(၁၇၃) ဦး** |

**COVID-19 ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ**
**(၂၉-၃-၂၀၂၂) ရက်နေ့**

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၄,၈၈၄,၆၈၃) ဦး |
| ကာကွယ်ဆေး အကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ | (၂၁,၈၈၆,၁၄၀) ဦး |
| ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီး လူဦးရေ | (၁,၀၆၉,၆၇၂) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ၊ အကြိမ်အပြည့် ထိုးနှံပြီး လူဦးရေနှင့် ထပ်ဆောင်းထိုးနှံပြီး လူဦးရေ စုစုပေါင်း | (၂၆,၇၇၀,၈၂၃) ဦး |
| စုစုပေါင်း ထိုးနှံပြီးသောကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၄၉,၇၂၆,၆၃၅) ကြိမ် |

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိ၍ ရောဂါဖြစ်ပွား/သေဆုံးမှုများအား မျက်ခြည်မပြတ်စောင့်ကြည့်လျက်ရှိရာ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုများကို လေ့လာသုံးသပ်ကြည့်ရာတွင် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှုခံယူထားခြင်းဖြင့် ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင်လည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံမှုခံယူထားသူများအား ကမ္ဘာ့နိုင်ငံအများစုမှ ကွာရန်တင်းဝင်ရောက်ရမှုမှ ဖြေလျှော့ပေးခြင်း အပါအဝင် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကျေးလက်ဒေသနှင့် ဝေးလံခက်ခဲဒေသများတွင် နေထိုင်သူများအပါအဝင် မည်သူတစ်ဦးတစ်ယောက်မှမကျန်ရစေဘဲ အသက် ၁၈ နှစ်နှင့်အထက် မိဘပြည်သူများ၊ အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများ စသည့် ဦးတည်အုပ်စုအားလုံးကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ကာကွယ်ဆေး မထိုးနှံရသေးသော ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့် သွားရောက်ဆက်သွယ်၍ အကြိမ်ပြည့် ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၃၀ - ၃ - ၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၁၆၈၆၆၂၈ | ၆၄၈၇၆၉၇၄ | ၁၀၀၅၀၅၆ |
| ၂။ | အိန္ဒိယ | ၄၃၀၂၃၂၁၅ | ၄၂၄၈၇၄၁၀ | ၅၂၁၁၃၁ |
| ၃။ | ဘရာဇီး | ၂၉၈၈၂၃၉၇ | ၂၈၆၁၈၅၁၁ | ၆၅၉၂၉၄ |
| ၄။ | ပြင်သစ် | ၂၅၂၇၆၅၀၈ | ၂၃၀၉၂၀၇၇ | ၁၄၁၉၈၅ |
| ၅။ | ဗြိတိန် | ၂၀၉၈၆၁၇၀ | ၁၈၉၄၉၈၂၂ | ၁၆၄၉၇၄ |
| ၆။ | ဂျာမနီ | ၂၀၇၀၂၉၃၀ | ၁၆၃၁၉၇၀၀ | ၁၂၉၄၃၇ |
| ၇။ | ရုရှား | ၁၇၈၂၃၆၄၈ | ၁၆၇၈၈၂၉၁ | ၃၆၈၃၇၇ |
| ၈။ | တူရကီ | ၁၄၈၃၁၂၃၁ | ၁၄၄၉၆၆၃၉ | ၉၇၉၂၄ |
| ၉။ | အီတလီ | ၁၄၄၉၆၅၇၉ | ၁၃၀၇၀၆၄၇ | ၁၅၉၀၅၄ |
| ၁၀။ | တောင်ကိုရီးယား | ၁၂၇၇၄၉၅၆ | စိစစ်ဆဲ | ၁၅၈၅၅ |

## ၃၀-၃-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၉၃၈၆၄၈၉ | ၇၁၅၃၈၄၆ | ၄၂၄၁၃ |
| အင်ဒိုနီးရှား | ၆၀၀၉၄၈၆ | ၅၇၄၂၉၃၁ | ၁၅၅၀၀၀ |
| မလေးရှား | ၄၁၆၇၄၁၈ | ၃၈၉၆၄၈၉ | ၃၄၉၀၆ |
| ဖိလစ်ပိုင် | ၃၆၇၇၆၁၆ | ၃၅၇၇၄၃၃ | ၅၉၀၃၈ |
| ထိုင်း | ၃၆၀၀၇၈၇ | ၃၃၃၁၃၇၀ | ၂၅၀၄၈ |
| စင်ကာပူ | ၁၀၈၅၀၉၄ | ၁၀၂၅၅၇၈ | ၁၂၅၈ |
| မြန်မာ | ၆၁၁၄၄၈ | ၅၈၉၀၀၁ | ၁၉၄၃၀ |
| လာအို | ၁၇၁၄၃၉ | ၁၅၁၁၆၃ | ၆၆၃ |
| ကမ္ဘောဒီးယား | ၁၃၅၅၈၅ | ၁၃၁၅၉၈ | ၃၀၅၄ |
| ဘရူနိုင်း | ၁၃၃၇၂၆ | ၁၂၇၉၇၀ | ၂၀၈ |

# ၂၄-၃-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် (၁၂) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲမှတ်တမ်း



မြန်မာနိုင်ငံနှင့် သင့်လျော်ကိုက်ညီသည့် အချိုးကျကိုယ်စားပြုစနစ်နမူနာပုံစံကို သတင်းစာရှင်းလင်းပွဲတွင် ခင်းကျင်းပြသထားစဉ်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၂) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို မတ် ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။**

*ယမန်နေ့မှအဆက်*

**97 Media မှ သတင်းထောက်ချုပ် နန္ဒလင်း(ထားဝယ်)**က ယခုနှစ် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် ရိုးရာယဉ်ကျေးမှုထုံးတမ်းစဉ်လာမပျက် ကျင်းပသွားမည်ဟု သတင်းထုတ်ပြန်ချက်များတွင် တွေ့ရကြောင်း၊ နိုင်ငံအဝန်း၌ သင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်နေမှုအခြေအနေများကို သိလိုပါကြောင်း မေးမြန်းသည်။

**ည ၁၂ နာရီမှ မနက် ၄ နာရီအထိ ဖြေလျှော့ပေးထား**

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ယခုလတ်တလောတွင် နေပြည်တော် ၈ မြို့နယ်၊ မန္တလေး ၁၀ မြို့နယ်၊ ရန်ကုန် ၄၄ မြို့နယ်၊ မကွေး ၁၇ မြို့နယ်တို့၌ ညမထွက်ရ အမိန့်နှင့်ပတ်သက်ပြီး ယခင်က ည ၁၀ နာရီမှ မနက် ၄ နာရီအထိ သတ်မှတ်ထားသော်လည်း ယခုအခါ ည ၁၂ နာရီမှ မနက် ၄ နာရီအထိ ဖြေလျှော့ပေးထားပြီ ဖြစ်ကြောင်း၊ ဆက်လက်ဖြေလျှော့ဆောင်ရွက်သွားရန် အစီအစဉ်ရှိကြောင်း၊ ကိုဗစ်ကာလ တတိယလှိုင်းအထိ ပြီးသွားပြီဖြစ်သဖြင့် ပြည်သူလူထုအနေဖြင့် ကိုဗစ်ကာလအတွင်း မွန်းကျပ်ခဲ့ခြင်းများ၊ နိုင်ငံရေးအခြေအနေများကြောင့် မွန်းကျပ်ခဲ့ခြင်းရှိခဲ့သည့်အတွက် သင်္ကြန်ပွဲတော်နှင့် ပတ်သက်ပြီး ဖြေလျှော့ပေးရန်အစီအစဉ်ရှိကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ဖျော်ဖြေရေးလုပ်ငန်းရုပ်ရှင်လုပ်ငန်းများကို နှစ်ဆန်း ၁ ရက်နေ့မှ စတင်ရန် အစီအစဉ်ရှိကြောင်း၊ အပြည်ပြည်ဆိုင်ရာ လေကြောင်းသွားလာရေးကိုလည်း ဧပြီလသင်္ကြန်အပြီးတွင် ဖြေလျှော့မှုပြုလုပ်ပေးရန် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ထို့အတူ သင်္ကြန်ပွဲတော်ကာလကို တတ်နိုင်သမျှ ပြည်သူလူထုအားလုံး ပါဝင်ဆင်နွှဲခွင့်ရအောင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**မြန်မာသံတော်ဆင့် သတင်းဂျာနယ်မှ တာဝန်ခံအယ်ဒီတာ ဦးကိုကိုကြီး**က မတ်လ ၂၃ ရက်နေ့တွင် မန္တလေး – မုံရွာလမ်းပေါ်ရှိ မအူဂိတ်ကို PDF အဖွဲ့များက နံနက် ၂ နာရီခန့်တွင် တိုက်ခိုက်သွားပြီး တာဝန်ကျသည့်ဝန်ထမ်းများကိုလည်း သတ်ဖြတ်သွားခဲ့ကြောင်း၊ အလားတူ ကန့်ဘလူမြို့နယ် နတ်အင်းကျေးရွာ ၃ မိုင် အကွာရှိ ကြံ့ခိုင်ရေးပါတီဝင် တွဲဖက်အတွင်းရေးမှူးကို မျက်နှာဖုံးစွပ်များက ဖမ်းသွားသဖြင့် တပ်မတော်က ရှာဖွေနေကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးရှိ ကန့်ဘလူမြို့နယ်၊ ယင်းမာပင်၊ ပုလဲ၊ ချောင်းဦး၊ ကလေးဒေသများတွင် ဒလန်ဟုစွပ်စွဲခံရသည့် အပြစ်မဲ့ ပြည်သူများ သေကျေသည်မှာ အများအပြားရှိကြောင်း၊ မိုင်းထိသည့်ပြည်သူများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထောက်ပံ့ခြင်းရှိကြောင်း၊ ၎င်းတို့ကို နိုင်ငံတော်က ထောက်ပံ့ငွေများ ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကလည်း အခြားထောက်ပံ့မည့် အစီစဉ်များရှိလျှင် မည်သို့ထောက်ပံ့ပေးမည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**ထောက်ပံ့ရေးအစီအစဉ်များကို ဆက်လက်လုပ်ဆောင်**

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ယခုလတ်တလောတွင် မိမိတို့အနေဖြင့် ထောက်ပံ့ရန် အစီအစဉ်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများတွင် PDF များ၏ မီးရှို့ဖျက်ဆီးမှုများကြောင့် အလုပ်အကိုင်ဆုံးရှုံးသွားရသည့် ပြည်သူများ၊ အသက်ဆုံးရှုံးသွားရသည့် ပြည်သူများကို ဝန်ကြီးချုပ်များကိုယ်တိုင် ကျေးရွာများအလိုက် သွားရောက်ထောက်ပံ့ပေးနေခြင်းများရှိကြောင်း၊ လိုအပ်သည့် ဆေးကုသရေးအဖွဲ့များကို စေလွှတ်ပြီး ဆေးကုသပေးခြင်းများကို ဆောင်ရွက်နေပါကြောင်း၊ ထို့အပြင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထောက်ပံ့ရေးအစီအစဉ်များကို ဆက်လက်လုပ်ဆောင်သွားရန်အစီအစဉ်များရှိကြောင်း ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ **မြန်မာသံတော်ဆင့် သတင်းဂျာနယ်မှ တာဝန်ခံအယ်ဒီတာ ဦးကိုကိုကြီး**က မြဝတီခရိုင်၌ ယခင်ကတည်ငြိမ်နေသော်လည်း မကြာခင်က KNU တပ်မဟာ(၆)နှင့် တပ်မတော်အကြား တိုက်ပွဲဖြစ်ခဲ့ပါကြောင်း၊ ၎င်းနေရာတွင် စစ်ဘေးရှောင်သည့် လူတစ်သောင်းကျော်ခန့် တစ်ဖက်နိုင်ငံသို့ သွားရောက်နေရသည်ဟု သိရပါကြောင်း၊ ယင်းအခြေအနေကို သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ယခင် လေးကော့ကော်တိုက်ပွဲတွင် စစ်ဘေးရှောင်များ ရှိနိုင်ကြောင်း၊ တိုက်ပွဲပြီးဆုံးသည့်အခါ မိမိတို့ ပြန်လည်ဆက်သွယ်ပြီး ပြန်လည်နေရာချထားပေးခြင်းများ ပြုလုပ်ပေးကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် IDP နေရပ်စွန့်ခွာသူများနှင့် စစ်ဘေးရှောင်များကို ၎င်းတို့၏မူလနေရပ်ဒေသတွင် ပြန်လည်နေရာချထားနိုင်ရေး ဦးစားပေးဆောင်ရွက်ပါကြောင်း၊ တည်ငြိမ်အေးချမ်းမှုရရှိအောင် ဦးစွာလုပ်ဆောင်ရကြောင်း၊ သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများ၊ တိုင်းစစ်ဌာနချုပ်များက ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**NHP သတင်းဌာနမှ အယ်ဒီတာချုပ် ဦးဝင်းဦး**က မိမိအနေဖြင့် မေးခွန်း မမေးမီ တောင်းဆိုစရာ တစ်ခုရှိပါကြောင်း၊ ပန်းခင်းစီမံချက်နှင့်ပတ်သက်ကြောင်း၊ မြေပြင်တွင် ပုံစံ(၁၀)အခက်အခဲများ ဖြစ်ပေါ်နေကြောင်း၊ ပန်းခင်းစီမံချက်အရ အသက် ၁၆ နှစ်နှင့်အထက် ပြည့်ပြီးသူများကို နိုင်ငံသားအသိအမှတ်ပြုကတ် တစ်မျိုးမျိုး (သို့မဟုတ်) နိုင်ငံသားစိစစ်ရေးကတ်ပြား (မှတ်ပုံတင်) ရရှိနိုင်ရန် ရည်ရွယ်၍ လုပ်ဆောင်နေခြင်းဖြစ်ကြောင်း၊ သို့သော် မြေပြင်တွင် ပုံစံ(၁၀)နှင့် ပတ်သက်သည့် အခက်အခဲများ များစွာဖြစ်ပေါ်နေကြောင်း၊ ထိုကိစ္စကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူများအနေဖြင့် မြေပြင်ကွင်းဆင်း၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်ပါရန် တောင်းဆိုလိုကြောင်း၊ အာဆီယံအထူးကိုယ်စားလှယ် လာရောက်ခဲ့သည့်ကိစ္စနှင့် (၇၇)နှစ်မြောက်တပ်မတော်နေ့နှင့် ဆက်စပ်သည့် မေးခွန်းတစ်ခု မေးမြန်းလိုကြောင်း၊ အာဆီယံအထူးကိုယ်စားလှယ် မြန်မာနိုင်ငံခရီးစဉ် လာရောက်ခဲ့သည့် ပထမခြေလှမ်းအနေဖြင့် လတ်တလောပြည်တွင်း၌ ဖြစ်ပေါ်နေသည့် အကြမ်းဖက်မှုဖြစ်စဉ်များနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လုပ်ငန်းစဉ် (၅) ရပ် အပါအဝင် လုပ်ငန်းဆောင်ရွက်ချက်များအပေါ် မည်မျှအထိ သက်ရောက်မှုရှိနိုင်မည်ကို သိလိုကြောင်းနှင့် ပြီးခဲ့သည့်ရက်သတ္တပတ်တွင် ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သည့် အာဆီယံတပ်မတော် စစ်ဆင်ရေးမှူးချုပ်များနှင့် ထောက်လှမ်းရေးမှူးချုပ်များအစည်းအဝေးအပြီးတွင် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့များက အာဆီယံနိုင်ငံများမှ တပ်မတော်ကိုယ်စားလှယ်အဖွဲ့များနှင့် သီးခြားစီ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ ထိုသို့တွေ့ဆုံရာတွင် လာမည့် (၇၇) နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားသို့ တက်ရောက်ရန် ဖိတ်ကြားခဲ့ခြင်းရှိ/မရှိ သိလိုကြောင်း၊ ယခင်တပ်တော်ကာကွယ်ရေးဦးစီးချုပ် တာဝန်ထမ်းဆောင်ခဲ့သည့် ပုဂ္ဂိုလ်ကြီးများကို ဖိတ်ကြားရန် အစီ အစဉ်ရှိ/မရှိ သိလိုကြောင်းနှင့် တပ်မတော်နေ့အခမ်းအနားတက်ရောက်ရန်အတွက် အခြားမည်သည့်နိုင်ငံများမှ ဧည့်သည်တော်များကို ဖိတ်ကြားထားသည်ကိုလည်း သိလိုကြောင်း မေးမြန်းသည်။

**အပြုသဘောဆောင်သည့်ခရီးစဉ်**

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က အာဆီယံအထူးကိုယ်စားလှယ်နှင့် တွေ့ဆုံရာတွင် ယခုခရီးစဉ်သည် ပထမဆုံးခရီးစဉ်ဖြစ်ကြောင်း၊ ယခင် ဘရူနိုင်းနိုင်ငံမှ ခန့်အပ်ထားသည့် အထူးကိုယ်စားလှယ်မှာ အကြောင်းအမျိုးမျိုးကြောင့် လာရောက်ခြင်းမရှိခဲ့ကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် ခန့်အပ်ထားသည့် အထူးကိုယ်စားလှယ် မလာရောက်မီကပင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၏ အပြုသဘောဆောင်သည့်ခရီးစဉ် မြန်မာနိုင်ငံသို့ စတင်၍လာရောက်ခဲ့ကြောင်း၊ အဆိုပါခရီးစဉ်၏ရလဒ်ကြောင့်သာ အာဆီယံအထူးကိုယ်စားလှယ် ရောက်ရှိလာခြင်း ဖြစ်ကြောင်း၊ ခရီးစဉ်အတွင်းဆွေးနွေးချက်များကို Sky Net မှ သတင်းထောက်ကြီး၏ မေးမြန်းချက်ကို ပြန်လည်ဖြေကြားရာ၌ ပြောကြားပြီးဖြစ်ကြောင်း၊ နံပါတ်(တစ်) အကျိုးသက်ရောက်မှုအနေဖြင့် ဆက်လက်ဆွေးနွေးသွားမည်ဆိုသည့် အကျိုးသက်ရောက်မှုရှိခဲ့ကြောင်း၊ အာဆီယံအထူးကိုယ်စားလှယ်အား မြန်မာနိုင်ငံသို့ ထပ်မံလာရောက်နိုင်သည်ဟုလည်း ဖိတ်ခေါ်ခဲ့ကြောင်း၊ အာဆီယံအထူးကိုယ်စားလှယ်ကလည်း မူဝါဒအရ သဘောတူညီပြီးဖြစ်ကြောင်း၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌ လာရောက်စဉ် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင်ပါဝင်မည်ဟု တောင်းဆိုခဲ့ကြောင်း၊ ထို့ကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ညှိနှိုင်းရေးအဖွဲ့များနှင့် တွေ့ဆုံသွားခဲ့ပြီးဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် မြန်မာ့နိုင်ငံရေးလောကတွင် စစ်ဘောင်ကျယ်သည်ဟု ဝေဖန်နေကြသည့်ကိစ္စများကို စတင်ဖြေရှင်းနိုင်ရန်အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ဆောင်ရွက်နိုင်ရန် နိုင်ငံတကာမှပါဝင်လာခဲ့သဖြင့် အကျိုးဖြစ်ထွန်းခဲ့ကြောင်း၊ အကြမ်းဖက်လုပ်ရပ်များရပ်တန့်ရန်နှင့် တပ်မတော်အနေဖြင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် တာဝန်ရှိကြောင်း၊ မိမိတို့အနေဖြင့် မည်သည့် EAO စခန်းကိုမျှ သွားရောက်တိုက်ခိုက်ခြင်းမရှိကြောင်း၊ EAO စခန်းများ မည်သည့်နေရာတွင်ရှိသည်ကို မိမိတို့ သိရှိကြောင်း၊ ယခင် သတင်းစာရှင်းလင်းပွဲများတွင် မိမိပြောခဲ့သလိုပင် သွားရောက်တိုက်ခိုက်ရန်မလိုကြောင်း၊ အဝေးမှပစ်ခတ်၍ပင်ရကြောင်း၊ သို့သော် ထိုသို့မလုပ်ခဲ့ကြောင်း၊ ထိုအခြေအနေများမှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်သည့် မိမိတို့၏သဘောထားများဖြစ်ကြောင်း၊ တပ်မတော်နေ့အခမ်းအနားသို့ မိမိတို့မြန်မာနိုင်ငံတွင် အခြေစိုက်သည့် စစ်သံမှူးများကို ဖိတ်ကြားထားပြီးဖြစ်ကြောင်း၊ တက်ရောက်မည့် စစ်သံမှူးများလည်း ရှိပြီးဖြစ်ကြောင်း၊ မိတ်ဖက်နိုင်ငံများမှ စစ်ဘက်၊ အရပ်ဘက်ကိုယ်စားလှယ်များကိုလည်း ဖိတ်ကြားထားကြောင်း၊ အခမ်းအနားတက်ရောက်မည့် ကိုယ်စားလှယ်အချို့လည်း ရောက်ရှိနေပြီဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**NHP သတင်းဌာနမှ အယ်ဒီတာချုပ် ဦးဝင်းဦး**က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လတ်တလောတွင် အကြမ်းဖက်မှုများကိုနှိမ်နင်းခြင်းထက် မူဝါဒပိုင်းအား ပိုမို၍ လက်တွေ့အကောင်အထည်ဖော်လာသည်ကိုတွေ့ရကြောင်း၊ အဂတိမှုများနှင့်ပတ်သက်၍လည်း လုပ်ဆောင်လာသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ပြီးခဲ့သည့် NLD အစိုးရလက်ထက်တွင် ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်မြို့တွင် ဖြစ်ပွားခဲ့သည့် မြေယာကိစ္စနှင့်ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်အား တရားစွဲဆိုထားသည့် အမှုတစ်မှုရှိခဲ့ကြောင်း၊ တရားစွဲဆိုသူမှာ အဆိုပါမြေယာကို ပိုင်ဆိုင်သည့် ဒေါ်နန်းခမ်းတစ် ဖြစ်ကြောင်း၊ NLD အစိုးရလက်ထက်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့က မြေဧက ၉၃ ဧကကျော်ကို မြေကြီးများ ရောင်းချခြင်း၊ မြေကွက်များဖော်၍ရောင်းချခြင်းများမှ ယနေ့အထိဆိုပါက ကျပ်ငွေဘီလီယံပေါင်း မြောက်မြားစွာရရှိထားသည်ဟု သိရကြောင်း၊ အဆိုပါကိစ္စနှင့် ပတ်သက်၍ ဒေါက်တာလင်းထွဋ်အပေါ် တရားစွဲဆိုထားသည့် အမှု၏အခြေအနေကို သိလိုကြောင်းနှင့် မြေကြီးများတူး၍ ရောင်းချခြင်းနှင့် မြေကွက်ဖော်၍ ရောင်းချခြင်းများမှ ရရှိခဲ့သည့် ငွေကျပ်ဘီလီယံပေါင်းများစွာအထဲမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတာဝန်ယူနေသည့် ကာလအတွင်းနှင့် ယခင် NLD အစိုးရကာလအတွင်းတို့တွင် နိုင်ငံတော်သို့ အခွန်အဖြစ်ပေးသွင်းထားခြင်း ရှိ/မရှိနှင့် ပေးသွင်းထားပါက မည်မျှပေးသွင်းထားသည်ကို သိလိုကြောင်း၊ နစ်နာခဲ့သူများအတွက် မည်ကဲ့သို့ ကူညီဆောင်ရွက်ပေးသွားမည်ကိုသိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က အဆိုပါကိစ္စကို သက်ဆိုင်ရာတိုင်းဒေသကြီး (သို့မဟုတ်) သက်ဆိုင်ရာဝန်ကြီးဌာနကို မိမိအနေဖြင့် မေးမြန်းပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**People Media မှ သတင်းထောက် ဦးကျော်စိုးဦး**က အကြောင်းအမျိုးမျိုးကြောင့် PDF အကြမ်းဖက်အဖွဲ့များထဲသို့ ရောက်ရှိသွားသည့်သူများသည် ပညာရေးဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဆရာတော်၊ သံဃာတော်များ၊ သီလရှင်များကို လုပ်ကြံသတ်ဖြတ်မှုများရှိသည့်အတွက်

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

ထိုအမြင်များအပေါ်တွင် သဘောထားမတိုက်ဆိုင်သည့် PDF များက ယခုအစိုးရထံသို့ ခိုလှုံလိုနေကြကြောင်း၊ ယင်းသို့သော အခြေအနေမျိုးများအတွက် နိုင်ငံတော်အစိုးရက လမ်းဖွင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ခိုလှုံခွင့်ပေးမည်ဆိုလျှင် မည်သို့ဆောင်ရွက်ရမည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**အချိန်မရွေး ပြန်လည်ဖိတ်ခေါ်**

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က နှစ်ပေါင်းများစွာတိုက်ခိုက်နေရသည့် ရန်သူများကိုပင် ငြိမ်းချမ်းရေးနှင့် ပတ်သက်လာလျှင် မိမိတို့က စားပွဲဝိုင်းတွင်ထိုင်ပြီး ဆွေးနွေးနေရကြောင်း၊ ယခင်ကတည်းက ၎င်းတို့နှင့်ပတ်သက်၍ ထုတ်ပြန်ပြီးဖြစ်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ပြည်တွင်း/ပြည်ပများတွင် ထွက်ပြေးတိမ်းရှောင်နေသူများနှင့်ပတ်သက်ပြီး မေလတွင် စတင်ထုတ်ပြန်ခဲ့ကြောင်း၊ ထိုထုတ်ပြန်ချက်များကို နေ့စဉ်သတင်းစာများနှင့် ရုပ်သံလိုင်းများတွင် ပြည်သူများသိရှိအောင် အမြဲကြေညာနေကြောင်း၊ လူငယ်လူရွယ်များသည် တိုင်းပြည်နှင့်ပတ်သက်လာလျှင် စိတ်ဓာတ် ပိုမိုတက်ကြွကြကြောင်း၊ ထိုစိတ်ဓာတ်များကို အသုံးချပြီး နိုင်ငံရေး မကျေနပ်ချက်များကို သွင်းပေးကာ တောခိုသွားအောင်လုပ်သည့် ၁၉၈၈ ခုနှစ် အရေးအခင်းဖြစ်စဉ်များရှိကြောင်း၊ အကြောင်းမျိုးမျိုးကြောင့် လက်နက်ကိုင်အဖွဲ့အစည်းများသို့ ရောက်ရှိနေသည့် လူငယ်လူရွယ်များအနေဖြင့် ခြိမ်းခြောက်ခံရမှုများကြောင့် ယခုအချိန်အထိ ဆက်လက်နေထိုင်နေကြရသည်များ၊ လူမှုစီးပွားရေး အခက်အခဲဖြစ်ပေါ်နေသည်များကို အစိုးရအနေဖြင့် သိရှိကြောင်း၊ ထိုသို့သိရှိရခြင်းကြောင့် အစိုးရအနေဖြင့် လက်နက်ကိုင်အဖွဲ့အစည်းထဲသို့ ရောက်ရှိနေသည့် လူငယ်လူရွယ်များ၊ လက်နက်ကိုင်အဖွဲ့အစည်းများထံ ရောက်ရှိနေသည့် လူငယ်များနှင့် ပြည်ပသို့ရောက်ရှိနေသည့် လူငယ်လူရွယ်များကို အချိန်မရွေး ပြန်လည်ဖိတ်ခေါ်ပါကြောင်း၊ ရာဇဝတ်မှုကျူးလွန်ထားသူများမှအပ ကျန်သူများအားလုံး ကင်းလွတ်ခွင့် ရစေမည်ဖြစ်ကြောင်း၊ တောခိုပြီး ပြန်ဝင်လာသူများအနက် လူသတ်မှုကျူးလွန်ထားသူများကိုမူ ဥပဒေအရ မည်သို့မျှဆောင်ရွက်ပေးနိုင်မည်မဟုတ်ကြောင်း၊ တောခိုသွားသူအများစုမှာ အများအားဖြင့် ရာဇဝတ်မှုကျူးလွန်ထားသူများ မဟုတ်ကြောင်း၊ တလွဲအသုံးချခံရပြီး ထွက်သွားသည့်လူများ ဖြစ်ကြောင်း၊ ယင်းကိစ္စများနှင့်ပတ်သက်ပြီး အရေးယူမှုတစ်စုံတစ်ရာမရှိဘဲ လက်ခံမည်ဟု ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ ယင်း ထုတ်ပြန်ချက်သည် အတည်ဖြစ်ကြောင်း၊ ဆက်သွယ်ဆောင်ရွက်ရမည့်အဆင့်များ ပါရှိကြောင်း၊ နိုင်ငံခြားတွင် သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများမှတစ်ဆင့် ဆက်သွယ်၍ရကြောင်း၊ ပြည်တွင်းတွင် သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်စု၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးရုံးများတွင် ဆက်သွယ်၍ ရကြောင်း၊ တချို့ လက်ရှိ အစိုးရဝန်ထမ်းများ၊ ရပ်/ကျေးအုပ်ချုပ်ရေးအဖွဲ့များထဲတွင် သတင်းထောက်ကြီးတို့ ပြောသကဲ့သို့ ဖရဲသီးများရှိသောကြောင့် အစိုးရထံပြန်လည်ခိုလှုံလိုသူများက ၎င်းတို့ကို မဆက်သွယ်လိုဘဲ တိုက်ရိုက်ဆက်သွယ်ပြီး ဝင်ရောက်လာသူများရှိကြောင်း၊ နည်းလမ်း အဆင့်ဆင့်ဖြင့်သော်လည်းကောင်း၊ တိုက်ရိုက်သော်လည်းကောင်း ဆက်သွယ်၍ ရသည့်နည်းလမ်းများရှိကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန၊ တိုင်းစစ်ဌာနချုပ်တို့ကို တိုက်ရိုက်ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များ၊ စိတ်ချရသည့်နေရာများရှိကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဖြစ်ပျက်နေသည့်အခြေအနေများသည် ဆိုးရွားနေသည့်အခြေအနေများရှိကြောင်း၊ လက်ယက်တွင်းရေနံထွက်သည့်ဒေသနှင့် ရွှေကျင်နေသည့်ဒေသများတွင် ပို၍ဆိုးကြောင်း၊ တစ်ဖွဲ့ချင်းလုပ်နေသည်များလည်းရှိကြောင်း၊ ထိုအထဲတွင် ဓားစာခံအဖြစ် သေဆုံးနေသူများလည်း ရှိကြောင်း၊ ထို့ကြောင့် လူငယ်လူရွယ်များအနေဖြင့် လမ်းမှန်ကိုရွေးချယ်ကြရန်နှင့် စိတ်ချလက်ချပြန်လည်ဝင်ရောက်နိုင်သည်ဟု အာမခံကြောင်းကို ယခုနေရာမှပြောလိုကြောင်း၊ မိဘပြည်သူများအနေဖြင့် မိမိတို့၏သားသမီးများဖြစ်စေ၊ ဆွေမျိုးသားချင်းများဖြစ်စေ ထိုသို့သော ကိစ္စရပ်များရှိလာလျှင် ဝိုင်းဝန်းကူညီပေးကြရန် ပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

**Myanmar National Post သတင်းဌာနမှ သတင်းထောက် နောင်တော်လေး** က အကြမ်းဖက်များ၏ အန္တရာယ်နှင့်ပတ်သက်သည့်မေးခွန်းကို မေးမြန်းလိုကြောင်း၊ NLD အစွန်းရောက် PDF များ၏ လုပ်ကြံသတ်ဖြတ်မှုမှကာကွယ်ရန်အတွက် ပြည်သူများ ပူးပေါင်းဆောင်ရွက်ရန်အတွက် ဝန်ကြီးကိုယ်တိုင်လည်း သတင်းစာရှင်းလင်းပွဲများမှတစ်ဆင့် အကြိမ်ကြိမ်အသိပေးခဲ့ကြောင်း၊ အကြမ်းဖက်ဘေးအန္တရာယ်သင့် ပြည်သူအချို့နှင့်လည်း အဆက်အသွယ်ရှိကြောင်း၊ ထိုသူများကလည်း ပြည်သူ့စစ်အဖွဲ့များတွင် ပူးပေါင်းပါဝင်၍ အကြမ်းဖက်အန္တရာယ်ကို ကာကွယ်နေကြသူများလည်း ရှိကြောင်း၊ သို့သော်လည်း PDF များကအင်အားကောင်းနေပြီး ကျေးရွာများတွင် ဖွဲ့စည်းထားသည့် ပြည်သူ့စစ်အဖွဲ့များ၏ အင်အားမှာနည်းပါးနေသည်ကို တွေ့ရကြောင်း၊ ဝန်ကြီးအနေဖြင့် သတင်းစကားများပါးနေသော်လည်း မြေပြင်တွင် ပူးပေါင်းဆောင်ရွက်နေသည့် ပြည်သူများတွင် ဆက်ဆံရေးအရ အဆင်မပြေမှုများနှင့် အခက်အခဲအချို့ရှိနေကြောင်း၊ ထိုကိစ္စများ အဆင်ပြေစေရန်အတွက် ဝန်ကြီးအနေဖြင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်ရမည့် အကြမ်းဖက်အန္တရာယ် ကာကွယ်ရေးလုပ်ငန်းများတွင် မည်ကဲ့သို့ ကူညီလုပ်ဆောင်ပေးမည်ကို သိလိုကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် သဘာဝဘေး အန္တရာယ်သင့်ပြည်သူများအတွက် လိုက်လံကူညီဆောင်ရွက်ပေးမှုများကို တွေ့ရကြောင်း၊ သို့သော် အကြမ်းဖက်ဘေးအန္တရာယ်သင့်ပြည်သူများကိုမူ ကူညီဆောင်ရွက်ပေးခြင်းမရှိသည်ကို တွေ့ရသောကြောင့် ထိုသူများကို ဘေးသင့်ပြည်သူများအဖြစ် သတ်မှတ်ခြင်းရှိ/မရှိကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများပါရှိပါက ဖြေကြားပေးစေလိုကြောင်း မေးမြန်းသည်။

**ဦးစားပေးကူညီဆောင်ရွက်**

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ယခုကဲ့သို့ သတင်းပေးသည့်အတွက် သတင်းထောက်ကြီးကို ကျေးဇူးတင်ကြောင်း၊ အချို့ကျေးရွာများတွင် ပြည်သူလူထု၏ တောင်းဆိုချက်အရ ပြည်သူလူထုပါဝင်သည့် ကာကွယ်ရေးစနစ်ဖြစ်သည့် ပြည်သူ့စစ်အဖွဲ့များ ဖွဲ့စည်းပေးခဲ့ကြောင်း၊ ထိုသို့ဖွဲ့စည်းပေးလိုက်သောကြောင့် PDF အဖွဲ့များက အဆိုပါကျေးရွာများကို ပိုမိုပစ်မှတ်ထား၍ တိုက်ခိုက်ခဲ့ကြောင်း၊ အချို့နေရာများတွင် အင်အား ၁၀၀ ကျော်ခန့်အထိ အသုံးပြု၍ ရွာကို ဝိုင်းပတ်ပိတ်ဆို့၍ မီးရှို့ခဲ့ကြသည်ကိုလည်း တွေ့ရကြောင်း၊ ကျေးရွာတွင်ရှိသည့် ပြည်သူ့စစ်များနှင့် ကျေးရွာသူ၊ ကျေးရွာသားများက ပြန်လည်ခုခံခဲ့သော်လည်း အင်အားမျှတမှုမရှိသည့်အတွက် ထွက်ပြေးတိမ်းရှောင်၍ ဘုန်းတော်ကြီးကျောင်းများကဲ့သို့သောနေရာများသို့ သွားရောက်ခိုလှုံကြသည့် အချိန်တွင် အိမ်များကိုမီးရှို့ခဲ့သည့်ဖြစ်စဉ်များလည်း ရှိခဲ့ကြောင်း၊ ထိုကဲ့သို့သောဖြစ်စဉ်များကို ပို၍ထိထိရောက်ရောက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အင်အား၊ စွမ်းရည်နှင့် လုပ်ဆောင်နိုင်စွမ်းများ ပိုမိုထိရောက်စေရန်ဆောင်ရွက်သွားမည်ဟု ပြောလိုကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့်လည်း သဘာဝဘေးအန္တရာယ်ကို ဦးစားပေးကူညီဆောင်ရွက်နေသည်မှာ မှန်သော်လည်း သတင်းထောက်ကြီးမေးမြန်းခဲ့သည့် ကိစ္စများကို ကူညီဆောင်ရွက်ပေးနိုင်သည့် အနေအထားရှိလိမ့်မည်ဖြစ်ကြောင်းနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**Myanmar National Post သတင်းဌာနမှ သတင်းထောက် နောင်တော်လေး** က မိမိယခုမေးမြန်းမည့်မေးခွန်းမှာ အမေရိကန်နိုင်ငံနှင့်ဆက်စပ်ကြောင်း၊ အဆိုပါနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးက ပြီးခဲ့သည့် ရက်ပိုင်းအတွင်းကပင် မြန်မာ့တပ်မတော်အနေဖြင့် လူမျိုးတုံးသတ်ဖြတ်မှုများကို လုပ်ဆောင်နေသည်ဟူသည့် စွပ်စွဲပြောဆိုမှုတစ်ခုကို ထုတ်ပြန်ခဲ့ကြောင်း၊ ထိုသို့ထုတ်ပြန်ရာတွင် မိမိတို့တိုင်းပြည်က အသိအမှတ်ပြုထားခြင်းမရှိသည့် လူမျိုးစုတစ်စု၏ နာမည်ကို သုံးစွဲ၍ ပြောဆိုခဲ့ကြောင်း၊ အဆိုပါ ပြောကြားချက်တွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် တပ်မတော်အကြား သွေးခွဲသည့်စကားများ ပါဝင်ကြောင်း၊ တိုင်းရင်းသားပြည်သူများအပေါ် တပ်မတော်က အနိုင်ကျင့်မှုများ ကျူးလွန်နေသည်ဆိုသည့် ပြောကြားချက်များ ပါဝင်သည်ကိုလည်း တွေ့ရကြောင်း၊ နိုင်ငံတကာသတင်းများကို လေ့လာရာတွင်လည်း အမေရိကန်နိုင်ငံသည် ၎င်းတို့ကိုယ်တိုင် အီရတ်၊ ဆီးရီးယားနှင့် အာဖဂန်နစ္စတန်နိုင်ငံတို့တွင် လူမျိုးတုံးသတ်ဖြတ်မှု ကျူးလွန်ရာရောက်သည့်လုပ်ရပ်များ ကျူးလွန်ခဲ့သည်ကို တွေ့ရကြောင်း၊ သို့သော် မိမိတို့မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ်စွပ်စွဲပြောဆို၍ ကမ္ဘာသို့ ဝါဒဖြန့်နေသည့်အတွက် ယခုကဲ့သို့ထုတ်ပြန်ချက်များ ထုတ်ပြန်၍ တုံ့ပြန်ပြောဆိုခြင်းထက် ပို၍ထိရောက်ပြတ်သားသည့် မည်ကဲ့သို့သော ဆောင်ရွက်ချက်မျိုး ဆောင်ရွက်သွားမည်ကို သိလိုကြောင်း မေးမြန်းသည်။

**Genocide ကျူးလွန်ခဲ့ခြင်းမရှိ**

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က အမေရိကန်နိုင်ငံအနေဖြင့် ၎င်းတို့၏ နိုင်ငံခြားရေးမူဝါဒများ ရှိလိမ့်မည်ဖြစ်ကြောင်း၊ သတင်းထောက်ကြီး ပြောကြားခဲ့သည့် ဝေဖန်ပြောဆိုမှုများကို မိမိတို့လည်း သိရပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း မိမိတို့၏ရပ်တည်ချက်ကို ယခင်ကတည်းကပင် ပြောပြီးဖြစ်ကြောင်း၊ ၂၀၁၇/၂၀၁၈ ခုနှစ်များတွင် ရခိုင်ပြည်နယ်၌ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များနှင့်ပတ်သက်၍လည်း သတင်းစာရှင်းလင်းပွဲများ ပြုလုပ်ခဲ့ကြောင်း၊ တပ်မတော်တစ်ရပ်လုံးအနေဖြင့် Genocide ကျူးလွန်ခဲ့ခြင်းမရှိကြောင်း၊ ကျူးလွန်ရန်လည်း မရှိကြောင်း၊ သို့သော် တာဝန်ထမ်းဆောင်ရာတွင် စစ်သည်တစ်ဦးချင်းအနေဖြင့်လည်းကောင်း၊ အစုအဖွဲ့ငယ်များအနေဖြင့် လည်းကောင်း၊ မှားယွင်းမှုများ ရှိကောင်းရှိနိုင်ကြောင်း၊ ထိုကိစ္စများကိုလည်း စုံစမ်းစစ်ဆေး၍ တရားဥပဒေအရ အရေးယူဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ကမ္ဘာပေါ်တွင် အမေရိကန်နိုင်ငံ၏ စွပ်စွဲပြောဆိုမှုနှင့် မည်သည့်နိုင်ငံမျှ မလွတ်ကင်းကြောင်း၊ အခြားနိုင်ငံများအပေါ် လူ့အခွင့်အရေးချိုးဖောက်သည်ဟု စွပ်စွဲပြောဆိုသော်လည်း ၎င်းတို့နိုင်ငံ၏ သမ္မတတစ်ဦး လက်ထက်တွင် အီရတ်နှင့် အာဖဂန်နစ္စတန်နိုင်ငံတို့၌ ဖြစ်ခဲ့သည့် ကိစ္စရပ်များကို သတင်းထောက်ကြီးတို့လည်း သိပြီးဖြစ်ကြောင်း၊ ထိုကိစ္စများကို ICC တင်မည်၊ ICJ တင်မည်ဟု ပြောဆိုသည့်အချိန်တွင် အဆိုပါတရားရုံးများနှင့် သက်ဆိုင်သည့် တရားသူကြီးများကို အမေရိကန်နိုင်ငံအတွင်းမှ နှင်ထုတ်မည်ဟု ပြောဆိုသည်အထိ ရှိခဲ့ကြောင်း၊ ၎င်းတို့၏ ရပ်တည်ချက်မှာ ထိုအတိုင်းသာဖြစ်ကြောင်း၊ မိမိတို့အနေဖြင့်လည်း လုပ်ရိုးလုပ်စဉ်အတိုင်းသာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့ကန့်ကွက်ရန်ရှိသည်များကို ကန့်ကွက်သွားမည်ဖြစ်ကြောင်း၊ ၎င်းတို့ကို ဂရုစိုက်နေမည်ဆိုပါက မိမိတို့လုပ်ရန်ရှိသည့် အလုပ်များကိုပင် လုပ်ဖြစ်မည်မဟုတ်ကြောင်း၊ ပြည်တွင်းအင်အားကို ခိုင်မာအောင် တည်ဆောက်ရမည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ဆောင်ရွက်သွားမည်ဟုပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

**ခေတ်ပုံရိပ်သတင်းဂျာနယ်မှ သတင်းထောက် ဒေါ်သန်းသန်းဌေး** က ယခုကဲ့သို့ နိုင်ငံတော်၌ အကျပ်အတည်းဖြစ်ပေါ်နေသည့်ကာလတွင် ကုန်ဈေးနှုန်းကလည်း တစ်နေ့တခြား တက်နေသကဲ့သို့ စက်သုံးဆီဈေးမှာလည်း အဆမတန်မြင့်မားနေကြောင်း၊ အခြေခံလူတန်းစားတော်တော်များများမှာ စားဝတ်နေရေးကျပ်တည်းနေသည်ကိုလည်း တွေ့ရကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် ပြည်သူများအဆင်ပြေစေရန် ကုန်ဈေးနှုန်း ထိန်းချုပ်လျှော့ချပေးရန် အစီအစဉ် ရှိ/မရှိနှင့် ယာဉ်စီးခနှုန်းထားများ အဆမတန်ကြီးမားနေသည်ကို သင့်တော်သည့်ဈေးနှုန်းများ သတ်မှတ်ထိန်းချုပ်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ သိလိုကြောင်း မေးမြန်းသည်။

**ပံ့ပိုးမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်**

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ယခုဖြစ်ပေါ်နေသည့် ကုန်ဈေးနှုန်းများနှင့် ယာဉ်စီးခနှုန်းထားများ ကြီးမြင့်နေမှုကို ယခင်ဆိုရှယ်လစ်ခေတ်ဆိုပါက ကန့်သတ်ချက်များ လုပ်၍ရကြောင်း၊ သို့သော် ယခုအချိန်တွင် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးနေခြင်းဖြစ်သည့်အတွက် ထိုကဲ့သို့လုပ်၍မရကြောင်း၊ သို့သော် မိမိတို့အနေဖြင့် ပြည်သူလူထု၏ စားဝတ်နေရေးချောင်လည်လာစေရန်အတွက်၊ စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းများ အဆင်ပြေစေရန်အတွက် ပံ့ပိုးမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယာဉ်စီးနှုန်းခကြီးမြင့်မှုမှာ စက်သုံးဆီဈေးနှုန်း ကြီးမြင့်နေသည့်အတွက်ကြောင့်ဖြစ်ကြောင်း၊ အဆိုပါကိစ္စနှင့်ပတ်သက်ပြီး ပြောရမည်ဆိုပါက မိမိတို့နိုင်ငံသည် စက်သုံးဆီထွက်ရှိသည့် နိုင်ငံမဟုတ်ကြောင်း၊ ရေနံထွက်ရှိသည်ဆိုသော်လည်း လုံလောက်မှုမရှိသည့်အတွက် ပြည်ပမှ မှာယူ တင်သွင်းနေရကြောင်း၊ ထိုသို့ ပြည်ပမှတင်သွင်းရသည့်အတွက် ပထမဆုံး မိမိတို့လုပ်ဆောင်သည်မှာ မိမိကိုယ်တိုင် ချွေတာခြင်းဖြစ်ကြောင်း၊ ပြည်သူလူထုကို ချွေတာခိုင်းနေခြင်း မဟုတ်ကြောင်း၊ အစိုးရအနေဖြင့် စက်သုံးဆီသုံးစွဲမှုများကို ချွေတာရန်အတွက် အစိုးရဝန်ကြီးဌာနများတွင် စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း၊ ပြည်သူလူထုကို အတင်းအကျပ်လုပ်ခိုင်း၍မရကြောင်း၊ ပညာပေးအစီအစဉ်အနေဖြင့် မည်ကဲ့သို့ လျှော့သုံးသင့်ကြောင်း အသိပညာပေးမှုများကိုလည်း လုပ်ဆောင်နေကြောင်း၊ ရေနံကို သက်သာသည့်ဈေးနှုန်းဖြင့် တင်သွင်းခွင့်များရရှိမှသာလျှင် ထိုကိစ္စကို ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း၊ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ဖြေကြားသည်။

**ခေတ်ပုံရိပ်သတင်းဂျာနယ်မှ သတင်းထောက် ဒေါ်သန်းသန်းဌေး** က အကြောင်းအမျိုးမျိုးကြောင့် ပုဒ်မ ၅၀၅ ဖြင့် တရားစွဲခံနေရသည့် မီဒီယာနှင့် အရပ်သားပြည်သူများကို သက်ညှာစဉ်းစားပေးပြီး ဖြေလျှော့ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိသိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ယင်းကိစ္စများကို မိမိတို့လုပ်ဆောင်လျက်ရှိကြောင်း၊ သို့သော် ကာယကံရှင်များ၏ ကိုယ်တိုင်ဝန်ခံချက်လိုအပ်ကြောင်း၊ ၎င်းတို့၏ ဝန်ခံချက်ဖြင့် သက်ဆိုင်ရာပြည်ထဲရေးဝန်ကြီးဌာနသို့ တင်ရမည်ဖြစ်ကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနကလည်း လုပ်ဆောင်ပေးလျက်ရှိကြောင်း၊ ကာယကံရှင်များ၏ ဝန်ခံချက်ရသည်နှင့် ခံဝန်ဖြင့်လွှတ်ပေးရေး ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် ကျူးလွန်ခဲ့သူများအနက် အဓိကအားဖြင့် ရာဇဝတ်မှုကျူးလွန်ထားခြင်း မရှိသူများနှင့် ဦးဆောင်လှုံ့ဆော်သူများ မဟုတ်ပါက သက်ညှာစွာစဉ်းစားပေးပြီး ခံဝန်ဖြင့် ပြန်လည်လွှတ်ပေးနိုင်ရေးကို ရာဇဝတ်ကျင့်ထုံး ဥပဒေအရ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခြင်းမှာလည်း တိုင်းရင်းသားပြည်သူအားလုံး နိုင်ငံတော်တည်ဆောက်ရေး တာဝန်များတွင် ပါဝင်နိုင်ရန်ရည်ရွယ်ပြီး ဆောင်ရွက်ပေးခြင်းဖြစ်သည်ဟု ပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

# (၇၇) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်ထားရှိသည့် နေပြည်တော်ရှိ တပ်မတော်ပန်းခြံနှင့် သူရဲကောင်းဗိမာန်(နေပြည်တော်)နှင့် ရန်ကုန်မြို့ရှိ တော်လှန်ရေးပန်းခြံတို့၌ လာရောက်လေ့လာအပန်းဖြေသူများဖြင့် စည်ကားလျက်ရှိ

**နေပြည်တော် မတ် ၃၀**

(၇၇)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော် စစ်ရေးပြကွင်းကြီးရှေ့ရှိ တပ်မတော်ပန်းခြံအား ဖွင့်လှစ်ထားရှိရာ ယနေ့တွင်လည်း လာရောက်အပန်းဖြေသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ထို့အပြင် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် အသက်ကို စွန့်လွှတ်ခဲ့ရသည့် သူရဲကောင်းများအား ဂုဏ်ပြုရန်နှင့် မျိုးဆက်သစ်လူငယ်များ၏ စိတ်တွင် နိုင်ငံကိုချစ်သည့်စိတ်နှင့် နိုင်ငံတော်အတွက် စွန့်လွှတ်စွန့်စားလိုသည့် စိတ်ဓာတ်များ ရှင်သန်ကိန်းအောင်းလာစေရန် ရည်ရွယ်ချက်ဖြင့် တည်ဆောက်ထားသည့် သူရဲကောင်းဗိမာန် (နေပြည်တော်) တွင်လည်း ကျဆုံးလေပြီးသော တပ်မတော်သား သူရဲကောင်းစစ်သည်များကို လာရောက်အလေးပြုကြသူများ၊ အောင်ဆန်းသူရိယဘွဲ့ရရှိခဲ့သူ ခြောက်ဦး၏ ရုပ်တုများကို လာရောက်လေ့လာကြသူများဖြင့် စည်ကားလျက်ရှိသည်။

နေပြည်တော်ရှိ တပ်မတော်ပန်းခြံအတွင်း ရောင်စုံရေပန်းများ၊ မီးအလှများ စုံလင်စွာတပ်ဆင်ထားရှိပြီး တပ်မတော်နေ့အထိမ်းအမှတ် မီးရှူးတိုင်၊






ပထမ၊ ဒုတိယ၊ တတိယ မြန်မာနိုင်ငံတော်တို့ကို ထူထောင်ခဲ့သော အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရား မင်းမြတ်သုံးပါး ရုပ်တုကြီးများ ခံ့ညားထည်ဝါစွာရှိသည့်အပြင် အနီးပတ်ဝန်းကျင်တွင်လည်း ဖေယျာသီရိကုန်တိုက်၊ ကလေးကစားကွင်း၊ ရေကူးကန်၊ စားသောက်ဆိုင်များလည်းရှိကာ လာရောက်အပန်းဖြေကြသည့် မိဘပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများဖြင့် စည်ကားလျက်ရှိသည်။

အဆိုပါ တပ်မတော်ပန်းခြံကို မတ် ၂၈ ရက်မှ စတင်၍ ဧပြီ ၁ ရက်အထိ နေ့စဉ် ညနေ ၅ နာရီခွဲမှ ည ၉ နာရီခွဲအထိ ဖွင့်လှစ်ထားရှိမည်ဖြစ်ကာ တပ်မတော်ပန်းခြံနှင့် သူရဲကောင်းဗိမာန် (နေပြည်တော်)တို့ကို မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုအပန်းဖြေလေ့လာနိုင်ကြောင်း သိရသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ တော်လှန်ရေးပန်းခြံတွင်လည်း မုခ်ဦးများ၊ ပန်းအလှပင်များ၊ (ကြည်း၊ ရေ၊ လေ)တံဆိပ်၊ သမိုင်းဝင်စစ်ထွက်သပြေပင်နှင့် မြင်းချည်တိုင်သပြေပင်တို့၌ မီးအလှများ ဆင်ယင်ထားရှိပြီး (၇၇)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသည့်အနေဖြင့် တင့်ကားပုံ၊ စစ်ရေယာဉ်ပုံ၊ ရဟတ်ယာဉ်ပုံ၊ တပ်မတော်သုံးအမြောက်ပုံများကို မီးအလှဆင်ထားပြီး မီးအလှများ၊ မီးရှူးတိုင်အလှမီးများဖြင့် လှပစွာထွန်းညှိထားရှိရာ လာရောက်လည်ပတ်ကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဗဟန်းမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် မတ် ၃၀**

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက ဗဟန်းမြို့နယ် ရေတာရှည်ရပ်ကွက်ရှိ ဘုန်းကြီးကျောင်းတွင် ရပ်ကွက်နေ ပြည်သူများအား ပန်းခင်းစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ပန်းခင်းစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးရာတွင် ရန်ကုန် အနောက်ပိုင်းခရိုင် မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ဇော်မိုးက လက်မှတ်များ ပေးအပ်ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက အသက်(၁၀)နှစ်ပြည့် နိုင်ငံသားကတ်လျှောက်ထားသူ ၃၁ ဦး၊ အသက်(၁၈)နှစ်အထက် နိုင်ငံသားကတ်လျှောက်ထားသူ နှစ်ဦး၊ နိုင်ငံသားကတ်အသစ် လဲလှယ်လျှောက်ထားသူ ၁၆ ဦး၊ နိုင်ငံသားကတ် ပျောက်/ပျက်မိတ္တူဆောင်ရွက်သူ ၁၅ ဦးတို့အား နိုင်ငံသားကတ်ပြားများနှင့် အိမ်ထောင်စုစာရင်းတို့ကို သတ်မှတ်စည်းကမ်းများနှင့်အညီ ဆောင်ရွက်ပေးသည်။




ထိုသို့ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်း ဆောင်ရွက်ခြင်းကို မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကိုလတ်နှင့် တာဝန်ရှိသူများ၊ မြို့နယ်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က လုပ်ငန်းအဆင်ပြေချောမွေ့စေရန် ဝိုင်းဝန်းကူညီခဲ့ကြကြောင်း သိရသည်။

**အာကာလင်း**

## ညောင်ရွှေမြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

**ညောင်ရွှေ မတ် ၃၀**

ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ခြင်းကို မတ် ၂၈ ရက် နံနက်ပိုင်းက ညောင်ရွှေမြို့နယ် နောင်တောကျေးရွာအုပ်စု ကိုလုံကျေးရွာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးသည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တောင်ကြီးခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမင်းမင်းဇော်နှင့် ညောင်ရွှေမြို့နယ်ဦးစီးမှူး ဦးမောင်မောင်ဇော်တို့က ကြီးကြပ်စစ်ဆေး ဆောင်ရွက်ပေးခဲ့ပြီး ကိုလုံကျေးရွာရှိ လူဦးရေ ၂၇၉ ဦးနှင့် အိမ်ထောင်စု ၅၁ စုတို့ကို နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**နေမျိုးသူရိန်**





**စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ပန်းခင်းစီမံချက်ဖြင့် ကန့်ဘလူမြို့နယ်ရှိ ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းများကို မတ် ၃၀ ရက်က မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်မော်နှင့် ဝန်ထမ်းများက ဆောင်ရွက်ပေးစဉ်။**

(ကန့်ဘလူမြို့နယ်တွင် မတ် ၁ ရက်မှ မတ် ၃၀ ရက်အထိ စုစုပေါင်း ၉၆၂ ဦး ဆောင်ရွက်ပေးနိုင်ခဲ့ပြီး မြို့နယ်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ စတင်ဆောင်ရွက်သည့်နေ့မှ ယနေ့အထိ ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။)

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် မတ် ၃၀**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကော့သောင်းမြို့တွင် ၀ ဒသမ ၉၈ လက်မ၊ ကျိုင်းတုံမြို့တွင် ၀ ဒသမ ၄၃ လက်မ၊ ပင်လောင်းမြို့တွင် ၀ ဒသမ ၃၅ လက်မတို့နှင့် မိုင်းဆတ်မြို့တွင် ၀ ဒသမ ၃၂ လက်မတို့ဖြစ်ကြသည်။

**မိုး/ဇလ**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃၁-၃-၂၀၂၂ ကြာသပတေးနေ့

**MRTV HD**

**၀၆:၀၀** မေတ္တသုတ်၊ ရတနသုတ်၊ တောမြှိုက်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ပြည်သူအားလုံးနှင့်သက်ဆိုင်သော အနာဂတ်ဒီမိုကရေစီ
**၀၉:၁၀** နဝင်္ဂဥပေါ်သာထဲသီလ
**၁၀:၀၀** သတင်းထဲကသတင်း
**၁၂:၃၀** 'မြတ်စွာဘုရားနှစ်သက်သောဘဝနေထိုင်နည်း' တရားတော်
**၁၃:၃၀** MRTV National News
**၁၄:၄၀** လန်ချန်း-မဲခေါင်ရုပ်သေးပွဲတော်အစီအစဉ်
**၁၅:၀၀** မြန်မာ့ရုပ်မြင်သံကြားဇာတ်လမ်း 'တစ်ပါးသီလ - ၂'
**၁၆:၃၅** မျက်မှောက်ရေးရာအဖြာဖြာ
**၁၇:၁၀** Soccer View
**၁၇:၃၀** လူမှုစီးပွားမြင်ကွင်းများ
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၁၉:၁၀** မြန်မာဇာတ်လမ်းတွဲ **'ရစ်ကွက်ထဲမှာဒီလိုပဲ'** (အပိုင်း-၁၃) (ကျော်ကျော်၊ Wai လျှံ၊ ဆောင်းယွန်းစံ)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
**၂၁:၀၀** သံစဉ်ချိုမြမြန်မာတေးအလှ
**၂၁:၃၅** **'သုဝဏ္ဏသာမဇာတ်တော်ကြီး'** (မန်းသိင်္ဂီရုပ်စုံသဘင်)

**mitv**

**07:01** Lat Yay Ta Pyin Htal (Yin Wai Yan Tun)
**07:10** Let's Taste Delicious Insects: Cricket Samosas, Pounded Crickets and Potato
**07:29** Ecotourism: Shwebo & Hanlin (Ancient Pyu City)
**07:44** Lancang-Mekong, a River of Friendship
**07:48** 6th Anniversary of the Mekong-Lancang Cooperation
**08:01** Styles of Mro & Thet
**08:08** MRTV-3 Myanmar International to MITV
**08:51** New Destination for Sea Lovers
**09:01** News
**09:27** Star Bean Production
**09:46** Sarus Crane in Myanmar

**MRTV NRC**

**ဝကောကရင် (၀၆:၀၀ မှ ၀၇:၀၀)** သွားပိုးစားခြင်း
**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)** ချင်းရိုးရာအစားအစာသီးဆော့
**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)** ကရင်စကားပြောကြရအောင်(အပိုင်း-၅)
**ချင်း (လိုင်ဇိုး) (၀၉:၀၀ မှ ၁၀:၀၀)** တောင်ကြာပန်းများပျော်စရာဇိနှမ္ပတောင်
**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)** ချင်း(ချိုး)ဘာသာစကားပြောကြရအောင် (အပိုင်း-၁)
**မွန် (၁၁:၀၀ မှ ၁၃:၀၀)** ဒီရေတောနှင့်ရှင်သန်သူ
**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)** လခြမ်းမြေမှရိုးရာအလှ(အပိုင်း-၁)
**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)** ကိုယ်ဝန်ဆောင်မိခင်များ စိတ်အပြောင်းအလဲမြန်ရခြင်း
**ဝ (၁၇:၀၀ မှ ၁၉:၀၀)** လွိုင်မွေ့မြို့သို့အလည်တစ်ခေါက်
**ကချင် (၁၉:၀၀ မှ ၂၁:၀၀)** အလှပြာဝေပနော်မြေ
**ကယား (၂၁:၀၀ မှ ၂၃:၀၀)** ကယားတိုင်းရင်းသားတို့စံပျော်ရာတောင်ပေါ်ဒေသ

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၄၅** တို့များချစ်ခင်အသုံးဝင်မြန်မာ့ထန်းတော ထန်းပင်(ပထမပိုင်း)
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'အရိပ်တကြည့်ကြည့်'**
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၈)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ)(အပိုင်း-၂)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၈)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၂၅** မြန်မာ့ဆီအိုးထဲမှနှမ်း
**၀၆:၅၀** သုတေသနဖွံ့ဖြိုးမှုစွမ်းဆောင်ရည်မြှင့်ဝ
**၀၇:၁၀** ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး
**၀၇:၄၀** ရေပုတ်သင်မွေးမြူရေး
**၀၈:၀၀** ဆွေးနွေးကြမယ်၊ စိုက်ပျိုးမွေးမြူနည်း အသွယ်သွယ်
**၀၉:၄၀** ကုန်စည်ဒိုင်နှင့်စိုက်တောင်သူ

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal





# CoronaVac (Sinovac) အမျိုးအစား ကိုဗစ်-၁၉ ကာကွယ်ဆေးများ ရောက်ရှိ

ရန်ကုန် မတ် ၃၀

The Global Alliance for Vaccine and Immunization-GAVI (COVAX Facility) အဖွဲ့မှ မြန်မာနိုင်ငံသို့ လှူဒါန်းသည့် CoronaVac (Sinovac) အမျိုးအစား ကိုဗစ်-၁၉ ကာကွယ်ဆေး ၂,၂၄၂,၈၀၀ doses သည် လေကြောင်းပျံသန်းအမှတ် Sichuan Airlines 3 U 3929 ဖြင့် ယနေ့ ညနေ ၄ နာရီခန့်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိရာ တာဝန်ရှိသူများကစစ်ဆေး၍ စနစ်တကျ လက်ခံသည်။

အဆိုပါ ကာကွယ်ဆေးများကို အအေးလမ်းကြောင်းမပျက် ထိန်းသိမ်းထားရှိ၍ ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ကာကွယ်ဆေးထိုးလုပ်ငန်းများတွင် အသုံးပြု ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃၀- ၃ - ၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၂၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၀၇၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၂၇၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၀၇၈၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၁၄၅/၂၁၈၀ ကျပ် | ၂၁၈၅/၂၂၀၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၁၅၅/၂၁၉၅ ကျပ် | ၂၂၁၀/၂၂၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၅၀/၂၀၀၅ ကျပ် | ၂၀၄၅/၂၀၈၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၅၅/၂၀၈၅ ကျပ် | ၂၁၇၀/၂၂၂၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၈ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၈၂ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၁၃ . ၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၃၈၅ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၆၁ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၂ . ၈၈ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၈၀ . ၀၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၄၅၄ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၈၀၀ | ၇၈၀၀ | ၃၈၈ | ၃၀၂၆၄၀၀ |
| MTSH | ၂၈၀၀ | ၂၇၅၀ | ၅၇၀ | ၁၅၇၂၉၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၈၅၀၀ | ၁၈၅၀၀ | ၅၁၁ | ၉၄၅၃၅၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၆၀၀ | ၂၆၀၀ | ၈၃၅ | ၂၁၇၁၀၀၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၆ | ၂၉၄၀၀ |

ညီညီ - စုစည်းသည်


**မြန်မာ့အလင်း**

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**ခေတ္တစာတည်းမှူး** - မြင့်စိုး
**သတင်းထောက်မှူး** - ခင်ရတနာ
**စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
**ဘာသာပြန်စာတည်း** - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
**အငယ်တန်းသတင်းထောက်များ** - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
**ဓာတ်ပုံသတင်းထောက်** - တင်စိုး
**သုတေသန** - အိအိခင်နှင့် အဖွဲ့
**စာပြင်** - အေးအေးမိုးလှိုင်နှင့် အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း** - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
**အီးမေးနှင့် အွန်လိုင်း** - သက်လွင်ဦးနှင့် အဖွဲ့
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)



mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုလာစေမည့် ဧရာဝတီတံတား(သရက် - အောင်လံ)

မေရတနာ

**တသွင်သွင်စီးဆင်းနေသော ဧရာဝတီမြစ်၏ အရှေ့ဘက်နှင့် အနောက်ဘက် တစ်ဖက်တစ်ချက်စီတွင် ယာဉ်ယန္တရားများဖြင့် ဧရာဝတီတံတား(သရက်-အောင်လံ) တည်ဆောက်ရေးလုပ်ငန်းခွင်သည် လှုပ်ရှားသက်ဝင်နေသည်။ နေ့ဆိုင်း၊ ညဆိုင်း တာဝန်များ အလှည့်ကျထမ်းဆောင်ရင်း နေ့ညမပြတ် တည်ဆောက်ရေးလုပ်ငန်းများလည်ပတ်ကာ တံတားပြီးစီးရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ ဝန်ထမ်းများသည် ကြိုးပမ်းဆောင်ရွက်နေကြသည်။**



ဧရာဝတီတံတား(သရက် - အောင်လံ) တံတားချဉ်းကပ်လမ်း တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။

### အချိန်မကုန်တော့

သရက် - အောင်လံသားများအနေဖြင့် တံတားကြီးပြီးစီး၍ အသုံးပြုနိုင်သည့်အခါ ပြည်သူများ၏ နေ့စဉ် လူမှုစီးပွားဘဝ လှုပ်ရှားမှုများသည် အချိန်မကုန်တော့ဘဲ လွယ်လင့်တကူ ဆက်သွယ်သွားလာနိုင်ဖို့ မျှော်လင့်နေကြခြင်းဖြစ်သည်။

"မြစ်အရှေ့ခြမ်းနဲ့ အနောက်ခြမ်း ဖွံ့ဖြိုးမှုကို တူညီစေဖို့ဆိုတာ တံတားရှိမှပါ။ ကျွန်တော်က သရက်မြို့သားပါ။ စားဝတ်နေရေးအတွက် သရက်-အောင်လံဆိုတာ ဥဒဟိုကူးသန်းနေရတာပါ။ အောင်လံမှာ အလုပ်ကိစ္စရှိရင် အောင်လံဘက်မှာ အလုပ်အတွက် သွားဖို့လာဖို့ ဆိုင်ကယ်လည်း လိုတယ်။ သရက်ဘက်ကမ်းကနေ လူအပြင် ဆိုင်ကယ်ပါ မော်တော်ပေါ်တင်၊ ပြီးတော့ အောင်လံဘက်ကမ်းရောက်တော့ ပြန်ချပြီးမှ သုံးရတာ။ ဒီတော့ လူစီးခ၊ ဆိုင်ကယ်ခ အခကြေးငွေ ကုန်ကျမှုရှိတယ်။ ဆိုင်ကယ်မပါဘူးဆိုရင် အောင်လံဘက်ကျ ကယ်ရီခ ထပ်ကုန်မှာဖြစ်တဲ့အတွက် ဒုက္ခခံသယ်ရတာပါပဲ။ တံတားကြီးပြီးသွားပြီဆိုရင်တော့ ကိုယ့်ဆိုင်ကယ်နဲ့ သွားချင်တဲ့အချိန်မှာ လွယ်လင့်တကူ အချိန်မကုန်ဘဲ သွားနိုင်တော့မယ်။ လူဆိုတာ စားဝတ်နေရေးအတွက် သွားလာလှုပ်ရှားနေရမှာ ဖြစ်တဲ့အတွက် ဒီတံတားက အများကြီး အထောက်အကူဖြစ်စေမှာပါ။ ဒါကြောင့် တံတားကြီး အမြန်ပြီးဖို့ မျှော်လင့်ပါတယ်" ဟု သရက်မြို့ခံ ဦးအောင်ကျော်ဦးက ပြောသည်။

ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်၊ ပထဝီအနေအထား/သဘာဝအနေအထားအရ ဖွံ့ဖြိုးတိုးတက်မှုနှင့် ကွာခြားနေမှုကို လျှော့ချရန်၊ ကုန်စည်နှင့် ဝန်ဆောင်မှု လျင်မြန်သွက်လက်စေရန်အတွက် လမ်းပန်းဆက်သွယ်ရေးသည် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

နိုင်ငံအတွင်း လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေရေးအတွက် လမ်းများ အဆင့်မြှင့်တင်ခြင်း၊ လမ်းသစ်ဖောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ လမ်းများနှင့်အတူ တံတားများအားလုံး တစ်ပြေးညီ တိုးတက်ကောင်းမွန်ရေးကို တံတားဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည်။

### ၄၅ ရာခိုင်နှုန်း ပြီးစီး

ထိုကဲ့သို့ သွားလာဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာမှုနှင့်အတူ မကွေးတိုင်းဒေသကြီး၏ ဒေသတွင်း လူမှုစီးပွားကို များစွာအထောက်အကူပြုစေမည့် တည်ဆောက်ဆဲ ဧရာဝတီတံတား(သရက်-အောင်လံ) တည်ဆောက်ရေးစီမံကိန်းသည် ယခုအခါ တံတားတစ်စင်းလုံး တည်ဆောက်မှု၏ ၄၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

"ပြီးစီးတဲ့ လုပ်ငန်းတွေပြောရရင် ပင်မတံတားအုတ်မြစ်လုပ်ငန်းနဲ့ ကိုယ်ထည် လုပ်ငန်း ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးပါပြီ။ သရက်ဘက်က ချဉ်းကပ်တံတား မီတာ ၃၀ စီ ပါဝင်တဲ့ ခန်းဖွင့် ၁၀ ခန်းမှာ ကိုးခန်းက ကြမ်းခင်းလုပ်ငန်းအထိ ဆောင်ရွက်ပြီးပါပြီ။ အောင်လံဘက်ကတော့ မီတာ ၃၀ စီ ပါဝင်တဲ့ ချဉ်းကပ်တံတားရဲ့ ခန်းဖွင့် ခုနစ်ခန်း ကြမ်းခင်းလုပ်ငန်းအထိ ဆောင်ရွက်ပြီးပါပြီ။ ချဉ်းကပ်တံတားကို ကြိုတင်အားဖြည့် သံကူကွန်ကရစ်ရက်မတွေနဲ့ တည်ဆောက်ထားပါတယ်။ နှစ်ဖက်ချဉ်းကပ်တံတားတွေရဲ့ လက်ရန်းလုပ်ငန်းတွေကတော့ ကျန်ပါသေးတယ်" ဟု ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့ (၃)မှ ညွှန်ကြားရေးမှူး ဦးဌေးအောင်က ပြောကြားသည်။

### စတင်ဆောင်ရွက်

အဆိုပါ တံတားတည်ဆောက်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းဖြစ်နိုင်ခြေဆန်းစစ်လေ့လာခြင်းလုပ်ငန်းကို ၂၀၁၅ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး တည်ဆောက်ရေးလုပ်ငန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၃)မှ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်တွင် စတင်ဆောင်ရွက်ခဲ့သည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အကြိုအင်ဂျင်နီယာ လုပ်ငန်းများကိုလည်းကောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ချဉ်းကပ်တံတား အုတ်မြစ်နှင့် ကိုယ်ထည်လုပ်ငန်းများကိုလည်းကောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ချဉ်းကပ်တံတားအုတ်မြစ်၊ ကိုယ်ထည်နှင့် အပေါ်ထည်လုပ်ငန်းများကိုလည်းကောင်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ပင်မတံတား ရေလယ်တိုင် အုတ်မြစ်နှင့် ကိုယ်ထည်လုပ်ငန်းများကိုလည်းကောင်း၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်(Mini Budget) တွင် ပင်မတံတား ရေလယ်တိုင် အုတ်မြစ်နှင့် ကိုယ်ထည်လုပ်ငန်းများကိုလည်းကောင်း တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၃)က ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

**❍ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်၊ ပထဝီအနေအထား/သဘာဝအနေအထားအရ ဖွံ့ဖြိုးတိုးတက်မှုနှင့် ကွာခြားနေမှုကို လျှော့ချရန်၊ ကုန်စည်နှင့် ဝန်ဆောင်မှု လျင်မြန်သွက်လက်စေရန်အတွက် လမ်းပန်းဆက်သွယ်ရေးသည် အဓိကကျ**

**❍ မကွေးတိုင်းဒေသကြီး၏ ဒေသတွင်း လူမှုစီးပွားကို များစွာအထောက်အကူပြုစေမည့် တည်ဆောက်ဆဲ ဧရာဝတီတံတား (သရက် - အောင်လံ) တည်ဆောက်ရေးစီမံကိန်းသည် ယခုအခါ တံတားတစ်စင်းလုံး တည်ဆောက်မှု၏ ၄၅ ရာခိုင်နှုန်းပြီးစီး**



ဧရာဝတီတံတား(သရက် - အောင်လံ) တည်ဆောက်ရေးလုပ်ငန်းခွင်ကို တွေ့ရစဉ်။

### ၅၅ ရာခိုင်နှုန်း ကျန်

"တံတားကြီး ပြီးစီးဖို့က ရာခိုင်နှုန်းနဲ့ ပြောရင်တော့ ၅၅ ရာခိုင်နှုန်း ကျန်တယ်။ လုပ်ငန်းရပ်အနေနဲ့ ကျန်နေတာကို ပြောရရင်တော့ ပင်မတံတားသံပေါင်တပ်ဆင်တာ၊ ပင်မတံတား သံပေါင်ပေါ်မှာ ကားလမ်းကြမ်းခင်း ခင်းတာနဲ့ ချဉ်းကပ်တံတား နှစ်ဖက်ပေါ်မှာ လက်ရန်းတွေ တပ်ဆင်တာ စတဲ့ လုပ်ငန်းတွေ ဖြစ်ပါတယ်။ ဒါကတော့ ကျန်တဲ့ လုပ်ငန်းအားလုံးဖြစ်ပြီးတော့ ရှေ့လာမယ့် ဘဏ္ဍာနှစ်အတွက် ဆောင်ရွက်မယ့် လုပ်ငန်းတွေကတော့ လျာထားပြီးဖြစ်ပါတယ်။ တံတား ပြီးစီးပြီး ပြည်သူတွေ ဆက်သွယ်သွားလာမှု အဆင်ပြေစေဖို့အတွက် ကျန်နေသေးတဲ့ လုပ်ငန်းရပ်တွေကိုလည်း ဘဏ္ဍာငွေရရှိမှုအရ အမြန်ဆုံး၊ အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းသွားမှာပါ" ဟု တံတားတည်ဆောက်ရေးအဖွဲ့(၃)မှ ညွှန်ကြားရေးမှူးက ပြောသည်။ *စာမျက်နှာ ၂၁ သို့*

# ကရင်ပြည်နယ်ဝန်ကြီးချုပ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအားပေး



**ဘားအံ မတ် ၃၀**

၂၀၂၂ ခုနှစ် မတ် ၃၁ ရက်တွင် တက္ကသိုလ်ဝင်စာမေးပွဲများကို စတင်ဖြေဆိုကြတော့မည်ဖြစ်ရာ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများသည် ယမန်နေ့က တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် ဘားအံမြို့ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် တည်းခိုရောက်ရှိနေသော ရပ်ဝေးကျောင်းသား ကျောင်းသူများအား သွားရောက်တွေ့ဆုံ အားပေး၍ စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။ **(ယာပုံ)**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ဓမ္မာရုံ၌ နောင်လုံဌာန်ပတိုင်ကျောင်းဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တဝိဇ္ဇာနန္ဒနှင့် ခြံကလေးအောင်ရတနာကျောင်း ဆရာတော်ဘဒ္ဒန္တဝိမလတို့အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများနှင့် အလှူတော်ငွေများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် ခြံကလေးအောင်ရတနာဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် တည်းခိုရောက်ရှိနေထိုင်သော ကျောင်းသားကျောင်းသူ ၉၃ ဦး၊ ဆရာ ဆရာမနှင့် အုပ်ထိန်းသူ ၂၉ ဦး စုစုပေါင်း ၁၂၂ ဦးအတွက် ဆန်၊ ဆီ၊ ပဲ၊ ကြက်ဥ အစရှိသော စားသောက်ကုန်များ ထောက်ပံ့ပေးအပ်ကာ ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်သော ဘားအံမွေးမြူရေးဇုန်အဝင်လမ်း အရှည် ၃ ဖာလုံနှင့် ပေ ၁၈၀၊ အကျယ် ၂၆ ပေရှိ ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းခွင်အား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘားအံမွေးမြူရေးဇုန်၌ ပြည်တွင်း၊ ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကြက်၊ ဆိတ်၊ ဝက်၊ နွား အစရှိသည့် မွေးမြူရေးလုပ်ငန်းများ စတင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် တောင်သူဦးပိုင်ဝင်း၏ ဥစားကြက်မွေးမြူရေးခြံ၊ တောင်သူ ဦးသိန်းမြင့်၏ ဆိတ်မွေးမြူရေးခြံနှင့် တောင်သူအောင်ဆန်းဦး၏ဆိတ်မွေးမြူရေးခြံများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဇုန်အတွင်း ရာနှုန်းပြည့်မွေးမြူလုပ်ကိုင်နိုင်စေရေး မှာကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း**
**(ပြန်/ဆက်)**

# မွန်ပြည်နယ်အတွင်းရှိ ရုပ်ရှင်ရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆွေးနွေး



**မော်လမြိုင် မတ် ၃၀**

မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များသည် ပြည်နယ်အတွင်းရှိ ရုပ်ရှင်ရုံပိုင်ရှင်များ၊ ကိုယ်စားလှယ်များနှင့် တွေ့ဆုံ၍ ရုပ်ရှင်ရုံပြန်လည်ဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မွန်ပြည်နယ်အတွင်းရှိ ရုပ်ရှင်ရုံများဖြစ်သည့် ဘုရင့်ရုံ၊ ရတနာဦး(သီရိမြိုင်) ရုပ်ရှင်ရုံ၊ Ocean ရုပ်ရှင်ရုံများမှာ သက်တမ်းတိုး ဆောင်ရွက်ပြီး ကျန်ရုပ်ရှင်ရုံများက လုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ရုပ်ရှင်လုပ်ငန်း ဆောင်ရွက်နိုင်ခြင်း မရှိသေးသော နန်းတော်ရုံ၊ မြိုင်ရုံ၊ ရွှေကြယ်ရုံနှင့် မြင့်မြတ်ရုပ်ရှင်ရုံများသည် သတ်မှတ်စည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရန် အခက်အခဲရှိပါက သက်ဆိုင်ရာသို့တင်ပြနိုင်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမြတ်သွင်၊ မွန်ပြည်နယ်ဥပဒေချုပ် ဦးမြင့်အောင်တို့က ရုပ်ရှင်ရုံများ ပြန်လည်ဖွင့်လှစ် နိုင်ရေးအတွက် လိုအပ်သည့်အချက်များကို အကြံပြုဆွေးနွေးတင်ပြခဲ့ကြသည်။

ထို့နောက် မွန်ပြည်နယ်အတွင်း ရုပ်ရှင်ရုံလုပ်ငန်းဆောင်ရွက်နိုင်ခြင်း မရှိသေးသော ရုပ်ရှင်ရုံလေးရုံ ပိုင်ရှင်နှင့် ကိုယ်စားလှယ်များက ရုပ်ရှင်ရုံများ လက်ရှိဆောင်ရွက်နေသည့် အခြေအနေများကိုတင်ပြဆွေးနွေးရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

*စာမျက်နှာ ၂၀ မှ*

တံတားဦးစီးဌာနအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ချဉ်းကပ်တံတားများ၏လက်ရန်းများ ဆောင်ရွက်ခြင်း၊ ပင်မတံတားသံပေါင် တပ်ဆင်ခြင်း အပိုင်း သုံးပိုင်းမှ ပထမအပိုင်း၏ သံပေါင်တပ်ဆင်ခြင်းလုပ်ငန်းကို ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ရုပ်လုံးပေါ်လာပြီ**

"တံတား တည်ဆောက်မှုက တဖြည်းဖြည်းတော့ ရုပ်လုံးပေါ်လာပြီ။ တံတားပြီးသွားရင် အများသူငှာ ရောဝတီမြစ်ကို ဖြတ်သန်းသွားဖို့ မိနစ်ပိုင်းပဲကြာတော့မှာဆိုတဲ့စိတ်နဲ့ ဝမ်းသာပီတိဖြစ်ရတယ်။ ဒီလို မိနစ်ပိုင်းနဲ့ ကူးသန်းသွားလာနိုင်တဲ့အတွက် ပိုပြီးကောင်းလာတဲ့ ကိစ္စတွေပဲ ရှိလာမှာပါ။ ဒီနေရာမှာအပြုသဘောမဆောင်ဘဲ မော်တော်နဲ့လုပ်ငန်းဆောင်ရွက်တဲ့သူတွေ အခက်တွေ့မှာပေါ့လို့ ပြောကြသူတွေရှိမယ်။ ဒီလိုခက်ခဲသွားတာမျိုး ရှိနိုင်ပေမယ့် အများကောင်းကျိုးကို ပိုပြီးလိုလားတဲ့သူတွေပဲ များမှာပါ" ဟု သရက်မြို့တွင် နေထိုင်သည့် ဦးအောင်မြတ်သူက ပြောသည်။

ရောဝတီတံတား (သရက်-အောင်လံ)သည် အရှည် ၂၂၇၂ ဒသမ ၅ မီတာ ရှိမည်ဖြစ်ပြီး တံတားအကျယ် ၁၀ ဒသမ ၅ မီတာ၊ ယာဉ်သွားလမ်းအကျယ် ၉ ဒသမ ၅ မီတာ ရှိသည်။ တံတား၏ ခံနိုင်ဝန်သည် ၇၅ တန် ရှိမည်ဖြစ်သည်။ တံတား၏ ပင်မတံတား အရှည်သည် ၁၇၃၂ ဒသမ ၅ မီတာ ရှိမည်ဖြစ်ကာ သံပေါင်ခုံး တံတားအမျိုးအစားအဖြစ် မီတာအရှည် ၁၄၄ မီတာ ရှိသည့် ခန်းဖွင့် ၁၂ ခန်းဖြင့် တည်ဆောက်မည်ဖြစ်သည်။ တံတား၏ ရေလယ်တိုင်အုတ်မြစ်များကိုမူ သံကူကွန်ကရစ်ဘိုးပိုင်များဖြင့် တည်ဆောက်ထားကြောင်း တံတားဦးစီးဌာနမှ သိရသည်။

ရောဝတီတံတား (သရက် - အောင်လံ) တည်ဆောက်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့ (၃) မှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)က "တံတားတည်ဆောက်ရေးဆိုတာ အဖွဲ့လိုက်အင်နဲ့အားနဲ့ ဆောင်ရွက်ရပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီတံတားကြီးတည်ဆောက်ရာမှာ နေ့နဲ့ည အဆိုင်းအလိုက် တည်ဆောက်ရေးအပိုင်း၊ လျှပ်စစ်အပိုင်း၊ ယန္တရားအပိုင်း၊ ရေသန့်အပိုင်းစသည်ဖြင့်တာဝန်ယူဆောင်ရွက်ရပါတယ်။ တံတားတည်ဆောက်တဲ့အခါ အရည်အသွေးစစ်ဆေး ထိန်းသိမ်းမှု၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းမှုဒါတွေကိုလည်း သတ်မှတ်ထားတဲ့အတိုင်း ဆောင်ရွက်ရပါတယ်" ဟု ပြောပြသည်။



လုပ်ငန်းအရည်အသွေး စစ်ဆေးနေမှုကို တွေ့ရစဉ်။

တံတားများ တည်ဆောက်ရာတွင် Quality Management System ဖြင့် အရည်အသွေး စံချိန်စံညွှန်းများ သတ်မှတ်ထားရှိကြောင်း တံတားဦးစီးဌာနမှ သိရသည်။

အချုပ်အားဖြင့်ဆိုရလျှင် တံတားဦးစီးဌာနအနေဖြင့်မကွေးတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ကူးတံတားများအနေဖြင့် ဧရာဝတီတံတား(ပခုက္ကူ)၊ အနော်ရထာ တံတား(ချောက်)၊ ဧရာဝတီတံတား(မကွေး)နှင့် ဧရာဝတီတံတား(မလွန်) တို့ကို တည်ဆောက်ပေးခဲ့ကာ ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ခဲ့သည်။ ယခု တည်ဆောက်ဆဲဖြစ်သည့် ဧရာဝတီတံတား(သရက်-အောင်လံ)သည် မကွေးတိုင်းဒေသကြီးအတွင်းမှ ငါးစင်းမြောက် ဧရာဝတီမြစ်ကူးတံတားဖြစ်ပြီး တံတားကြီး ပြီးစီးသွားပါက ဒေသတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို များစွာ အထောက်အကူပြုမည် ဖြစ်ပါကြောင်း တင်ပြရေးသားလိုက်ရပါသည်။ ။

# သီးနှံ ၇၆ မျိုး၏ မျိုးကွဲ ၁၃၂၀ နှင့် မိဘမျိုးလိုင်း ၁၆၈ လိုင်း စုစုပေါင်း ၁၄၈၈ မျိုးကို သီးနှံမျိုးသစ်အသိအမှတ်ပြု လက်မှတ်ထုတ်ပေးထား

**နေပြည်တော် မတ် ၃၀**

မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ၏ (၂၁) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းတွင် ကျင်းပသည်။



အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးက ပြည်တွင်းစားနပ်ရိက္ခာဖူလုံပိုလျှံရေးနှင့် လယ်ယာထွက် ပြည်ပပို့ကုန်ကဏ္ဍတိုးမြှင့်ရေးအတွက် ဆန်စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံနှင့် စက်မှုကုန်ကြမ်းသီးနှံများအပါအဝင် စီးပွားရေးတွက်ခြေကိုက်ပြီး အရည်အသွေးကောင်းသည့် သီးနှံများ တိုးတက်စိုက်ပျိုး ထုတ်လုပ်နိုင်ရန် အရည်အသွေးပြည့်ဝသော မျိုးကောင်းမျိုးသန့် မျိုးစေ့များ ဖူလုံစွာအသုံးပြုနိုင်ရေးအတွက် အစိုးရအပိုင်းက မျိုးသစ်ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများကို ဥပဒေများနှင့်အညီ စိစစ်ထိန်းကျောင်းခြင်းအပြင် မျိုးစေ့ကဏ္ဍဖွံ့ဖြိုးရေးအတွက် ဘက်စုံကဏ္ဍစုံမှ ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ မျိုးစေ့ဆိုင်ရာပုဂ္ဂလိကနှင့် တောင်သူများအနေဖြင့်လည်း တည်ဆဲဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီဝင်များ စုံညီစွာ တက်ရောက်ခဲ့ကြပြီး အစည်းအဝေးတွင် ပုဂ္ဂလိကကုမ္ပဏီများက တင်ပြလာသည့် သီးနှံမျိုးသစ် အသိအမှတ်ပြုလက်မှတ်လျှောက်ထားလာမှုများကို အတည်ပြုပေးနိုင်ရေး ဆွေးနွေးဆောင်ရွက်ခဲ့ကြသည်။

ကုမ္ပဏီ၊ ဌာန၊ အဖွဲ့အစည်းများ၏ တင်ပြလာသော သီးနှံမျိုးသစ် အသိအမှတ်ပြုလက်မှတ်ရရှိရေး တင်ပြလျှောက်ထားလာမှုများကို သက်ဆိုင်ရာ ပညာရှင်အစုအဖွဲ့များက စိစစ်ပြီး သီးနှံမျိုးစေ့ဆိုင်ရာ နည်းပညာကော်မတီမှတစ်ဆင့် ထောက်ခံတင်ပြလာသော ကိစ္စရပ်များကို မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ (NSC) အစည်းအဝေးများတွင် ဆွေးနွေးစိစစ်ပြီး သီးနှံမျိုးသစ်အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးခဲ့ရာ အကြိမ်(၂၀)မြောက် အစည်းအဝေးအထိ သီးနှံ ၇၆ မျိုး၏ မျိုးကွဲ ၁၃၂၀ နှင့် မိဘမျိုးလိုင်း ၁၆၈ လိုင်း၊ စုစုပေါင်း ၁၄၈၈ မျိုးတို့ကို အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယနေ့ကျင်းပသည့် (၂၁) ကြိမ်မြောက် အစည်းအဝေးတွင် သီးနှံသုံးမျိုး၏ မျိုးပြား ၁၂ မျိုးနှင့် အချက်အလက်စာရွက်စာတမ်းများ ပြည့်စုံစွာတင်ပြလာသော သီးနှံ ၁၃ မျိုး၏ မျိုးပြား ၂၈ မျိုး စုစုပေါင်း မျိုးသစ် ၄၀ တို့ကို ထပ်မံစိစစ်ပြီး မျိုးသစ်အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးနိုင်ရေး ဆွေးနွေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ချောမွေ့သောကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းအဖွဲ့၏ ဒုတိယအကြိမ် အစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၃၀**

မြန်မာနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရ နှင့် တရုတ်နိုင်ငံ ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန အာရှရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် Mr. Yang Weiqun တို့ ဦးဆောင်၍ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ချောမွေ့သော ကုန်သွယ်မှုမြှင့်တင်ရေး လုပ်ငန်းအဖွဲ့၏ ဒုတိယအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် Virtual စနစ်ဖြင့် ကျင်းပသည်။



အစည်းအဝေးတွင် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေး၊ ကုန်စည်ရှင်းလင်းရေး၊ အကောက်ခွန် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာ့လယ်ယာထွက်ကုန်များ၊ သစ်သီးဝလံများ၊ ရေထွက်ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေး၊ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ဆောင်ရွက်လျက်ရှိသည့် SPS ဆိုင်ရာ သဘောတူစာချုပ်များ လက်မှတ်ရေးထိုးနိုင်ရေးနှင့် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ဘဏ်လုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုများ ပိုမိုလျင်မြန်ချောမွေ့စေရေးဆိုင်ရာကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်သွားရန် ဆွေးနွေးကြသည်။

ထို့အပြင် ကပ်ရောဂါကာကွယ်တားဆီးရေး လုပ်ငန်းများ၊ နယ်စပ်ဒေသများတွင် ဘိန်းအစားထိုးသီးနှံနှင့် ပတ်သက်၍ နှစ်နိုင်ငံအကြား ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ တရုတ်-မြန်မာ နှစ်နိုင်ငံအကြား ကုန်သွယ်မှု တိုးမြှင့်နိုင်ရေးအတွက် ကုန်စည်ပြပွဲများတွင် ပါဝင်ကျင်းပနိုင်ရေးနှင့် Transit Trade ဆိုင်ရာ ကိစ္စရပ်များကို အသေးစိတ်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံဘက်မှ သက်ဆိုင်ရာဌာနများ၊ အသင်းအဖွဲ့များ၊ ပေကျင်း၊ ကူမင်း၊ နန်နင်းမြို့တို့ရှိ မြန်မာ စီးပွားရေးသံမှူးများ ပါဝင်သော ကိုယ်စားလှယ်များ၊ တရုတ်နိုင်ငံဘက်မှ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အာရှရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Yang Weiqun နှင့် တရုတ်နိုင်ငံ GACC ဌာန ယူနန်ပြည်နယ်ကုန်သွယ်ရေးဌာနနှင့် ရန်ကုန်မြို့ရှိ တရုတ်နိုင်ငံသံရုံးမှ စီးပွားရေးသံမှူး Mr. Tan Shufu နှင့် ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့တော်မဟာသင်္ကြန်မဏ္ဍပ်တွင် ပြိုင်ပွဲဝင်ရန် ယိမ်းအဖွဲ့များ ဧပြီ ၄ ရက်အထိ စာရင်းပေးသွင်း လျှောက်လွှာတင်သွင်းနိုင်

**ရန်ကုန် မတ် ၃၀**

မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ် မဟာသင်္ကြန်ရေသဘင်ပွဲတော် ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ်၌ ယိမ်းအကပြိုင်ပွဲများကို ယခင်နှစ်များနည်းတူ ကျင်းပမည်ဖြစ်ရာ ယိမ်းပြိုင်ပွဲများကို ၁၂ ဦး ယိမ်း (မူကြိုကျောင်းများ)၊ ၁၂ ဦး ယိမ်း (ကျောင်းများ)၊ ၁၂ ဦးယိမ်း (ရုံး/အခြားဌာနများ)၊ ၁၆ ဦး ယိမ်း(ကျောင်းများ)၊ ၁၆ ဦး ယိမ်း( ရုံး/အခြားဌာနများ)၊ ဦး ၂၀ ယိမ်း(အလွတ်တန်း)၊ ၁၂ ဦး ယိမ်း (ကျား) (အလွတ်တန်း)၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကများ အပါအဝင် ကျင်းပပေးမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်မည့် အသင်းများသည် ရုံးချိန်အတွင်း ဗိုလ်တထောင်မြို့နယ် ၄၆ လမ်း (၁၂)ထပ်ခွဲရုံး (၁၀)လွှာရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေစီးရေလာစီမံခန့်ခွဲမှု)တွင် မတ် ၃၁ ရက် အစား ဧပြီ ၄ ရက် နောက်ဆုံးထားပြီး စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

အသေးစိတ်သိလိုသော အချက်အလက်များကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေစီးရေလာစီမံခန့်ခွဲမှု)သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဒုတိယဥက္ကဋ္ဌ၊ အကဲဖြတ်လုပ်ငန်းဆပ်ကော်မတီ ၀၉-၅၁၀၃၂၈၇၊ အတွင်းရေးမှူး၊ အကဲဖြတ်လုပ်ငန်းဆပ်ကော်မတီ ၀၉-၅၀၂၇၉၉၀၊ အကဲဖြတ်လုပ်ငန်းဆပ်ကော်မတီ ရုံးအဖွဲ့ ၀၁-၂၀၁၄၅၉ လိုင်းခွဲ(၂၈၂)၊ (၂၈၆) သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**


ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက်
ဒို့ကျေးရွာ ဂျာနယ်
ထွက်ရှိ



၁- ၄-၂၀၂၂ ရက်နေ့ထုတ် အတွဲ(၁၉)၊ အမှတ်(၇)တွင်
- ဈေးကောင်းကောင်းရစေသော အထွက်ကောင်း နှမ်းမျိုးများ
- စားတော်ပဲစိုက်ပျိုးခြင်းနှင့် ကျရောက်တတ်သောရောဂါများ
- တစ်နှစ်ပတ်လုံး ငွေရလွယ်သော ပြောင်းဖူးစိုက်နည်း
- နှစ်ရှည်ပင် ထောပတ်သီးစိုက်ပျိုးနည်း
- ဆိတ်မများ သားပေါက်ကောင်ရေများစေရန် သိထားသင့်သည့်အချက်များ
- မိသားစုစားဝတ်နေရေး အဆင်ပြေသော ဘဲမွေးမြူရေး
- ကျန်းမာရေးအတွက် ဒိန်ချဉ်တစ်ခွက်
- ဇီတာမင်အေ ချို့တဲ့ခြင်း အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ပါသည်။

တစ်စောင် (၂၀၀) ကျပ်
အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။
DKY Journal


## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် မတ် ၃၀**

နေပြည်တော်၊ရန်ကုန်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာများအား ဘဏ္ဍာရေးဆိုင်ရာ အကူအညီပေးအပ်နိုင်ရေးအတွက် ကိုဗစ်-၁၉ ရန်ပုံငွေမှ ပထမအသုတ် ချေးငွေခွင့်ပြုပေးရန် စိစစ်အတည်ပြုသည့် ကုမ္ပဏီ/ လုပ်ငန်းများ

*ယမန်နေ့မှအဆက်*

| စဉ် | ကုမ္ပဏီ/ လုပ်ငန်း အမည် | လိပ်စာ |
|---|---|---|
| ၇၀၂ | စန်းမေတ္တာ | အမှတ်(၄၄)၊ ရွှေမြိုင်သီရိ (၁) လမ်း၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ် |
| ၇၀၃ | မြတ်နိုး မင်္ဂလာဆိုင်း | အမှတ် (၃၉)၊ ငြိမ်းချမ်းအေးလမ်း၊ သုခဝတီရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ် |
| ၇၀၄ | ရွှေကံစည် | အမှတ် (၃၆၄)၊ နဝရတ် (၃) လမ်း၊ ဇေယျာချမ်းမြေ့၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ် |
| ၇၀၅ | ရွှေကမ္ဘာ ဇာတ်သဘင် | အမှတ် (၃၂၆)၊ ကျောက်စိမ်း (၃) လမ်း၊ ဇေယျာချမ်းမြေ့ရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ် |
| ၇၀၆ | နန်းသပြေ | အမှတ် (၇)၊ အောင်မင်္ဂလာလမ်း၊ ရွှေမြိုင်သီရိရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ် |
| ၇၀၇ | အောင်မြန်မာ ဇာတ်သဘင် | သီတာလမ်း မြောက်ပိုင်း၊ ကျိုက်ထိုမြို့၊ မွန်ပြည်နယ် |
| ၇၀၈ | ကျော်သီမန်-ဇာတ်သဘင် | အမှတ် (၈၇)၊ နှင်းဆီလမ်း၊ ကြံခိုင်ရေးရပ်ကွက်၊ သံဖြူဇရပ်မြို့နယ်၊ မွန်ပြည်နယ် |
| ၇၀၉ | ချမ်းသစ္စာ ဇာတ်သဘင် | မြိုင်သာယာ (၁၇) လမ်း၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ် |
| ၇၁၀ | စွမ်းအားသစ် လူငယ် ဇာတ်သဘင် | အမှတ် (၁၁၅)၊ မျှော်လင့် (၁) ရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ် |
| ၇၁၁ | ပွင့်နေခြည် ဇာတ်သဘင် | အမှတ် (၃၃၂)၊ (၃) လမ်း၊ မုပွန်မြို့သစ်၊ မွန်ပြည်နယ် |
| ၇၁၂ | သဘာဝ (မွန်) ဇာတ်သဘင် | ဝယ်သွန်းချောင်ကျေးရွာ၊ သံဖြူဇရပ်မြို့၊ မွန်ပြည်နယ် |
| ၇၁၃ | ပန်ထွာရွှေမြိုင်ချစ် | အမှတ် (၇၇၀)၊ (၁၆) လမ်း၊ သီရိမင်္ဂလာမြို့သစ်၊ မွန်ပြည်နယ် |
| ၇၁၄ | ပြည်ချစ်ရတနာ ဇာတ်သဘင် | အမှတ် (၂၀၇၉)၊ ကန်တော် (၂) လမ်း၊ ဇေယျာ (၂)၊ ဇေယျာသီရိရပ်ကွက်၊ မော်လမြိုင်၊ မွန်ပြည်နယ် |
| ၇၁၅ | စွမ်းပြည့် | မြိုင်သီရိ (၃) လမ်း၊ မော်လမြိုင်၊ မွန်ပြည်နယ် |
| ၇၁၆ | စစ်မှန်သော ငြိမ်းချမ်းသော ဇာတ်သဘင် | စင်သီရိလမ်း၊ အင်းဝိုင်းကုန်း ၊ ကန်သာယာရပ်ကွက်၊ ဘီးလင်းမြို့၊ မွန်ပြည်နယ် |
| ၇၁၇ | ပြည့်စုံအောင် မင်္ဂလာဆိုင်း | (၆) ရပ်ကွက်၊ ဒေါင်းဥကျေးရွာ၊ချောင်းဆုံမြို့နယ်၊ မွန်ပြည်နယ် |
| ၇၁၈ | ရွှေနန်းတော် မင်္ဂလာရွှေဆိုင်း | အမှတ် (၃၈)၊ ရွှေမြိုင်သီရိ (၄) လမ်း၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ် |
| ၇၁၉ | စိန်ခင်ဝင်း မင်္ဂလာဆိုင်း | အမှတ် (၃၁၃)၊ သီရိမင်္ဂလာ (၉) လမ်း၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ် |
| ၇၂၀ | ရတနာမွန်မင်္ဂလာဆိုင်း | အမှတ်(၂၃) ရွှေမြိုင်သီရိ (၂) လမ်း၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ် |
| ၇၂၁ | လင်းလက်စံ | မူးရစ်ကလေးကျေးရွာ၊ ချောင်းဆုံမြို့နယ်၊ မွန်ပြည်နယ် |
| ၇၂၂ | မိသားစုဆိုင်း (ဦးမြင့်အေး) | မြောက်ပိုင်းရပ်ကွက်၊ (၃) လမ်း၊ ကျိုက်ထိုမြို့၊ မွန်ပြည်နယ် |
| ၇၂၃ | ကိုကြီးကျော် မင်္ဂလာဆိုင်း | အမှတ် (၂၉/ င)၊ ပန်းပဲတန်းရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ် |
| ၇၂၄ | ဦးသန့်ဇင်ဝင်း (သန့်ဇင် မင်္ဂလာဆိုင်း) | အမှတ် (၁၀)၊ ပတ္တမြားရပ်ကွက်၊ ချောက်မြို့၊ မကွေးတိုင်းဒေသကြီး |
| ၇၂၅ | ဒေါ်အေးသီရီဇော် (ဒါလီစိန် ပဒေသာအငြိမ့်) | အမှတ် (၃) ရပ်ကွက်၊ ပခုက္ကူမြို့နယ်၊ မကွေးတိုင်းဒေသကြီး |
| ၇၂၆ | ဦးတင်ငွေ (အကောင်းဆုံး တစ်ကိုယ်တော် အငြိမ့်) | သီတာလမ်း၊ အမှတ် (၂) ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး |
| ၇၂၇ | ဒေါ်အုံးကြည် (ချိုသာစွာ အငြိမ့်) | ရုပ်စုံကျောင်းလမ်း၊ အမှတ် (၂) ရပ်ကွက်၊ ပခုက္ကူမြို့နယ်၊ မကွေးတိုင်းဒေသကြီး |
| ၇၂၈ | ဦးညွန့်ရင် (ရွှေစင်ကြယ် အငြိမ့်) | မတ်တစ်ထောင်ကျောင်းလမ်း၊ အမှတ်(၃)ရပ်ကွက်၊ ပခုက္ကူမြို့နယ်၊ မကွေးတိုင်းဒေသကြီး |
| ၇၂၉ | ဒေါ်စန်းစန်းအေး (ခ) စိမ်းကလျာ (ကလျာဦး အငြိမ့်) | သီတာလမ်း၊ ရွာသစ်၊ အမှတ် (၃) ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး |
| ၇၃၀ | ဒေါ်အိဖြိုးသိမ့် (မိုးသိင်္ဂီ အငြိမ့်) | ရွှေကြက်ယက်လမ်း၊ ရွာသစ်၊ အမှတ် (၃) ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး |
| ၇၃၁ | ဦးမောင်စန်း (ပန်တျာ ဘဲလေးကြည် အငြိမ့်) | ဆံရှည်ကိုယ်တော်လမ်း၊ အမှတ် (၃) ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး |
| ၇၃၂ | ဒေါ်မြင့်ရီသန်း (ပန်မျက်ချယ် အငြိမ့်) | ရုပ်စုံကျောင်းလမ်း၊ စွန်သိုက်၊ အမှတ် (၂) ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး |
| ၇၃၃ | ဒေါ်သီတာအေး (သီတာအေး အငြိမ့်) | အမှတ် (၃) ရပ်ကွက်၊ ပခုက္ကူမြို့နယ်၊ မကွေးတိုင်းဒေသကြီး |
| ၇၃၄ | ဒေါ်လွဲ့လွဲ့ခိုင် (နုယဉ်ကျေး အငြိမ့်) | စာရေးတန်းလမ်း၊ စွန်သိုက်၊ အမှတ် (၂) ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး |
| ၇၃၅ | ဒေါ်ချောပို (လှစန္ဒီ အငြိမ့်) | မတ်တစ်ထောင်ကျောင်းလမ်း၊ ရွာသစ်၊ အမှတ် (၃) ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး |
| ၇၃၆ | ဒေါ်တင်မာစန်း (နန်းအိလှိုင် အငြိမ့်) | ရွှေမြင်တင်လမ်း၊ ဒေါင်းလှ၊ အမှတ် (၃) ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး |
| ၇၃၇ | ဒေါ်ဟန်မြင့်အေး (ရွှေနှင်းဆီ အငြိမ့်) | ရွှေကန်သာ၊ အမှတ် (၃) ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး |
| ၇၃၈ | ဦးသန်းဝင်း (ပါဝါ စန်းမြင့်သူ မင်္ဂလာဆိုင်း) | တမာလမ်း၊ မြကန်သာ၊ အမှတ် (၁၅) ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး |
| ၇၃၉ | ဦးစိန်ဗေဒါ (စွမ်းထက် မင်္ဂလာဆိုင်း) | အမှတ် (၁၅)၊ တိုးချဲ့ရပ်ကွက်၊ ချောက်မြို့၊ မကွေးတိုင်းဒေသကြီး |
| ၇၄၀ | ဦးတင်ဆွေအေး (နိုင်သူအောင် မင်္ဂလာဆိုင်း) | လက်ပြ- အမှတ် (၂) ရပ်ကွက်၊ ကမ္မမြို့၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး |
| ၇၄၁ | ဦးကျော်လင်းလိုင် (ဗိုလ်စတင်း မင်္ဂလာဆိုင်း) | အမှတ် (၈) နယ်မြေ၊ ကွက်သစ်အနောက်၊ ချောက်မြို့၊ မကွေးတိုင်းဒေသကြီး |
| ၇၄၂ | ဦးမြင့်ဦး (ရွှေအားမာန် ဇာတ်သဘင်) | ရွှေပုံတောင်ရပ်၊ ချောက်မြို့၊ မကွေးတိုင်းဒေသကြီး |
| ၇၄၃ | ဦးမြင့်လွင် (ပွဲစည်အောင် ဇာတ်ပွဲ) | အမှတ် (၁၄) နယ်မြေ၊ စစ်ကွင်းရပ်၊ ချောက်မြို့၊ မကွေးတိုင်းဒေသကြီး |
| ၇၄၄ | ဦးမျိုးမြင့်အောင် (ပြည်ချစ် ဇာတ်သဘင်) | အမှတ် (၁၄) နယ်မြေ၊ စစ်ကွင်းရပ်၊ ချောက်မြို့၊ မကွေးတိုင်းဒေသကြီး |
| ၇၄၅ | ဦးထွေးအောင် (ခ) စိန်နန်း (စိန်ရတု ဇာတ်သဘင်) | အမှတ် (၁၅) ရတနာအိုင်ရပ်၊ ချောက်မြို့၊ မကွေးတိုင်းဒေသကြီး |
| ၇၄၆ | ဦးဇင်ကိုဝင်း  မင်္ဂလာဆိုင်း | အနောက်ပိုင်းရပ်ကွက်၊ ပွင့်ဖြူမြို့၊ မကွေးတိုင်းဒေသကြီး |
| ၇၄၇ | ဦးချစ်တင် (လူငယ်အားမာန် မင်္ဂလာဆိုင်း) | အောင်သီရိရပ်ကွက်၊ အနောက်ရပ်တောင်ပိုင်း၊ သရက်မြို့၊ မကွေးတိုင်းဒေသကြီး |
| ၇၄၈ | ဦးနေဝင်း (ကိုကိုနိုင် နတ်ဆိုင်း) | ကန်တော်လေးရပ်၊ ရွာသစ်ရပ်ကွက်၊ ရေနံချောင်းမြို့၊ မကွေးတိုင်းဒေသကြီး |
| ၇၄၉ | ဦးကျော်ဇင်ဦး (ကျော်ပိုင် မင်္ဂလာဆိုင်း) | အင်တောအုပ်စု၊ လယ်ကျန်းရိုးရွာ၊ ရေနံချောင်းမြို့၊ မကွေးတိုင်းဒေသကြီး |
| ၇၅၀ | ဦးဝင်းမြင့်ဦး (ခိုင်ထူး မင်္ဂလာဆိုင်း) | အင်တောအုပ်စု၊ လယ်ကျန်းရိုးရွာ၊ ရေနံချောင်းမြို့၊ မကွေးတိုင်းဒေသကြီး |
| ၇၅၁ | ဦးအောင်ကျော်ဆင့် (အောင်ကျော်ဆင့် မင်္ဂလာဆိုင်း) | သစ်မြင်တော်ကျေးရွာ၊ ချိုင်းအုပ်စု၊ ရေနံချောင်းမြို့၊ မကွေးတိုင်းဒေသကြီး |
| ၇၅၂ | ရေနံသာမောင်စန်းသား ဖွဲ့ဟိန်းကို မင်္ဂလာဆိုင်း | မြို့မမြောက်ရပ်၊ ရေနံချောင်းမြို့၊ မကွေးတိုင်းဒေသကြီး |
| ၇၅၃ | ဦးဝင်းစိုး  (အားသစ်စံ ဇာတ်သဘင်) | မြေနုကျေးရွာ၊ စလင်းမြို့နယ်၊ မကွေးတိုင်းဒေသကြီး |
| ၇၅၄ | ဒေါ်ဝင်းဝင်းတင် (ကန္နားစီးဒေဝါ) | ပုဏ္ဏားကုန်း၊ မြို့မမြောက်၊ ရေနံချောင်းမြို့၊ မကွေးတိုင်းဒေသကြီး |
| ၇၅၅ | ဦးအေးညို (မြမင်းဗိုလ် မင်္ဂလာဆိုင်း) | ရုံးပင်ကန်ရွာ၊ စလင်းမြို့နယ်၊ မကွေးတိုင်းဒေသကြီး |
| ၇၅၆ | ဦးအောင်လှိုင်ဝင်း မင်္ဂလာဆိုင်း | မြောက်ချောင်းဖြူကျေးရွာ၊ စလင်းမြို့နယ်၊ မကွေးတိုင်းဒေသကြီး |
| ၇၅၇ | ဦးစိုးလင်းအောင် (ညီစိုးလင်းအောင် မင်္ဂလာဆိုင်း) | စွန်းကျွန်းညိုရွာ၊ ဆင်ဖြူကျွန်းမြို့၊ စလင်းမြို့နယ်၊ မကွေးတိုင်းဒေသကြီး |
| ၇၅၈ | ဦးညွန့်လွင် (ရှိုင်းဗိုလ်ဗိုလ် မင်္ဂလာဆိုင်း) | လူဝံကျွန်းရွာ၊ စလင်းမြို့နယ်၊ မကွေးတိုင်းဒေသကြီး |
| ၇၅၉ | ဦးခင်စိုး နတ်ဆရာ ပစ်တိုင်းထောင် (ဂျက်မ ကန္နားစီး) | အမှတ် (၂) ရပ်ကွက်၊ ပွဲသာလမ်း၊ မင်းတုန်းမြို့၊ မကွေးတိုင်းဒေသကြီး |
| ၇၆၀ | ဦးဝင်းရွှေ (နိုင်လင်းဗိုလ် မင်္ဂလာဆိုင်း) | တည်ဘိုကန်ရွာ၊ စလင်းမြို့နယ်၊ မကွေးတိုင်းဒေသကြီး |
| ၇၆၁ | ဦးခင်မောင်သန်း (ခင်မာစန်း ကန္နားစီးဒေဝါ) | ဖောင်းကတောတောင်ရွာ၊ ရေနံချောင်းမြို့နယ်၊ မကွေးတိုင်းဒေသကြီး |
| ၇၆၂ | ဦးအာကာဦး  ကန္နားစီးဒေဝါ | မြို့မမြောက်ရပ်၊ သပြေ (၁)၊ ရေနံချောင်းမြို့၊ မကွေးတိုင်းဒေသကြီး |
| ၇၆၃ | ဦးကျော်သူဝင်း (အောင်ဇေကျော် ဇာတ်ပွဲ) | မြေနုကျေးရွာ၊ စလင်းမြို့နယ်၊ မကွေးတိုင်းဒေသကြီး |
| ၇၆၄ | ဦးမောင်ကို (အောင်သရဖူ မင်္ဂလာဆိုင်း) | မြောက်ချောင်းဖြူကျေးရွာ၊ စလင်းမြို့နယ်၊ မကွေးတိုင်းဒေသကြီး |
| ၇၆၅ | ဦးအောင်ပြည့်စုံ (အောင်ပြည်စုံ ကန္နားစီး) | ပြည်တော်အေးရပ်ကွက်၊ မြို့ပတ်လမ်း၊ သရက်မြို့၊ မကွေးတိုင်းဒေသကြီး |
| ၇၆၆ | ဒေါ်မူမူ (ဒေါ်မူမူ ကန္နားစီး) | မြေနီခင်တောင်၊ ရေနံချောင်းမြို့၊ မကွေးတိုင်းဒေသကြီး |
| ၇၆၇ | ဦးကျော်ဆန်း ကန္နားစီး | စည်ပင်သာရပ်၊ ရေနံချောင်းမြို့၊ မကွေးတိုင်းဒေသကြီး |
| ၇၆၈ | ဒေါ်ယဉ်ကြည် ကန္နားစီး | အနောက်ရပ်မြောက်ပိုင်း၊ ချင်းကျောင်းလမ်း၊ သရက်မြို့၊ မကွေးတိုင်းဒေသကြီး |
| ၇၆၉ | ဦးတင်ဝင်း (စိန်တင်ဝင်း မင်္ဂလာဆိုင်း) | မကြီးရကျေးရွာ၊ ပွင့်ဖြူမြို့နယ်၊ မကွေးတိုင်းဒေသကြီး |
| ၇၇၀ | ဦးရန်နိုင်ဖြိုး (နိုင်မင်းဗိုလ် မင်္ဂလာဆိုင်း) | မြို့မတောင်ရပ်၊ ရေနံချောင်းမြို့၊ မကွေးတိုင်းဒေသကြီး |
| ၇၇၁ | ဦးခိုင်ထူး (ဗိုလ်ဗိုလ်ခိုင် မင်္ဂလာဆိုင်း) | ကက္ကိုဂွရွာ၊ ရေနံချောင်းမြို့နယ်၊ မကွေးတိုင်းဒေသကြီး |
| ၇၇၂ | ဦးသိန်းလှိုင် (မြဇော်ဗိုလ်မင်္ဂလာဆိုင်း) | ဝက်မစွတ်ကျေးရွာ၊ ရေနံချောင်းမြို့နယ်၊ မကွေးတိုင်းဒေသကြီး |
| ၇၇၃ | ဦးမြရွှေ (ဖွဲ့ထက်၊ ယဉ်မောင်မောင် မင်္ဂလာဆိုင်း) | ရန်ကင်း၊ အမှတ် (၈) ရပ်ကွက်၊ ကမ္မမြို့၊ ပခုက္ကူမြို့နယ်၊ မကွေးတိုင်းဒေသကြီး |
| ၇၇၄ | ငြိမ်းချမ်းသော် မင်္ဂလာဆိုင်း | စာရေးတန်းလမ်း၊ အမှတ် (၂၀) ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး |
| ၇၇၅ | မြမင်းအောင် မင်္ဂလာဆိုင်း | အမှတ် (၁၃)၊ တောင်ရပ်အရှေ့၊ ချောက်မြို့၊ မကွေးတိုင်းဒေသကြီး |
| ၇၇၆ | IRON FINGER  MUSIC BAND | အိမ်အမှတ် (၇၆)၊ အမှတ် (၆) အောင်မြေ၊ ချောက်မြို့၊ မကွေးတိုင်းဒေသကြီး |
| ၇၇၇ | ဆန်းဝင်းအောင် ကန္နားစီးဒေဝါ | ပြည်တော်အေးရပ်ကွက်၊ ဦးပုကြီးလမ်း၊ သရက်မြို့၊ မကွေးတိုင်းဒေသကြီး |
| ၇၇၈ | သန်းစိုးအောင် ကန္နားစီးဒေဝါ | အနောက်ရပ်၊ မြောက်ပိုင်းရပ်ကွက်၊ လမ်းသစ်လမ်း၊ သရက်မြို့၊ မကွေးတိုင်းဒေသကြီး |
| ၇၇၉ | အောင်မြန်မာ မင်္ဂလာဆိုင်း | လေးတိုင်စင်ရွာ၊ သရက်မြို့နယ်၊ မကွေးတိုင်းဒေသကြီး |
| ၇၈၀ | အောင်ညီအစ်ကို မင်္ဂလာဆိုင်း | လေးတိုင်စင်ရွာ၊ သရက်မြို့နယ်၊ မကွေးတိုင်းဒေသကြီး |

*(ဆက်လက်ဖော်ပြပါမည်)*

# နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာရေး အဓိကဖြစ်

မကွေး မတ် ၃၀

**နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံအတွင်း ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ တိုးပွားများပြားလာရေးမှာ အဓိကဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၃/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးတွင် ပြောကြားသည်။**

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ မတ် ၂၉ ရက်က ကျင်းပသည့် အဆိုပါ အစည်းအဝေးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မကွေးတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ရန် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များကို တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနက လိုအပ်သည်များကို ဆွေးနွေးအကြံပြုခြင်း၊ လျှောက်လွှာလက်ခံခြင်း၊ စိစစ်ပြီးအတည်ပြုခြင်းတို့ကို အနီးစပ်ဆုံး ရင်းနှီးမြှုပ်နှံမှုကော်မတီအစည်းအဝေးတွင် တင်ပြဆုံးဖြတ်ချက်ရယူခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် ဌာနများ၏ လုပ်ငန်းစဉ်အပေါ် ကြာမြင့်ချိန်ခန့်မှန်းသိရှိနိုင်ပါက ၎င်းတို့အတွက် လုပ်ငန်းစဉ်ပြီးမည့်ကာလကို တွက်ချက်နိုင်ပြီး အချိန်ကုန်သက်သာစွာ ဆောင်ရွက်လာနိုင်ခြင်းဖြင့် သက်ဆိုင်ရာဌာနများအပေါ် ပိုမိုအားကိုးလာအောင် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။ (ယာပုံ)

မကွေးတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်လိုသည့် လုပ်ငန်းရှင်များအနေဖြင့် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ မကွေးမြို့နယ် စုပေါင်းရုံး (ဒုတိယထပ်) ပြည်တော်သာ ၁ လမ်း ပြည်တော်သာရပ်ကွက် မကွေးမြို့ ဖုန်း- ၀၆၃၂၀၂၈၇၄၈ သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

**မောင်ညီညာ**



# ကွန်ပျူတာတက္ကသိုလ်(ဟသ်ာတ) (၁၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပ



**ဟသ်ာတ မတ် ၃၀**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်၌ ကွန်ပျူတာတက္ကသိုလ်(ဟသ်ာတ)၏ (၁၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက အဆိုပါကျောင်း ရွှေဝါထွန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က ဘွဲ့ယူမည့် မောင်မယ်များအား အွန်လိုင်းစနစ်ဖြင့် ဂုဏ်ပြုအမှာစကားပြောကြားသည်။

ယနေ့ ကျင်းပပြုလုပ်သော ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ကွန်ပျူတာသိပ္ပံဘွဲ့ (B.C.Sc.) ဘွဲ့ ရရှိခဲ့ကြသော ကျောင်းသားကျောင်းသူ ၁၇ ဦးတို့ အား ကွန်ပျူတာတက္ကသိုလ်(ဟသ်ာတ) ဒုတိယပါမောက္ခချုပ် ဒေါက်တာထွန်းမြတ်အောင်က ဘွဲ့လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။ (ဝဲပုံ)

အဆိုပါ ဘွဲ့နှင်းသဘင် အခမ်းအနားသို့ ကွန်ပျူတာတက္ကသိုလ်(ဟသ်ာတ)မှ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခဌာနမှူးများ၊ ဝန်ထမ်းများ၊ ဘွဲ့ရမောင်မယ်များ၊ မိဘဆွေမျိုးများ တက်ရောက်ကြောင်း သိရသည်။

**ကိုဇော်(ဟသ်ာတ)**

## သုတဝေဖြာသိုရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ်၊ လူရွှင်တော်အသင်းနှင့် ကိုလူချောအဖွဲ့တို့မှ မိသားစုများ ပါဝင်ယှဉ်ပြိုင်မည်

**နေပြည်တော် မတ် ၃၀**

သုတဝေဖြာသိုရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ်(၆၀)ကို ဧပြီ ၁ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာပေးအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ စိုးသီဟနှင့် J နောတို့က တင်ဆက်ကြမည်ဖြစ်ပြီး လူရွှင်တော်အသင်းနှင့် ကိုလူချောတို့အဖွဲ့မှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဧပြီ ၁၊ ၂၊ ၃ ရက်များတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV HDမှ ညနေ ၆ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**







## “ပြည်ထောင်စုဖလား ညီနောင်များအငြိမ့်”ဖျော်ဖြေပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် မတ် ၃၀**

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ **“ပြည်ထောင်စုဖလား ညီနောင်များအငြိမ့်”** ဖျော်ဖြေပွဲကို ဧပြီ ၂ ရက် (စနေနေ့) ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းဖျော်ဖြေမှုကို လူရွှင်တော် ဒိန်းဒေါင်က စီစဉ်ပြီး ဟာသမင်္ဂလာရွှေဆိုင်းတော်အဖွဲ့၏ တီးခတ်မှုနှင့်အတူ ခေါင်းဆောင်မင်းသမီး နေခြည်ငြိမ်းချမ်း၊ ရှေ့ထွက်မင်းသမီး ဖူးကေရီဆောင်း၊ လူရွှင်တော်များဖြစ်ကြသည့် ဖြိုးကျော်၊ ပေါက်ကျော်၊ ရွှေကျား၊ ရွှေကောင်း၊ ဖြိုးကြွယ်နှင့် ကော်ဖီတို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို ဧပြီ ၃ ရက် (တနင်္ဂနွေနေ့) မွန်းလွဲပိုင်း National News အင်္ဂလိပ်ဘာသာ သတင်းအစီအစဉ်အပြီးတွင် ဒုတိယအကြိမ် ထပ်မံ ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## “ပီတောက်လက်ဆောင်” တေးဂီတ ဖျော်ဖြေပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် မတ် ၃၀**

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဖျော်ဖြေရေး အစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ **“ပီတောက်လက်ဆောင်”** တေးဂီတဖျော်ဖြေပွဲကို ဧပြီ ၁ ရက် (သောကြာနေ့) ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို မြန်မာ့အသံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ တေးသံရှင်များဖြစ်ကြသည့် ဂျင်းနီ၊ ထူးပြည့်အောင်၊ ချိုမီမီဇော်၊ ပိုင်ဆု၊ ပန်တလျှံ၊ စိုးသန်းထွဋ်၊ စျာန်ထူး၊ သွယ်သွယ်သိမ့်နှင့် မင်းသားလေးတို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို ဧပြီ ၃ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

နေပြည်တော် မတ် ၃၀

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား ရေကြောင်း၊ ဆိပ်ကမ်းအသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာစစ်ဆေးထုတ်ပေးလျက်ရှိသည်။ မတ် ၃၀ ရက်၌ ရန်ကုန်ဆိပ်ကမ်းများမှ Operation Microscope Topcon ငါးခု၊ Auto Kerato Refractometer Topcon ငါးခု၊ Slip Lamp Topcon သုံးခု၊ Lens Meter နှစ်ခု၊ Table Stand , Motorised Instrument သုံးခု၊ Medical Devices ၅၈ ခုနှင့် ဆေးဝါးမျိုးစုံ ၂၆ မျိုး စုစုပေါင်း (၂၁၃၂၃၉ ဒသမ ၆၃) KG တို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ
## ကြေညာချက်
### (ရက် စွဲ၊ ၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်)

၁။ ၂၀၂၂ခုနှစ်၊ ဧပြီလ(၁)ရက်နေ့တွင် ကျင်းပမည့် (၃၇) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေ သိန်းဆုဖွင့်ပွဲအတွက် ထီလက်မှတ်များကို **"က"အက္ခရာမှ အစဉ်လိုက်"ည"အက္ခရာအထိ** စုစုပေါင်း အက္ခရာ (၁၀) လုံးတွင် ထီစာအုပ် (၂၉၅၃၆၁) အုပ်ရောင်းချခဲ့ပါသည်။

၂။ ထီလက်မှတ်များရောင်းချရငွေမှာ ကျပ်သန်း (၂၉၅၃.၆၁၀) ဖြစ်သဖြင့် ၇၀ % ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေမှာ ကျပ်သန်း (၂၀၆၇.၅၂၇) ဖြစ်ပါသည်။

၃။ အဆိုပါ ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများနှင့် ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း (၂၅၀) ကို ပြန်လည်ချီးမြှင့် ပေးမည့် ထီဆုငွေတို့မှ အောက်ဖော်ပြပါဆုမဲများ ချီးမြှင့်သွားမည်ဖြစ်ပါသည်-

| | | | | | |
|---|---|---|---|---|---|
| (က) | **အထူးဆုကြီး** | | | | |
| | (၁) | ကျပ်သိန်းငါးထောင် | = | (၁) | ဆု |
| | (၂) | ကျပ်သိန်းတစ်ထောင် | = | (၁) | ဆု |
| (ခ) | **ဆုတစ်ဆုချင်း** | | | | |
| | (၁) | ကျပ်သိန်းငါးရာ | = | (၃) | ဆု |
| | (၂) | ကျပ်သိန်းနှစ်ရာ | = | (၄) | ဆု |
| | (၃) | ကျပ်သိန်းတစ်ရာ | = | (၉) | ဆု |
| | (၄) | ကျပ်သိန်းငါးဆယ် | = | (၉) | ဆု |
| | (၅) | ကျပ်သိန်းနှစ်ဆယ် | = | (၁၁) | ဆု |
| | (၆) | ကျပ်တစ်ဆယ်သိန်း | = | (၁၁) | ဆု |
| (ဂ) | **ဝေဝေဆာဆာပဒေသာဆု** | | | | |
| | (၁) | ကျပ်သုံးသိန်း | = | (၃၀) | ဆု |
| | (၂) | ကျပ်နှစ်သိန်း | = | (၃၀၀) | ဆု |
| | (၃) | ကျပ်တစ်သိန်း | = | (၁၀၀၀၀) | ဆု |
| (ဃ) | **ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း(၂၅၀)မှ ချီးမြှင့်သည့်ဆု** | | | | |
| | (၁) | ကျပ် တစ်ဆယ်သိန်း | = | (၄) | ဆု |
| | (၂) | ကျပ်သုံးသိန်း | = | (၂၀) | ဆု |
| | (၃) | ကျပ်နှစ်သိန်း | = | (၂၀၀) | ဆု |
| | (၄) | ကျပ်တစ်သိန်း | = | (၂၀၀၀) | ဆု |

၄။ ဖော်ပြပါခွဲဝေထားသောဆုမဲအရေအတွက်မှာ ရောင်းရငွေ၏ ၇၀% အပေါ်အခြေခံ၍ ခွဲဝေထားခြင်းဖြစ်ပြီး ထီဖွင့်ပွဲတွင် ဝေဝေဆာဆာပဒေသာဆုမဲစနစ်မှ ရောင်းမကုန်ထီလက်မှတ်နံပါတ်များထွက်ပေါ်လာပါက အဆိုပါဆုမဲ တန်ဖိုးစုစုပေါင်းအား အခြားသင့်လျော်သောဆုမဲများအဖြစ် ဆုတစ်ဆုချင်းစနစ်နှင့် ဝေဝေဆာဆာပဒေသာ ကျပ် ငါး သောင်းဆုမဲများ ပြန်လည်ဖွင့်လှစ်ပေးမည်ဖြစ်သဖြင့် ခွဲဝေထားသောဆုမဲအရေအတွက် အပြောင်းအလဲရှိနိုင်ပါသည်။ ဆုမဲတန်ဖိုးငွေစုစုပေါင်းမှာ ပြောင်းလဲမှုမရှိပါ။

၅။ (၃၇)ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို (၁-၄-၂၀၂၂) ရက်နေ့ (သောကြာနေ့)၊ နံနက်(၈)နာရီအချိန်တွင် အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့်(၃၇)လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေ သိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

---

**ဖခင်အမည်မှန်**

တပ်ကုန်းမြို့၊ အထက(၁) ဒသမတန်း(စနစ်ဟောင်း)မှ မနှင်းရွှေ ဇင်နှင့် သတ္တမတန်း(စနစ်ဟောင်း)မှ မောင်ဖုန်းဟိန်းထက်တို့၏ ဖခင် အမည်မှန်မှာ ဦးညီအောင်စိုး ၉/တကန(နိုင်)၁၈၆၄၉၃ ဖြစ်ပါကြောင်း။

---

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၄၉ယ/၁၁၅၄၃ Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းနိုင်ဦး ၁၄/သပန(နိုင်)၀၁၀၁၄၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

---

## အမြန်ဆက်သွယ်ပါရန်

ဦးငွေဝင်း-ဒေါ်မြင့်စန်းရီတို့၏ သမီး၊ ကျွန်တော် ဦးကိုကိုနိုင်၏ ဇနီးဖြစ်သူ ဒေါ်ထားထားဦး ၁၀/ပမန (နိုင်)၂၁၁၈၇၉သည် ၂၁-၃-၂၀၂၂ ရက် ညနေ ၃:၃၀ နာရီခန့်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်နှင့် လက်ခံထားရှိပါက တရားဥပဒေ အရ ထိရောက်စွာ အရေးယူမည် ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ဦးကိုကိုနိုင် ၇/ပခန(နိုင်)၃၀၄၂၆၅**
**ဖုန်း-၀၉-၉၇၂၈၃၈၆၇၅**

---

Fish Oil 1000mg Softgel Capsule ၏ DRC Original ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါ။

**01-532577 Ext:741**

---

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3I/8166 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9V/44665 ယာဉ် လက်ဝယ်ရှိသူ ဦးလှိုင်မင်းကို ၉/လဝန (နိုင်)၂၁၁၈၁၃၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထား လာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်းအများ သိစေရန် ကြေညာအပ်ပါသည်။

**ကညန(နေပြည်တော်ရုံး)**

---

## ဥတုရာသီ တောကိုမှီ

---

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၄/ရွှေကြာပင်၊ မြေကွက် အမှတ်(၈၉၁)၊ ဧရိယာ(၀ဒသမ၀၈၂)ဧကရှိ ဦးမောင်စိုး အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်မာလာဝင်း (ဘ)ဦးတင်ဝင်း ၉/မနမ(နိုင်)၁၈၉၄၇၅မှ မြေပေးမိန့်၊ နှစ်ဦးသဘောတူအရောင်းအဝယ်စာချုပ်၊စည်ပင်သာယာတရားရုံးကျမ်းကျိန်လွှာ အမှတ်(၉၁၀/၂၀၂၂)နှစ်ဦးသဘောတူ ကတိဝန်ခံချက်၊ လျှောက်ထားသူ၏ ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံ ချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူ များအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီ များ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြ စီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေငှားစာချုပ်သစ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့၊ မြို့ကွက်သစ်ရပ်ကွက်၊ အကွက်အမှတ် (၃၊ မြို့ကွက်သစ်)၊ ဦးပိုင် အမှတ် (C-၆၈)၊ ဧရိယာ ၀ဒသမ၀၉၀ ဧကရှိ မြေအား ပန်းတနော်မြို့၊ အလယ်ပိုင်းရပ်ကွက်၊ ဘုရင့်နောင်လမ်းနေ ဦးကြည်နိုင် ၁၄/ပတန (နိုင်)၁၀၃၃၆၇မှ မြေငှားဂရန်သက်တမ်းတိုးရရှိရေးအတွက် မြေငှားဂရန်စာချုပ်နှင့် အခြားလိုအပ်သည့် စာရွက်စာတမ်း အထောက်အထားများနှင့်အတူ လျှောက်ထားလာ မှုနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူကိုမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း အထောက် အထားခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက် ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့်အညီ မြေငှားဂရန်သက်တမ်းတိုးထုတ်ပေးမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မအူပင်မြို့**

---

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

